
# Your Quest for God

**(Myanmar)**

***Richard A. Bennett***



www.ccim-media.com

# သင် ရှာဖွေတမ်းတလျက်ရှိသော ဘုရားသခင်

## မာတိကာ


| | |
|---|---|
| စကားချီး | ၄ |
| နိဒါန်း | ၆ |
| **အခန်း - ၁** | |
| *ဘုရားသခင်အမှန်တကယ်ရှိပါသလား* | ၁၀ |
| **အခန်း - ၂** | |
| *ယုံလောက်သော ဝိညာဉ်တော်၏လမ်းပြမှုကို သင်ရရှိပြီလား* | ၂၀ |
| **အခန်း - ၃** | |
| *ဘုရားသခင်၏အသွင်အပြင်မည်သို့ ရှိသနည်း* | ၃၈ |
| **အခန်း - ၄** | |
| *လူများကို မည်သည့်အရာက ပိုင်းခြားထားပါသနည်း* | ၅၀ |
| **အခန်း - ၅** | |
| *ပြဿနာအစစ်အမှန်သည် အဘယ်အရာနည်း* | ၆၆ |
| **အခန်း - ၆** | |
| *မည်သည့်အကြောင်းကြောင့် လူအများ လမ်းလွဲလိုက်ခဲ့ရပါသလဲ* | ၇၇ |
| **အခန်း - ၇** | |
| *ဘုရားသခင်သည် ကျွန်ုပ်အား အမှန်တကယ်ချစ်ပါသလား* | ၉၂ |

**အခန်း - ၈**
အသက်၏အရင်းမြစ်ကား အဘယ်မှာနည်း ၁၂၄

**အခန်း - ၉**
*ကျွန်တော့်အနေနဲ့ ဘုရားသခင်ရဲ့မိသားစုဝင်တစ်ဦး ဘယ်လိုဖြစ်လာနိုင်ပါသလဲ* ၁၄၂

**အခန်း - ၁၀**
*နောက်ဘာလာဦးမလဲ* ၁၅၆

# စကားချီး

ကျွန်တော့အနေနဲ့ 'သင် ရှာဖွေတမ်းတလျက်ရှိသော ဘုရားသခင်' ကို လှိုက်လှိုက်လှဲလှဲထောက်ခံရခြင်းက အချက်နှစ်ချက်ရှိပါတယ်။

ပထမအချက်က ကျွန်တော်ဟာ စာရေးသူနဲ့ ရင်းနှီးသူတစ်ဦးဖြစ်ခဲ့တယ်။

**"ငါ၏သားသမီးတို့သည် သမ္မာတရား၌ ကျင်လည်သည်ကို ငါကြား၍ ဝမ်းမြောက်ခြင်းထက် သာ၍ဝမ်းမြောက်ခြင်းမရှိ"**

**၃ယော ၄**

ဒုတိယကတော့ ဒေါက်တာရစ်ချတ်ဘားနတ်က "လူသားတစ်ဦး ဟာ ဘုရားသခင်နဲ့ ရင်းနှီးစွာ ယုံကြည်ဆက်ဆံမှုရယူနိုင်ဖို့ အလိုအပ်ဆုံး ဖြစ်တယ်" ဆိုတာကို ဂယဏနသေသေချာချာ အကျဉ်းချုံးပြီး ပြည့်စုံအောင် ရေးသားဖော်ပြနိုင်ခြင်းကြောင့်ပါပဲ။

သမ္မာကျမ်းစာက လူသားတို့ ခံယူနိုင်ဖို့....

အနန္တကာလကို လူသားတို့ နှလုံးသားထဲမှာ ထည့်သွင်းထားပြီးဖြစ်လို့ အချိန်ကာလနဲ့ ပတ်သက်တဲ့ အရာခပ်သိမ်းဟာ လူသားတို့အဖို့ ထာဝရပြည့်စုံတဲ့ ရောင့်ရဲမှုကို ဘယ်တော့မှ ပေးစွမ်းနိုင်စွမ်းရှိမှာ မဟုတ်လို့ ဘုရားသခင်သာ ဖြည့်စွက်နိုင်မဲ့ ဟာကွက်ဖြစ်နေပါတယ်။

သူတော်စင်ကြီး ဩဂတ်စတင်းက....

*"အို ထာဝရဘုရားသခင် ကိုယ်တော်သည် လူသားတို့အား ကိုယ်တော့်အတွက် ဖန်ဆင်းခြင်းဖြစ်၍ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကိုယ်တော်နှင့် ဆက်သွယ်မှု မရရှိသမျှကာလပတ်လုံး မနားမနေ ရုန်းကန်နေရပါမည်"* ဟု ဆိုခဲ့တဲ့အတိုင်း ဒီစာအုပ်က ကျွန်တော်တို့ ဘုရားသခင်ကို ရှာဖွေရာမှာ ထာဝရဘုရားနဲ့ ရှင်သန်သောကိုယ်တိုင်ဆက်ဆံမှုရရှိဖို့ ဘယ်နည်းဘယ်ပုံ လုပ်ဆောင်ရမယ်ဆိုတာကို ကူညီလမ်းညွှန်ပါတယ်။

ဒီစာအုပ်ကို ဖတ်သူတိုင်း စာမျက်နှာတွေမှာပါတဲ့ အချက်တွေကို အလေးထား၊ တိကျစွာလိုက်နာပြီး ကိုယ်တော်ရဲ့ဂုဏ်တော်ကို ထွန်းလင်းစေကာ မိမိတို့အတွက် ထာဝရကောင်းကျိုး ရရှိနိုင်ကြပါစေလို့ ကျွန်တော် အလေးအနက် ဆုတောင်းပါတယ်။

**ဒေါက်တာစတီဗင်အက်ဖ်အော်လ၏ဖို့ဒ်**

**မဲမ်ဖစ်၊ တင်နက်စီ**



# နိဒါန်း

ကျွန်ုပ်နှင့် ဇနီးသည် ဒေါ်ရသီတို့၏ မြောက်မြားလှစွာ သော ဘဝခရီးစဉ်အတွင်း မိတ်ဆွေများစွာနှင့် ကြုံတွေ့ခဲ့ရပါသည်။ ထိုမိတ်ဆွေများသည် ယဉ်ကျေးမှုအထွေထွေ၊ စီးပွားရေးအခြေခံ အဝဝ၊ ပညာဗဟုသုတ အသွယ်သွယ်တို့နှင့် ပြည့်စုံသူများဖြစ်ကြသည်။

ကျွန်ုပ်တို့အနေဖြင့် ယခုကဲ့သို့ ကြုံတွေ့ခဲ့ရသည်မှာ သာမာန်ဟူ၍ မယူဆပါ။ ထိုအတူ ဤစာအုပ် သင့်လက်ဝယ်ရောက်ရှိနေခြင်းသည် မတော်တဆဖြစ်ရပ်မဟုတ်ပါ။

နှစ်ပေါင်းများစွာအတွင်း တွေ့ဆုံခဲ့ရသော မိတ်ဆွေများနှင့် အလေးထားကာ ဆွေးနွေးခဲ့ကြသည့်အချက်များသည် ဘုရားသခင်ကို တမ်းတရှာဖွေမှုအပေါ်၌သာ အခြေပြုပါသည်။ ဤသို့ မိတ်ဆွေများနှင့် တွေ့ဆုံဆွေးနွေးခြင်းမှ ရရှိသောအချက်များသည် ယခုသင်ဖတ်ရှုနေသော စာအုပ်ထဲတွင် ပါဝင်ပါသည်။

ပထမဆုံး ထုတ်ဝေသည့် 'သင် တမ်းတရှာဖွေနေသော ဘုရားသခင်' နှင့်အတူ နောက်ထပ်နှစ်ကြိမ်ပြင်ဆင်ထုတ်ဝေခဲ့သည့် စာအုပ်များသည် ကျွန်ုပ်တို့၏ ကိုယ်တိုင်ကျေးဇူးတော်ခံစားမှုခြင်းဖြင့် စီမံထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ၂၅ နှစ်မြောက် ထိမ်းမြားမင်္ဂလာနေ့ နီးကပ်လာချိန်တွင် ဘုရားသခင်၏ ကျေးဇူးတော်ကို မည်သို့ဖော်ပြရလျှင် သင့်တော်

မည်နည်းဟူသော မေးခွန်းကို စဉ်းစားမိပါသည်။ ၂၅ နှစ် အိမ်ထောင်သက်ကို ရည်စူးလျက် ၂၅၀၀၀ သော လူသားတို့အတွက် မျှော်လင့်ချက်နှင့် ငြိမ်းချမ်းသာယာမှု ပေးနိုင်မည့်သင်ခန်းစာများကို ရေးသားပုံနှိပ်ဝေငှမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ဤအတိုင်းဆိုလျှင် စာအုပ်ရေ ၂၅၀၀၀ ကို ထုတ်ဝေလှူဒါန်းရပါမည်။

ဘုရားသခင်ကောင်းကြီးပေးသဖြင့် ဤစာအုပ်ငယ်သည် ကမ္ဘာတဝန်းနိုင်ငံပေါင်စုံမှ လူတို့ထံ ရောက်ရှိပါစေဟု ဆုတောင်းပါသည်။ ဤစာအုပ်ကို ဖတ်၍ ပြီးပြည့်စုံသောအသက်တာတစ်ခုကို ပြောင်းလဲရရှိသွားသူတို့၏ ခံစားမှုအပြည့်အစုံကို ဖေါ်ပြရေးသားထားသည့် တုံ့ပြန်စာများကို လက်ခံရရှိသောအခါ ကျွန်ုပ်တို့သည် အတိုင်းမသိဝမ်းမြောက်မှုကို ခံစားရပါသည်။

ထိုများပြားလှစွာသော တုံ့ပြန်စာတို့တွင် ဤစာအုပ်ကို ဘာသာစကားပေါင်းစုံသို့ ပြန်ဆိုရန်ဖြစ်ပါသည်။ သည်အကြောင်းကို အမှီပြု၍ ကျွန်ုပ်တို့ ပထမဆုံးအကြိမ်ထုတ်ဝေလိုက်သော စာအုပ်အတွက် ကမ္ဘာပေါ်ရှိ တိုက်ကြီးများမှ လူတို့၏ ကူညီမှုကို ရယူလိုကြောင်း ဆုတောင်းပါသည်။ ဆုတောင်းခြင်း၏ ရလဒ်မှာ ဘာသာပေါင်း ၃၀ အထိ ပြန်ဆိုပြီးသော နှစ်သန်းကျော်မျှသော စာအုပ်ငယ်များ နီးဝေးမချန် လှူဒါန်းဝေငှခွင့်ရခဲ့ခြင်းပင်ဖြစ်သည်။

ယခု ဒုတိယအကြိမ် မွမ်းမံပြင်ဆင်ထုတ်ဝေခြင်းကိုလည်း ပထမအကြိမ်ကဲ့သို့ပင် အောင်မြင်မှုရရန် ဆုတောင်းပါသည်။ ဤသို့ ဒုတိယအကြိမ်ထုတ်ဝေရာတွင် ပထမအကြိမ်က မပါခဲ့သော စကားစုစကားပိုဒ်များထည့်သွင်းထားပါသည်။

ပထမ နှစ်ခန်းသည် လူတိုင်းအတွက်ဖြစ်ချင်မှ ဖြစ်ပေမည်။ အခန်း ၁ မှာ ထာဝရဘုရား ဧကန်မုချရှိနေခြင်းကို မေးခွန်းထုတ်လိုသူများအတွက်ဖြစ်သည်။ အခန်း ၂ မှာ အရာရာကို စူးစမ်းမေးမြန်းတတ်သူ



များအတွက် ရည်ရွယ်ပြီးသော်လည်း အမှန်တကယ်မှာမူ ဖတ်ရှုသူတိုင်းအတွက် ပဓာနကျသော အခန်းတစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖတ်ရှုသူတိုင်းအဖို့ မိမိ၏ ယုံကြည်မှုနှင့် ရပ်တည်ချက်အမြင်သဘောထားကို ဆန်းစစ်နိုင်သော အခန်းဖြစ်ပါသည်။

ဤဖေါ်ပြခဲ့သောအခန်းမှာ အဓိကရည်မှန်းချက်ဖြစ်သော "သင်တမ်းတရှာဖွေလျက်ရှိသော ဘုရာသခင်"နှင့်ပတ်သက်၍ လိုအပ်သောအချက်များကို တည်ဆောက်ထားခြင်းနှင့် ကျန်သိစေအပ်သောအကြောင်းအချက်တို့ကို အထောက်အကူပြုမည်ဖြစ်ပါသည်။ အခန်း ၃ မှ ၁၀ အထိ ပါရှိသော ပဓာနကျသည့် သစ္စာတရားများမှာ သင်၏ တမ်းတချက်ကို ပြီးပြည့်စုံစေမည်ဖြစ်ပါသည်။ ဤအကြောင်းများကြောင့် ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဒုတိယအကြိမ်ထုတ်ဝေသောစာအုပ်ကို ကိုယ်တော်၏ လက်တော်ဖြင့် ထိတွေ့၍ ကောင်းကြီးပေးပါမည်အကြောင်း ဆုတောင်းပတ္ထနာပြုပါသည်။

ကျွန်ုပ်နှင့် ဒေါ်ရသီနှစ်ဦးစလုံးတို့၏ ဆန္ဒမှာ ကိုယ်တော်၏ ကျေးဇူးတော်ကြောင့် ရရှိခဲ့သည့် လူအများ၏ချစ်ခြင်းမေတ္တာဆုတောင်း ပတ္ထနာတို့နှင့် ခံစားထိတွေ့ခဲ့သော များပြားလှသည့် မိတ်ဆွေများ၏ ကိုယ်တွေ့ဝေငှချက်များကို မှတ်တမ်းတင်အပ်ပါသည်။ တစ်ဦးချင်းကို ပြန်ကြားရမည်မှာ ခက်ခဲလှသည်ဖြစ်၍ ကျွန်ုပ်တို့ဇနီးမောင်နှံအနေဖြင့် တစ်ဦးချင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ဤနိဒါန်းဖြင့် ဖေါ်ပြအပ်ပါသည်။

*ဘုမိဗေဒသည် ကမ္ဘာမြေကြီး၏ ကိုယ်ရေးအတ္တုပတ္တိဖြစ်သော်ငြားလည်း အခြားသော အတ္တုပတ္တိများကဲ့သို့ အစကို ပြန်မသွားသော အတ္တုပတ္တိ ဖြစ်၏။*

*ဆာ၊ ချာလ်းလိုင်လ်*





# *ဘုရားသခင် အမှန်တကယ်ရှိပါသလား*

လူတစ်ဦးတစ်ယောက်သည် ဘဝခရီးစဉ်အတွင်း တစ်ကြိမ် တစ်ခါတွင် နလံမထူနိုင်အောင် အဘက်ဘက်မှ အဆိုးဝါးဆုံး အခြေအနေတွင် နိမ့်ကျနေစဉ် ဘုရားသခင်၏ မေတ္တာတော်ကို သံသယဖြစ်နိုင်သည်သာမက ဘုရားသခင် တကယ်ကောရှိရဲ့လားဟူသော မေးခွန်းကိုပင် ထုတ်မိပေမည်။ သမ္မာကျမ်းစာတွင် ဘုရားသခင်ရှိနေခြင်းကို ရေလည်အောင် ရှင်းလင်းဖော်ပြထားခြင်းမရှိပါ။ ထိုနည်းတူ သာဓကအနေဖြင့် ဖော်ပြထားခြင်းလည်း မရှိပါ။

"*အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏*" (က ၁း၁)

ဟူသော ပထမဆုံးစာကြောင်းသာပါရှိ၏။ ထိုသို့ ဘုရားသခင်ကသာ ဖန်ဆင်းနိုင်သော ဤစကြဝဠာတည်ရှိနေခြင်းသည် ဘုရား ရှိနေကြောင်းကို အထိရောက်ဆုံးဖော်ပြသက်သေခံလျက်ရှိနေသည်။

လွန်ခဲ့သောနှစ်များက ကျွန်ုပ်၏ ဇနီးသည်သည် အကြီးတန်းသူနာပြုဆရာမတစ်ဦးအဖြစ် ဥရောပတိုက်ရှိ နာမည်ကြီး စိတ်ရောဂါကုဆေးရုံတွင် အလုပ်လုပ်ခဲ့ဖူးပါသည်။ တစ်ချိန်တွင် ဖန်ဆင်းရှင်မရှိဟု ကြွေးကြော်လျက်ရှိသည့် နာမည်ကြီးအထူးကုသမားတော်တစ်ဦးက ဒေါ်ရသီ၏ ယုံကြည်မှုကို မေးခွန်းထုတ်လာပါသည်။ ဤတွင် ဒေါ်ရသီက

“ဆရာ့ကို ကျမအနေနဲ့ ဆေးပညာရပ်နဲ့ပတ်သက်ပြီး အထူးလေးစားပါတယ်ဆရာ၊ ဒါ့အပြင် ထင်ပေါ် ကျော်ကြားတဲ့ တက္ကသိုလ်ကထိက တစ်ဦးအနေနဲ့လည်း အထူးလေးစားပါတယ်၊ ဒါပေမဲ့ ကျမအနေနဲ့ ဆရာ ခွင့်ပြုမယ်ဆိုရင် အကြံပြုချင်တာကတော့ ဖန်ဆင်းရှင်ရှိတယ်မရှိဘူး ဆိုတာကို ကြွေးကျော်နေမဲ့အစား သမ္မာကျမ်းစာအုပ်ကို ဆရာ ဆေးပညာဘက်မှာ စိတ်ဝင်တစားသုတေသနလုပ်သလို ဖတ်ရှုလေ့လာပါ”ဟု ပြောခဲ့ပါသည်။ ထို့နောက် ဒေါ်ရသီက သမားတော်ကြီးအား နှုံးဆော်သတိပေးလိုက်ပုံမှာ မကြာခင်က နာတာရှည်ဆေးခန်းတွင်းရှိ သမားတော်ကြီး၏ လူနာအချို့ထဲမှ တစ်ယောက်စနှစ်ယောက်စတို့၏ အမည်များကို ဖော်ပြပြီး သူတို့ခံစားနေရသော ဝေဒနာများမှ အံ့သြစရာကောင်းလောက်အောင် နေကောင်းသွားကြခြင်းမှာ ဘုရားသခင်၏ တန်ခိုးတော်ကြောင့်ဖြစ်ကြောင်း ထောက်ပြလိုက်ပါသည်။ ထိုမျှမက ထိုသူတို့သည် ယခုအချိန်တွင် သူတို့အတွက် အကျိုးဖြစ်ထွန်းသော ဘဝခရီးလမ်းတွင် ဘုရားသခင်နှင့်ကိုယ်တိုင် သိကျွမ်းခဲ့ရပြီးပါပြီဟု ပြောဆိုလိုက်ပါသေးသည်။

ထိုလူနာများအား နောက်ဆုံးပေါ် ဆေးဝါးများကို အသုံးပြုပြီး ကုသပေးသော်လည်း မည်သို့မျှ အခြေအနေထူးခြားမလာ။ ယခု သူတို့၏ ရောဂါများ ယူပစ်လိုက်သလို ပျောက်ကင်းသွားရသည်ကို သမားတော်ကြီး တတ်၊ သိ၊ နားလည်၊ ကျွမ်းကျင်လှပြီး ဂုဏ်ယူနေသော ပညာက အဖြေမပေးနိုင်။ ဤသည်ကို စဉ်းစားမိပြီး ဘုရားသခင်ရှိနေခြင်းကို မယုံကြည်ပါဟုဆိုသော သမားတော်ကြီးသည် ဒေါ်ရသီကို သူ့အတွက် ဘုရားသခင်ထံ ဆုတောင်းပေးရန် ပြောလာပါတော့သည်။

နောက်ရက်သတ္တခုနှစ်ပတ်တိုင်တိုင် သမ္မာကျမ်းစာကို သေချာစွာလေ့လာပြီး သမားတော်ကြီးက ဒေါ်ရသီအား သူသည် ယခင်ကကဲ့သို့ ဘုရားမဲ့ဝါဒီတစ်ဦး မဟုတ်တော့ကြောင်း ဝန်ခံပြောဆိုလာပါတော့သည်။ သို့ရာတွင် ပြဿနာတစ်ခုရှိနေသည်မှာ ဘုရားအမှန်တကယ်ရှိကြောင်း



ဝန်ခံရန်အတွက် သူ၏နိစ္စဓူဝပြုမူလုပ်ကိုင်ခြင်း အဝဝတို့ကို ပြောင်းလဲပစ်ရမည်ဟု ဆိုပါသည်။ “ကျွန်ုပ်ရဲ့ပြဿနာက ပညာရပ်နဲ့ မဆိုင်တော့ဘဲ ဘုရားရှိကြောင်းကို ခံယူခြင်းဖြင့် ပြုပြင်ပြောင်းလဲရမယ့် အရာများကို ပြုလုပ်ဖို့ ခဲယဉ်းနေပါတယ်” ဟု ပြောပါသည်။

ကျွန်ုပ်တို့ ၁၀ နှစ်တာမျှ သမားတော်ကြီးအတွက် ဆုတောင်းပေးပြီးသကာလ သူ့ထံမှ စာတစ်စောင်ကို ရရှိခဲ့ပါသည်။ ထိုစာထဲတွင် သူ၏ အသစ်ရရှိလာသော ယုံကြည်မှုနှင့် ဘုရားသခင်ထံ ဝန်ခံကတိပြုပြီးဖြစ်ကြောင်း ပါရှိပါသည်။ ကျွန်ုပ်တို့အနေနှင့်အထူးပင် ဝမ်းသာရပါသည်။ သို့သော် မအံ့သြကြ။ အဘယ်ကြောင့်ဆိုသော် ....

“*ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။*”(ရောမ ၁၀း၁၇)

တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်း၍ ဘုရားသခင်ကို သိစေခြင်းအတွက် ဘုရားသခင်က ကျွန်ုပ်တို့၏ စိတ်တွင်း၌ ဘုရားသခင်ရှိနေခြင်းကို စွဲမြဲတည်ရှိနေစေရန် ပြုပြင်ပေးထားမှုကြောင့်ဖြစ်ပါသည်။ ဤကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်ရှိတော်မူကြောင်းကို မခံယူလိုသူများရှိနိုင်သော်လည်း ဘုရားသခင်ကို မယုံကြည်သူဟူ၍ မရှိနိုင်ပေ။

ရုပ်ဝတ္ထုလွှမ်းမိုးလျက်ရှိသော ဤကမ္ဘာလောကကြီးတွင် ဘုရားသခင်သည် မိမိ၏ရှိနေမှုကို သာဓကအမြောက်အမြားဖြင့် ပြသလျက်ရှိသည်။ ၂၀ ရာစုအတွင်း လောကဓာတ်သိပ္ပံပညာဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကြောင့် စကြဝဠာကြီး၏လျှို့ဝှက်ချက်များကို ပိုမိုသိလာသည်နှင့်အမျှ ဖန်ဆင်းရှင်မရှိဘဲ ဤအရာများ မည်သို့မျှ ဖြစ်မလာနိုင်ကြောင်းကို ငြင်းချက်ထုတ်ရန်မှာလည်း ပို၍ခဲယဉ်းလာပေသည်။ တီထွင်သူများ၊ သိပ္ပံပညာရှင်များ၊ သင်္ချာပညာရှင်များ၏ စွမ်းဆောင်မှုများကြောင့် အာကာသလွန်းပျံယာဉ်တစ်စင်း အာကာသတွင်း ပျံသန်းဝင်ရောက်ပြီး၊ ကမ္ဘာကိုပတ်ကာ သတ်မှတ်ထားသောအချိန်၊ သတ်မှတ်ထားသောနေရာတွင်

ပြန်လည် ဆင်းသက်လာခြင်းမှာ နိယာမတရားကြောင့်သာဖြစ်သည်ကို လူတိုင်း လက်ခံထားပြီးဖြစ်သည်။ နေဝင်နေထွက်၊ ရာသီဥတု၊ အာကာသတွင်းရှိ ကြယ်စုများ၊ ဆွဲငင်မှုစွမ်းအားနှင့် အဏုမြူအစရှိသည်တို့ကိုလည်း ကောင်း၊ လူသားတို့၏ချစ်ခြင်းမေတ္တာစသည်တို့ ဤစကြဝဠာတွင်းတည်ရှိနေခြင်းသည်လည်းကောင်း ဖန်ဆင်းရှင်၏ရည်ရွယ်ချက်နှင့် တီထွင်မှုများကြောင့်သာ ဖြစ်ပေသည်။

အာကာသတွင်းကြီးမားသော ပေါက်ကွဲမှုကြီး("the big bang") ကြောင့် အစီအစဉ်ကျနပြီး ပြီးပြည့်စုံသော ဤစကြဝဠာကြီးဖြစ်ပေါ်လာခဲ့သည်ဟူသော အယူအဆကို လက်ခံဖို့ လွယ်ကူသလောက် ဘုရားရှင်အပေါ် ယုံကြည်ရန် ခက်ခဲသည်ဟု ဆိုနိုင်ပါသည်။ အမှန်မှာ ဖန်ဆင်းရှင်ကသာ ယခုကဲ့သို့ ပြီးပြည့်စုံသော စကြဝဠာကြီးကို ဖန်ဆင်းနိုင်မည်ဖြစ်ပါသည်။

တစ်ချိန်က ဘုရားမဲ့ဝါဒီကို အခြေခံထားလျက် ရုပ်ဝတ္ထုသာ အဓိကဟု ယူဆထားသည့် သိပ္ပံပညာဘက်တွင် ထိပ်တန်းရောက်နိုင်ငံတစ်ခုမှ အစိုးရက စကြဝဠာကြီးသည် တိကျမှန်ကန်သောနိယာမအပေါ် တည်ဆောက်ထားသည်ကို ယုံကြည်သည်။ ထို့ကြောင့် လူသားတို့ပါသော ဂြိုလ်တုကို လွှတ်တင်သည့်အခါတိုင်း အာကာသသူရဲကောင်းများ ဘေးမသီရန်မခဘဲ ကမ္ဘာမြေပေါ်သို့ ပြန်လည်ရောက်ရှိခြင်းဖြစ်ကြောင်း ဝန်ခံလေ့ရှိပါသည်။ ဤနေရာတွင် မေးခွန်းတစ်ခုပေါ်လာသည်မှာ ယခုကဲ့သို့ လောကဓာတ်ပညာတွင် အထွတ်အထိပ်ရောက်နေသည့် ပုဂ္ဂိုလ်များအနေဖြင့် စကြဝဠာကြီး၏ တိကျမှန်ကန်သော နိယာမတရားနှင့် တည်ဆောက်ထားသည်ကို ခံယူထားကြသော်လည်း ဤနိယာမကို ပြုထားသော တုနိုင်းမမီနိုင်သည့် စီမံသည့်အရှင် ဘုရားသခင်ရှိနေခြင်းကို အဘယ်ကြောင့် မခံယူနိုင်သနည်း။

ထို့အပြင် လူသားတိုင်းသိပြီးဖြစ်သည့် ရှိရှိသမျှကို ပျက်စီးပြာကျ



သွားစေနိုင်သည့် အဏုမြူအလုံးပေါင်း ကုဋေပေါင်းငါးသောင်း (၅,၀၀၀ ၀၀,၀၀၀,၀၀၀) နှင့် ညီမျှသော စွမ်းအင်ကို ထုတ်ပေးလျက် လူသားတို့ကို အကျိုးပြုနေသော နေ၏စွမ်းအင်၊ စကြဝဠာကြီးထဲရှိ ကမ္ဘာ၊ ကြယ်စုထက်ကြီးမားသော စွမ်းအင်ကို ထုတ်ပေးလျက်ရှိသော နေများနှင့် ကျွန်ုပ်တို့၏ မျက်မြင်ကြယ်စုနှင့် နှိုင်းစာပါက အထောင်အသောင်းမက အသေးအကြီးမှစ၍ မည်ရွေ့မည်မျှ ရှိနေမည်ကို မသိနိုင်သေးပေ။ ယနေ့ခေတ်သိပ္ပံပညာရှင်များ၊ နက္ခတ်ပညာရှင်များအဆိုအရ ကျွန်ုပ်တို့၏ နေထက်စွမ်းအင်ကြီးမားသော နေများ၊ အခြားအခြားသော ကြယ်စုများတွင် ရှိနေဦးမည်ဟု ဆိုထားပါသည်။ မည်သူ၏ စီမံဖန်ဆင်းထားချက်ကြောင့် ဤအတိုင်းမသိ ကျယ်ပြန့်ဆန်းပြားသော ကြယ်စုကြီးများ တည်ရှိနေပါသနည်းဟူသော မေးခွန်းကိုမူ စာရှုသူသာ ဖြေနိုင်မည်ဖြစ်ပါသည်။

အမှန်စင်စစ် ကျွန်ုပ်တို့အား အနှိုင်းအဆမရှိသော ပြင်ဆင်မှု၊ အတိုင်းမသိသော စွမ်းအင်နှင့် ပြီးပြည့်စုံသော နိယာမတရားတို့ကို ဖန်ဆင်းဖြန့်ဝေပေးသော ဘုရားသခင်ဖြစ်ကြောင်း သမ္မာကျမ်းစာတွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

> *"မိုးကောင်းကင်သည်လည်း ဘုရားသခင်၏ ဘုန်းအသရေကို ကြားပြော၍၊ မိုးမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကို ပြသ၏။ တစ်နေ့ကိုတစ်နေ့ မြွက်ဆို၍ တစ်ညကိုတစ်ည သွန်သင်၏။ နှုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ။ သူတို့ နှုတ်ထွက်သံကို မကြားရသော်လည်း သူတို့၏ အသံသည် မြေတပြင်လုံး၌ နှံ့ပြား၍ သူတို့၏ စကားသည် မြေကြီးစွန်းတိုင်အောင် ရောက်လေ၏။"*
>
> *(ဆာလံ ၁၉း၁-၄)*

> *"ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော*

*ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည့်ကာလမှစ ထင်ရှား လျက်ရှိကြ၏။” (ရောမ ၁း၂၀)*

ဤဥပမာများကြောင့် မည်သည့်အခြေအနေတွင်ဆို ဘုရားသခင် မရှိဟု ငြင်းချက်ထုတ်ရန်အကြောင်း မမြင်တော့ပါ။

**အလေးအနက်ထား၍ စဉ်းစားကြည့်ပါက ကြီးမားကျယ်ပြောလှသည့် စကြဝဠာ၊ တိကျလှသောစည်းစနစ်နှင့် စွမ်းအင်တို့ကို ဖန်ဆင်းပေးတော်မူသော ထာဝရဘုရားသခင်၏လုပ်ဆောင်ချက်မှာ များပြားလှသော လူသတ္တဝါတို့အား မိမိတို့ကိုယ်ကို သေးငယ်ပြီး အရာမဝင်သကဲ့သို့ မှတ်ထင်စေပါသည်။**

ဣသရေလပြည့်ရှင်၊ ဒါဝိဒ်ဘုရင်ကြီးက ဆင်ခြင်ပြောဆိုရာတွင်

*“လက်ညှိုးတော်အလုပ်တည်းဟူသော ကိုယ်တော်၏ မိုးကောင်းကင်ကိုင်၄င်း၊ ပြင်ဆင်တော်မူသော လနှင့် ကြယ်များကို၄င်း အကျွန်ုပ် ဆင်ခြင်သော် လူသည် အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။” (ဆာလံ ၈း၃-၄)*

ယနေ့ လူသားတို့၏ တီထွင်မှုကြောင့် ကြီးမားလှသည့် အဝေးကြည့် မှန်ပြောင်းကြီးများနှင့် ဂြိုလ်တုများကြောင့် ကြယ်တာရာများနှင့် ပြည့်နေသော အာကာသနှင့်ပတ်သက်၍ အသိပညာသည် အဆပေါင်းများစွာ တိုးတက်လာခဲ့ပေပြီ။ ဤအချက်က ကျွန်ုပ်တို့ လူသားများအနေနှင့် ဒါဝိဒ်မင်းကြီးကဲ့သို့ အဘယ်ကြောင့်အရာခပ်သိမ်းကို ဖန်ဆင်းသော ဘုရားသခင်သည် သေးနုတ်အားနည်းလှသော လူသားများအပေါ်တွင် စိတ်ဝင်စားခြင်းရှိနိုင်ပါမည်နည်းဟု မေးခွန်းထုတ်မိစေပါသည်။

ကံအားလျော်စွာ အဝေးကြည့်မှန်ပြောင်းနှင့် အဏုကြည့်ကိရိယာ ခေတ်တို့သည် တစ်ခေတ်တည်းပင်ဖြစ်ပါသည်။ ယနေ့ ဤလောကကြီး၌



အဏုဇီဝလေဘာကပါ ပူးပေါင်းလျက် တည်ရှိနေခြင်းကို အဏုကြည့် ကိရိယာအား အသုံးပြုခြင်းဖြင့် မြင်တွေ့လာခဲ့ရပြီး ဤအဏုဇီဝလောက အတွင်း မယုံနိုင်လောက်အောင် ဆန်းကြယ်လှသည်ကို ကျွန်ုပ်တို့ သိရှိလာခဲ့ရပါပြီ။ တစ်ဖန် အလင်းရောင်ပင် ဖောက်ထွင်းဝင်ရောက်နိုင်ခြင်းမရှိသော အဏုဇီဝလောကမှလွန်၍ သိပ္ပံပညာရှင်တို့၏ အဏုကြည့်မှန်ဘီလူးဖြင့်ပင် မမြင်မတွေ့နိုင်သော သေးငယ်လွန်းသည့် အဏုမြူပမာနဒြပ်ပစ္စည်းများကိုမူ အီလက်ထရွန် မိုက်ခရိုစကုပ်ဖြင့် ကြည့်ရှုလေ့လာနိုင်ခြင်းဖြင့် ဆန်းပြားထူးထွေ၍ လှပဆန်းကျယ်ကာ၊ တိကျမှုနှင့် ပြည့်စုံလျက် အံ့သြဖွယ်ရာဖြစ်သော ဖန်ဆင်းမှုကို လေ့လာနိုင်ပြီဖြစ်ပါသည်။

ထို့ကြောင့် သင် တစ်ခါတစ်ရံ သိချင်မည်ဖြစ်သော သင့်လို မထင်မရှားဖြစ်သောသူကို ဘုရားသခင်၏စိတ်နှလုံးအတွင်းမှာ ရှိနေပါ့မလားဆိုလျှင်၊ အဏုမြူပညာရှင်တစ်ဦးဖွင့်ဟပြောဆိုသည့် စင်စစ်အသေးငယ်ဆုံးသော ပစ္စည်းတစ်ခု၏ စကြဝဠာတစ်ခုလုံးကို ထိန်းသိမ်းထားရာတွင် အင်မတန်အရာရောက်ပုံကို နားဆင်ကြည့်ဖို့ လိုပါလိမ့်မည်။ သူပြောလိုသည်မှာ ဒြပ်စင်တစ်ခု၏အဏုမြူမှာ နျူထရွန်နှင့် ပရိုတွန် တစ်ခုနှင့် တစ်ခု တည်ရှိနေသော အကွာအဝေးကို တစ်လက်မ၏ $၁/၁၂ \times ၁၀^{-၁၂}$ ခန့်မျှ ခွာပေးခြင်းဖြင့် ကြယ်စုကြီးတစ်ခုလုံး ကွယ်ပျောက်သွားမည်ဖြစ်ပါသည်။ မှန်ပါသည်။ ဖန်ဆင်းရှင်အဖို့ အသေးဆုံးသောပစ္စည်းသည် အကြီးဆုံးသောပစ္စည်းနည်းတူ အရေးပါအရာရောက်ခြင်းတွင် ကွာဟချက် မရှိပေ။

သေချာသည်မှာ ကျွန်ုပ်တို့အနေဖြင့် ယခုကဲ့သို့ မေးခွန်းမျိုးမေးခွင့်ကြုံသည့်အခါတွင် မည်သို့သော အကြောင်းအချက်အပေါ် မူတည်ပြီး လူတစ်ဦး၏ တန်ဖိုးကို စဉ်းစားပါသလဲ ဟူသော မေးခွန်းကို အဖြေရှာရလျှင် လူတစ်ဦး၏ တန်ဖိုးကို ဘုရားသခင်သည် အရွယ်အစားအပေါ် မူတည်ပြီး မဆုံးဖြတ်ပါ။ တစ်ဖက်တွင် ဘုရားသခင်အတွက် လူတစ်ဦးစီ

၏တန်ဖိုးသည် မတူသည့်အကြောင်းများအပေါ် မူတည်ကြောင်းဖြစ်သည်။ နောက်ပြီး ဘုရားသခင်၏ဖော်ပြချက်သည် မည်သည့်အတွက်ကြောင့် လူများသည် ဘုရားသခင်အတွက် တန်ဖိုးရှိသည်ဆိုခြင်းနှင့် ဘုရားသခင်၏အမြင်က လူတစ်ဦးစီကို တန်ဖိုးမဖြတ်နိုင်ခြင်းများပင်ဖြစ်သည်။

ဖန်ဆင်းရှင်၏ ရည်ရွယ်ချက်၊ ဥပဒေသနှင့် အစွမ်းသတ္တိများအပြင် ကြီးမားလှသော မေတ္တာတော်၊ သနားကြင်နာခြင်းနှင့် လူသားတို့၏ ကောင်းကျိုးမှလွဲ၍ တခြားမည်သည်ကိုမျှ မျှော်လင့်ခြင်းမရှိကြောင်း လူတစ်ဦးစီအပေါ်တွင် ထင်ရှားပေါ်လွင်နေသည်ကို တွေ့ရပါသည်။ အကယ်၍သာ သင်သည် ဖော်ပြပါ မေတ္တာရှင်ဘုရားကို တွေ့ခဲ့ပါလျှင် သင့်အတွက် ဝိညာဉ်နှင့်ပတ်သက်သော လမ်းညွှန်မှုကို စိတ်အချဆုံး ရနိုင်ပါပြီ။



## သုံးသပ်ရန်

၁။ လက်တစ်ဆုပ်စာမျှသော သံမှုန့်ကို လေထဲ မြှောက်တင်ပြီးနောက်၊ သင်သည် လေထဲမှ ဆွစ်နာရီတစ်လုံး ပြန်ကျလာမည်ဟု မျှော်လင့်ပါသလား။

၂။ စကြဝဠာနှင့် စကြဝဠာအတွင်း တည်ရှိနေသော အံ့သြဖွယ်ရာ အနုစိတ် ပြင်ဆင်ဆောက်တည်ထားမှုများမှာ ဖန်ဆင်းရှင်ဘုရားသခင် မပါဘဲ အလိုအလျှောက်ဖြစ်ပေါ်ခဲ့ပါသလား။

၃။ ဖန်ဆင်းမှုများမှ ထင်ရှားသောသာဓကဖြင့် ဖန်ဆင်းရှင်ကို သိသာအောင် ညွှန်ပြနေပါသည်။ တစ်ဖန် ပုံဖော်သူ၊ ဥပဒေထုတ်သူ၊ စွမ်းအင်ဖြည့်သူ စသည်ဖြင့် ထင်ရှားစေခြင်းတို့က သင့်အား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် သနားကြင်နာမှုကိုပါ နားလည်စေပါသလား။

***မျှောင်မည်းနေသော ဂူအတွင်း လှည့်ပတ်သွားနိုင်ရန်အတွက်***
***ထိုသူ့တွင် မီးတုတ်တစ်ခုရှိရပါမည်။***
***ပလေတို***

***သဘာဝသည် ဂူပေါက်ဝမှ မှေးမှိန်သော အလင်းတန်းတစ်ခုဖြစ်သလို***
***သမ္မာကျမ်းစာသည် မီးတောက်ဖြစ်ပါသည်။***
***အေ၊ အိပ်ချ် စထရောင်း***





# *ယုံလောက်သော ဝိညာဉ်တော်၏လမ်းပြမှု ကို သင် ရရှိပြီလား*

မကြာသေးခင်အချိန်က သတင်းစာများတွင် အသက်များစွာဆုံးရှုံးခဲ့ရသည့် လေယာဉ်ပျက်ကျမှုများတွင် ရေဒါလမ်း ညွှန်မှု၏ အမှားကြောင့်ဖြစ်ရသည်ဟု ပါရှိပါသည်။ ဤတွင် စဉ်းစားစရာတစ်ခုမှာ ဖော်ပြပါလေယာဉ်ပျက်ကျမှုကြောင့် ဖြစ်လာသော ဆုံးရှုံးမှုသည် ‘ဝိညာဉ်ရေးရာရေဒါလမ်းပြမှုစနစ်’အမှားကြောင့် ကြုံတွေ့ရသည် ဒုက္ခနှင့်နှိုင်းစာကြည့်ပါက အသေးအမွှားဆုံးရှုံးမှုတစ်ရပ်သာဖြစ်သည်။

ယနေ့ ကမ္ဘာပေါ်မှ ရှုတ်ထွေးပြီး ပဋိပက္ခများဖြစ်စေနိုင်သည့်အသံများစွာတို့သည် ကျွန်ုပ်တို့အား ဘုရားသခင်ထံတော်သို့ လမ်းပြနေသည်ဟု ဆိုပါသည်။ သင့်အနေဖြင့် မည်သူ့ကို ယုံရမည်နည်း။ သင်သည်များသော လမ်းညွှန်မှုကို ခံယူမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်သင်သည် ထာဝရဘုရားသခင်ကို တမ်းတရှာဖွေနေသောကြောင့်ဖြစ်သည်။

ဗြိတိသျှဝန်ကြီးချုပ်တစ်ဦးဖြစ်ခဲ့သူ ဒပ်လျူအီး ဂလက်စတုန်း (W.E. Gladstone) က ….

“သမ္မာကျမ်းစာသည် ရှေးဦးပထမတည်ရှိသော ကျမ်းတစ်ခုဖြစ်ပါ

သည်။ သမ္မာကျမ်းစာသည် ကျမ်းဂန်များစွာအနက် အမြင့်မြတ်ဆုံးသော ကျမ်းဖြစ်သည်”ဟု ဆိုပါသည်။

အမေရိကန်သမ္မတ အေဘရာဟင်လင်ကွန်းကလည်း ....

“သမ္မာကျမ်းစာသည် လူသားတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ဘုရားသခင်၏လက်ဆောင်တစ်ခုဖြစ်သည်”ဟု ဆိုခဲ့ပါသည်။

သမိုင်းတစ်လျှောက် အောင်မြင်ကျော်ကြားခဲ့သော ပုဂ္ဂိုလ်တို့က ယခုကဲ့သို့ အတုမရှိသော ကျမ်းတစ်စောင်ဖြစ်ကြောင်း အထောက်အထားများပြကာ ပြောဆိုနေစေကာမူ သမ္မာကျမ်းစာသည် ကျမ်းကြီးတစ်ကျမ်းအဖြစ် အမှန်တကယ်တည်ရှိနေပါသည်။

ဒါဝိဒ်မင်းကြီးက သူ၏ဝိညာဉ်လမ်းညွှန်မှုကို လုံးဝယုံကြည်ခဲ့သည်။ သူက *“နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။”(ဆာ ၁၁၉း၁၀၅)* ဟု ပြောခဲ့ပါသည်။

ယနေ့တွင် သမ္မာကျမ်းစာသည်သာ လူတို့အား ဘုရားသခင်ထံ လမ်းညွှန်မှုပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ သမ္မာကျမ်းစာကို မှေးမှိန်ပျက်စီးအောင် ကြိုးစားနေသူများရှိနေစေကာမူ ယနေ့တိုင် တည်မြဲလျက်ရှိနေပါသည့်အတွက် ကမ္ဘာတဝန်းရှိ ကျမ်းများထဲတွင် သူမတူသော ဂုဏ်တစ်ရပ်ပင်ဖြစ်ပေသည်။

သမ္မာကျမ်းစာသည်သာလျှင် လူခပ်သိမ်းတို့၏ လိုအပ်မှုအတွက် အားထားရသော တစ်ခုတည်းသော ကျမ်းဖြစ်ကြောင်းကို ဘုရားသခင်ကိုယ်တော်တိုင် တံဆိပ်တော်ခပ်နှိပ်ထားသည့် နှုတ်ကပတ်တော်များက သက်သေထူနေပါသည်။ ကျမ်းစာပါ စာမျက်နှာများတွင်လည်းကောင်း၊ သက်ဆိုင်ရာသမိုင်းမှတ်တမ်းများတွင်လည်းကောင်း၊ အမှန်တရားကို လေ့လာရှာဖွေသူတစ်ဦးအနေဖြင့် ထင်ရှားသောအထောက်အထားများ တွေ့နိုင်မည်ဖြစ်သည်။ *ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍...... (၂တိ ၃း၁၆)*



အကယ်၍ သမ္မာကျမ်းစာကို တစ်ဦးတစ်ယောက်ထဲကသာ ရေးသားခဲ့ပါက အံ့ဩဖွယ်မရှိ။ စနစ်တကျ ပြောင်းလဲတိုးတက်လာသည့် ဦးတည်ချက်၊ နည်းစနစ်စသည်တို့ဖြင့် အခန်းတိုင်းကို တန်ဆာဆင်ထားသည့် ကျမ်းတစ်ခုအနေဖြင့် မြင်တွေ့ရမည်မှာ မလွဲပေ။ သို့ရာတွင် ဤသမ္မာကျမ်းစာအုပ်သည် လူတစ်ဦးတည်းက ရေးသားခဲ့ခြင်းမဟုတ်ဘဲ ကွဲပြားသောယဉ်ကျေးမှုတို့တွင်ရှိနေကြသော ကျမ်းပြုဆရာများက ရာစုနှစ်ပေါင်းများစွာအတွင်း ပြုစုရေးသားခဲ့ကြခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤကျမ်းကြီးတွင် တိကျသေချာသောအချက်များနှင့် အတုမရှိသော ဘုရားသခင်အကြောင်းကို ပြုစုထားခြင်းဖြစ်ပါသည်။ ဤအရင်းခံအကြောင်းတို့ကပင် ထင်ရှားသော အံ့ဩဖွယ်နိမိတ်လက္ခဏာများပင်ဖြစ်ပါသည်။

ထို့အပြင် ရှေးဟောင်းသုတေသနအဖွဲ့များ မပြတ်တူးဖော်လေ့လာခြင်းကြောင့် ထပ်မံတွေ့ရှိလာသောအချက်များက သမ္မာကျမ်းပါ သမိုင်းအထောက်အထားများကို ပိုမိုခိုင်မာစေပါသည်။ တစ်ချိန်က ပြက်ရယ်ပြုခဲ့သော၊ ဒဏ္ဍာရီဆန်သည်ဟု ယူဆခဲ့သော အချက်များမှာ ယခုအခါ

* ဥပမာပြရလျှင် – ၁၈၆၈ ခုနှစ်က ကလိန်း((Klein))အမည်ရှိ ဂျာမန်လူမျိုးခရီးသွားတစ်ဦးသည် ရှေးခေတ်မောဘပြည် (ယခုခေတ် ‘ဂျော်ဒန်’) သို့ ရောက်ရှိလာရာတွင် မောဘဘုရင်မီရှာ ကဗည်းထိုးထားသော ကျောက်စာတိုင်တစ်ခုကို တွေ့ရှိပါ သည်။ ထိုကျောက်စာတိုင်တွင် ဘုရင်မီရှာက သူက္ကသရေလလူမျိုးတို့အား တော်လှန်တိုက်ခိုက်ခဲ့သည့်အကြောင်းအရာကို စာကြောင်းရေသုံးဆယ့်လေးကြောင်းဖြင့် မှတ်တမ်းတင်ထားခဲ့သည်။ အိုမဂျီနှင့် အာဟတ်တို့ကို ထိုကျောက်စာတွင် ဖော်ပြထားသကဲ့သို့ ဓမ္မရာဇဝင်စတုတ္ထစောင်အခန်းကြီး ၁ တွင်လည်း ထိုအကြောင်းကို တွေ့ရပါသည်။ က္ကသရေလဘုရင်များသည် မောဘတို့အား မတရားဖိနှိပ်ချုပ်ချယ်ကြသည်ဟု ပါရှိပါသည်။ ယနေ့မျက်မှောက်ခေတ်သုတေသီများ တွေ့ရှိချက်များအရ တိကျသောသမိုင်းအထောက်အထား အများအပြားကို သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားပြီးဖြစ်ကြောင်းတွေ့ရပါသည်။

တွင် ရှေးဟောင်းသုတေသနပညာရှင်များ၏ ကျေးဇူးကြောင့် တကယ့်အချက်အလက်များ ဖြစ်လာခဲ့ပါပြီ။*

**သမ္မာကျမ်းစာသည် ဘုရားသခင်၏စာအုပ်ဖြစ်ပြီး လူအပေါင်းတို့အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်များပါရှိသည်။**

သို့သော်ငြားလည်း လူအချို့တို့ သမ္မာကျမ်းစာအုပ်ကို လျစ်လျူရှုထားကြဆဲဖြစ်သည်။ အကြောင်းမှာ သိပ္ပံပညာရှင်တို့၏ လက်တွေ့ကျကျနိယာမများကြောင့်လည်းကောင်း၊ အမှန်ယုံကြည်သူများက အထောက်အထားမလိုဟူသော ယူဆချက်များကြောင့်လည်းဖြစ်နိုင်ပါသည်။ သာဓကအနေဖြင့်ပြရလျှင် သိပ္ပံပညာရှင်စစ်စစ်သည် အမှန်ယုံကြည်သူ မဖြစ်နိုင်ပေ။ မျက်မှောက်ခေတ် သိပ္ပံပညာရှင်အများစုတို့မှာ ဖော်ပြပါ ယူဆချက်ကို ငြင်းဆိုနေကြပြီဖြစ်ပါသည်။ သမ္မာကျမ်းစာသည် သိပ္ပံကျမ်းမဟုတ်ပါ။ သို့ရာတွင် သိပ္ပံပညာနှင့် ပတ်သက်သည့်ကျမ်းချက်တို့နှင့် စပ်လျဉ်း၍ တစ်ကြိမ်တစ်ခါမျှပင် ငြင်းချက်မထုတ်နိုင်ခဲ့ပါ။ ခြုံ၍ ကြည့်ပါက သမ္မာကျမ်းစာ၏ရည်ရွယ်ချက်နှင့် စီစဉ်ထားမှုသည် ယနေ့သိပ္ပံ၏ အကန့်အသတ်ကိုပင် ကျော်လွန်နေပေသည်။

ယနေ့ သိပ္ပံပညာသည် အဘယ်ကြောင့် ကျွန်ုပ်တို့ ဤဂြိုလ်ကမ္ဘာသို့ ရောက်ရှိနေသည်။ ကျွန်ုပ်တို့ ယခုဘဝမှ လွန်သော် မည်သည့်နေရာတွင် ရောက်မည်ဆိုသော မေးခွန်းများကို မဖြေနိုင်။ ထို့အတူ ဘဝဆိုသည်မှာ အဘယ်နည်း။ လူသတ္တဝါတို့၏ အဓိကတန်ဖိုးအစရှိသည်ကိုလည်း ရှင်းလင်းပြောဆိုနိုင်ခြင်း မရှိပေ။ မည်သို့ပင်ဖြစ်စေ အသိဉာဏ်မြင့်မားသူ သို့မဟုတ် ရိုးအသူဖြစ်ပါစေ လူတိုင်းသည် ထာဝရဘုရား၏ စောင့်မမှုမရဘဲ ဘုရားသခင်အကြောင်းကို သိနားလည်းရန် မလွယ်ကူပေ။ ပြင်သစ်သင်္ချာနှင့် ဒဿနိကပညာရှင်ကြီး ဘာလေ့စ်ပါစကာလ်က ”အမြင့်မားဆုံးသော အကျိုးအကြောင်းဆင်ခြင်တတ်သောဉာဏ်ကို ပိုင်ဆိုင်မှုရှိရသည့်အကြောင်းရင်းမှာ ထိုဆင်ခြင်တတ်သောဉာဏ်တွင် အကန့်



အသတ်ရှိကြောင်း သိဖို့ရန်အတွက်ဖြစ်၏”ဟု ဆိုထားပါသည်။ဘဝ၏အရေးကြီးဆုံးသော ပဟေဠိကို ဖြေဆိုနိုင်ဖို့ ကျွန်ုပ်တို့တွင် အားအထားရဆုံးသော ပိုင်ဆိုင်မှုတစ်ရပ်မှာ ဘုရားသခင်၏ သမ္မာကျမ်းစာသာလျှင်ဖြစ်ပါသည်။

ယခု ကျွန်ုပ်တို့အနေနှင့် သမ္မာကျမ်းစာသည် ဘုရားသခင်၏ ဟောပြောတော်မူချက်ဖြစ်ကြောင်း အခိုင်အမာယူဆရမည့် အချက်နှစ်ချက်ကို စဉ်းစားဆင်ခြင်ကြပါမည်။

ပထမအချက်မှာ အလွန်ဆန်းကျယ်သော တိကျမှန်ကန်သည့် ဗျာဒိတ်တော်များပင်ဖြစ်ပါသည်။ ဒုတိယအချက်မှာ သမ္မာကျမ်းစာပါအချက်များကို လေးနက်စွာ ယုံကြည်မှုဖြင့် လိုက်နာသောသူတို့အပေါ်တွင် တန်ခိုးကြီးမားပြီး ဩဇာအရှိန်နှင့် ပြည့်စုံမှုတို့ကို အပြည့်အဝ ပေးနိုင်ခြင်းတို့ဖြစ်သည်။

## *သမ္မာကျမ်းစာမှ တိကျသော အနာဂတ်ဟောကိန်းများ*

လူတို့၏ မွေးရာပါ သိလိုမြင်လိုစူးစမ်းလိုသော ဉာဉ်တစ်ခုမှာ မိမိ၏ အနာဂတ်ဖြစ်ပါသည်။ သမ္မာကျမ်းစာထဲ၌ အနာဂတ်တွင် ကြုံတွေ့ရမည့် အရေးကြီးသည့် အဖြစ်အပျက်များကို စိတ်ဝင်စားဖွယ် တိတိကျကျ ဖော်ပြထားပါသည်။ သင့်အနေဖြင့် “အဘယ်ကြောင့် သေချာပေါက်ဖြစ်မည်ဟု ထင်ပါသနည်း” ဟု မေးနိုင်ပါသည်။

အထက်ပါမေးခွန်းကို အဖြေပေးရလျှင် သင့် အနေဖြင့် တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသေးသော နေရာတစ်ခုတွင် အနားယူနေသည် ဆိုကြပါစို့။ သင့်လက်ထဲရှိ မြေပုံသည်သာ သင်၏တစ်ခုတည်းသော လမ်းညွှန်ဖြစ်ပါသည်။ ယမန်နေ့က ဤမြေပုံသည် သင်လုံးဝအားထားရသော လမ်းညွှန်တစ်ခုအဖြစ် သင်တွေ့ခဲ့ပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်

မြေပုံပေါ်တွင် ပါသည့်အတိုင်း မြစ်တစ်ခုနှင့် ယမန်နေ့က သင်အိပ်ခဲ့သော ရွာက သက်သေခံနေပါပြီ။ ယနေ့ သင့်အနေဖြင့် လမ်းသစ်ကို လိုက်ရန် ဆုံးဖြတ်ရပါမည်။ သင့်ရှေ့တွင် အကျွမ်းမဝင်သေးသော ဒေသရှိနေပါသည်။ သို့ရာတွင် မြေပုံက ညွှန်းသည်မှာ ဘယ်ဘက်သို့ ချိုးပါ။ တောအုပ်တစ်ခုနှင့် ရေကန်ကြီးတစ်ခုကို တွေ့မြင်ရပါမည်။ ယခု သင် ထိုကန်ကြီးကို ကြည့်လိုပါက သင့်အနေဖြင့် မြေပုံလမ်းညွှန်အတိုင်း လိုက်ရုံသာရှိပါတော့သည်။ သင် စိတ်ချရပါပြီ။ ယမန်နေ့က ဤမြေပုံလမ်းညွှန်က သင်မကျွမ်းသော နယ်မြေကို လမ်းညွှန်ခဲ့ပြီမဟုတ်ပါလား။

သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း အတိကျဆုံးသာဓကပြရလျှင် တိကျမှန်ကန်သည့် အနာဂတ်ဟောကိန်းများပင်ဖြစ်ပါသည်။ ကျမ်းစာထဲတွင် ပါရှိသည့် အနာဂတ်ဟောကိန်းများမှ ခေတ်အမြင် အတွေးအခေါ်နှင့် ကိုက်ညီသော အဖြစ်အပျက်များမှာ လွန်ခဲ့သော ရာစုနှစ်များစွာက ဟောကြားခဲ့သော ဗျာဒိတ်တော်များဖြစ်နေပါသည်။

ဗျာဒိတ်တော်များသည် ထူးခြားအံ့သြဖွယ်ပင်။ ကျယ်ပြန့်လှသော နယ်ပယ်နှင့် အကြောင်းအရာတို့အပြင် ကမ္ဘာပေါ်ရှိ လူတိုင်းနှင့် အကျုံးဝင်သည်သာမက ကမ္ဘာ့အရှေ့အလယ်ပိုင်းနှင့် အစ္စရေးတိုင်းပြည်တို့ကို တိကျစွာ ဖော်ပြထားသည်။ ထိုထက်ပို၍ အရေးပါသောအချက်မှာ ရာပေါင်းများစွာသော ဗျာဒိတ်တော်များတွင် ပါဝင်သည့် မေရှိယကြွလာမည့်အကြောင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါ ဗျာဒိတ်တို့သည် ယခုအခါတွင် သမိုင်းဝင်ဖြစ်နေပေပြီ။ ကျွန်ုပ်တို့အနေဖြင့် မယုံနိုင်လောက်အောင် တိတိကျကျဖြစ်ခဲ့ရသော မေရှိယ၏ ဘဝတစ်သက်သာပင်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာ အထောက်အထားများကြောင့် သမ္မာကျမ်းစာပါ ဗျာဒိတ်တော်များအတိုင်း အတိအကျဖြစ်ထွန်းပေါ်ထွက်



လာဦးမည်မှာ မလွဲပေ။ နှစ်ကာလပြောင်းသည်နှင့်အမျှ သမ္မာကျမ်းစာပါ ဗျာဒိတ်တော်များ၏ တိကျမှန်ကန်မှုကို ကျွန်ုပ်တို့အနေဖြင့် တစ်ခုပြီးတစ်ခု မြင်တွေ့နေရပါသည်။ အမှန်မှာ သမ္မာကျမ်းစာကို ဖတ်ရခြင်းသည် မနက်ဖြန်ထွက်မည့် နေ့စဉ်သတင်းစာကို ယနေ့ဖတ်နေရခြင်းနှင့်တူပါသည်။

ဒေါက်တာဝီလ်ဘားစမစ်သည် တစ်သက်တာလုံး သမ္မာကျမ်းစာကို လေ့လာခဲ့သော ပညာရှင်တစ်ဦးဖြစ်ခဲ့ပါသည်။ သူသည် သမ္မာကျမ်းစာမှ ဗျာဒိတ်တော်များ၏ မှန်ကန်မှုအသေးစိတ်ကို ဝမ်းမြောက်ဝမ်းသာ ထောက်ပြတတ်သူဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းပါ များပြားလှစွာသော ဗျာဒိတ်တော်များထဲမှ မေရှိယနှင့် အခြားသော အမှန်တရားပြသည်ဆိုသော ဘာသာတရားများနှင့်နှိုင်းယှဉ်ကြည့်ရာတွင် ဒေါက်တာစမစ်မှတ်သားမိသည်မှာ မိုဟာမက်ရောက်ရှိလာမည့်အကြောင်းကို မဟာမေဒင်ဘာသာတွင် ကြိုတင်ဖော်ပြထားခြင်းမတွေ့ရသလို၊ အခြားသော ဘာသာတရားတို့တွင်လည်း တိကျသော ဗျာဒိတ်ပေးထားခြင်းမရှိသည်ကို တွေ့ရပါသည်။

ယခုတွင် ကျွန်ုပ်တို့သည် ဗျာဒိတ်တော်များ မှန်ကန်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်ပြီး ထိုမှန်ကန်တိကျမှုကို ကျွန်ုပ်တို့၏စိတ်ကူးစိတ်သန်းများဖြင့် ပုံဖော်ရန် မလိုပေ။။

ကွန်ပြူတာများ၏ အကူအညီဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲနေ့ တွေ့ဆုံဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ သမိုင်းအချက်အလက်အထောက်အထားတို့ဖြင့်လည်းကောင်း၊ မီဒီယာများအနေဖြင့် ရွေးကောက်ပွဲ မဲပုံးမပြည့်မီ အနိုင်အရှုံးကို မှန်းဆပြောဆိုနိုင်မည်ဖြစ်ပါသည်။ ဤသို့သော ကိန်းဂဏန်းများလက်ဝယ်ရှိနေသော သူတို့အနေဖြင့် ယခုကဲ့သို့ မည်သူမည်ဝါအနိုင်ရမည်ကို ကြိုတင်ဟောကိန်းထုတ်နိုင်ခြင်းသည် အံ့သြစရာမဟုတ်ပါ။

သို့ရာတွင် သတင်းထောက်တစ်ဦးဦးအား ရှေ့အနှစ် ၂၀ သို့မဟုတ် အနှစ် ၅၀ တွင် မည်သူက ဝင်ရောက်အရွေးခံမည်၊ မည်သူအနိုင်ရမည်၊ အနိုင်ရမည့်သူများ၏ ဇာတိနေရပ်၊ ပင်ကိုယ်အရည်အသွေးနှင့် နေထိုင်သွားလာပုံ၊ သူတို့အသက်တာ၏ နောက်ဆုံးနေ့များစသည်တို့ကိုလည်းကောင်း၊ ရှေ့နှစ်ပေါင်း ၁၀၀၀ တွင် ကမ္ဘာ့အရှေ့အလယ်ပိုင်း အခြေအနေနှင့် မည်သည့်မြို့တွင် ကပ်ဘေးကျရောက်ပြီး ပျက်စီးမည်တို့ကို ပြောပြနိုင်မည်လားဟု မေးကြည့်ပါ။

သေချာသည်မှာ ထိုသတင်းထောက်ကို ကြိုတင်ဟောကိန်းထုတ်ခိုင်းသောအခါခါတိုင်းတွင် တိကျမှန်ကန်မှုနှင့် ပို၍ ဝေးကွာလာမည်မှာ အမှန်ပင်ဖြစ်သည်။ ထာဝရဘုရား၏ ဗျာဒိတ်တော်ကို ကိုယ်တော်တိုင် ထိုသတင်းထောက်အား ပြောဆိုခြင်းရှိမှသာ ထိုသတင်းထောက်သည် အစမှအဆုံး သိမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သတင်းထောက်များအား မေးမြန်း အကြံတောင်းသည့် ဟောကိန်းများနှင့် ထိုထက်ရှုပ်ထွေးပွေလီလှသည့် တိကျသော အသေးစိတ်အဖြစ်အပျက်များသည် သမ္မာကျမ်းစာတွင် ဗျာဒိတ်တော်များအဖြစ်ပါရှိပြီးဖြစ်သည်။

သမိုင်းဝင် ရှေးဟောင်းတုရုမြို့ကြီးအား ပမာပြုရလျှင် ဘုရားသခင်၏ ဗျာဒိတ်တော်ထဲမှ မယုံနိုင်လောက်အောင် တိကျပြည့်စုံသော အဖြစ်အပျက်တစ်ခုဟု ဆိုရပေမည်။

သင် စိတ်ဝင်စားပါက ဦးစွာ ယေဇကျေလအနာဂတ္တိကျမ်း၂၆း၃-၂၁ ပါ ဗျာဒိတ်တော် မှတ်တမ်းကို ဖတ်ပြီးနောက် ဗြိတိသျှစွယ်စုံကျမ်းကြီးနှင့် အခြားသမိုင်းဝင် မှတ်တမ်းအထောက်အထားများကို ရှာဖွေလေ့လာကြည့်နိုင်ပါသည်။ ထိုသို့ ယှဉ်တွဲခြင်းဖြင့် သင်သည် ဗျာဒိတ်တော်ဟောကိန်းနှင့် သမိုင်းအထောက်အထားကို တစ်ချိန်တည်းမှာ လေ့လာပြီးသားဖြစ်နေပါလိမ့်မည်။

**ပရောဖက်ပြုချက်** - ဤအဖြစ်အပျက်များမဖြစ်မီ ကာလအတော်ကြာ



အချိန်ကတည်းက ဘုရားသခင်သည် တုရုမြို့ကြီး၏ အနာဂတ်တွင် ကသောင်းကနင်းဖြစ်လာမည့်အကြောင်းနှင့် ပတ်သက်၍ ဖော်ပြပြောဆိုခဲ့ရာတွင်

*အိုတုရုမြို့ .....လူအမျိုးမျိုးတို့သည် သင့်ကို တက်၍ တိုက်စေမည်။*
*သူတို့သည် တုရုမြို့ရိုးကို ဖျက်၍ ပြအိုးတို့ကို ဖြိုချကြလိမ့်မည်။*

ထို့အတူ ကြိုတင်ဟောကိန်းထုတ်ခဲ့ရာတွင် ထင်ပေါ်ကျော်ကြားလှသော မြို့ကြီး၏ တည်ရာဖြစ်သော *မြေမှုန့်ကို ငါခြစ်ခွာ၍ ရှင်းလင်းသောကျောက်ဖြစ်စေမည်။* ထိုထက်ပို၍ ဗျာဒိတ်တော်ထားရာတွင် လူအမျိုးမျိုးတို့သည် *သင်၏ကျောက်၊ သစ်သား၊ မြေတို့ကို ရေထဲမှာချပစ်ကြလိမ့်မည်။* သို့သော် အံ့ဩဖွယ်ကောင်းလှသည့် အသေးစိတ်ကျသော ဗျာဒိတ်တော်မှာ ဤတွင် နိဂုံးမချုပ်သေးပါ။ ဘုရားသခင်က ခေတ်ဟောင်းတုရုမြို့နှင့် ပတ်သက်၍ ပြောသည်မှာ .... *သင်သည် ရှင်းလင်းသော ကျောက်ကဲ့သို့ ပိုက်ကွန်လှမ်းရာအရပ်ဖြစ်လိမ့်မည်။*

*(ယေဇ ၂၆း၃၊ ၄၊ ၁၂၊၁၄)*

**သမိုင်းဖြစ်ရပ်** - သမိုင်းမှတ်တမ်းများကို သေချာစွာလေ့လာဖတ်ရှုပါက နေဗုခ်ဒ်နေဇာမင်းကြီးသည် တုရုမြို့ကြီး၏ ကုန်းပိုင်းကို ဖြိုချဖျက်ဆီးရာတွင် ဗျာဒိတ်တော်ပါအတိုင်းပင် မြို့ရိုးကို ဖျက်၍ ပြအိုးတို့ကို ဖြိုချခဲ့ပါသည်။ နောက်ပိုင်းတွင် အလက်ဇန္ဒြားဘုရင်ကြီး၏ အင်ဂျင်နီယာများက တကယ်ပင် ရှေးဟောင်းမြို့ကြီးတည်ရှိခဲ့ရာ ကုန်းပိုင်းအား မြေလှန်ကာ *ရှင်လင်းသောကျောက်*ကဲ့သို့ ထားခဲ့ပါသည်။

တုရုမြို့ဟောင်းမှ အုတ်ကျိုးအုတ်ပဲ့များကို ပင်လယ်တွင်းပစ်ချ၍ ကျွန်းသို့ တာလမ်းဖောက်ရာတွင်လည်း ဗျာဒိတ်တော်ပါအတိုင်း မြင်တွေ့

ရပါသည်။ ကျောက်များ၊ သစ်သားများနှင့် မြေမှုန့်များကို တကယ်ပင် *ရေထဲသို့ ပစ်ချ*ကြပါသည်။ မှန်ပါသည်။ ယနေ့တိုင် တုရုမြို့ဟောင်း၏ အပျက်အစီးများမှာ ပင်လယ်ရေအောက်တွင် နစ်မြုပ်လျက်ရှိနေပါသည်။ ဘုရားသခင် နိမိတ်ပြခဲ့သည့်အတိုင်းဖြစ်ခဲ့ပါသည်။

ယနေ့ အရှေ့အလယ်ပိုင်းတွင် တည်ရှိနေသော ထင်ပေါ်ကျော်ကြားသော တုရုမြို့ရှိသော်လည်း၊ ထိုမြို့မှာ အေဒီ ၁၂၉၁ ခုနှစ်တွင် ဖျက်ဆီးခံခဲ့ရသော ရှေးဟောင်းမြို့မဟုတ်ပါ။

သင်သည် အကယ်၍အခွင့်သာပါက ရှေးဟောင်းတုရုမြို့ကြီးသို့ လည်ပတ်နိုင်လျှင် ဗျာဒိတ်တော်များ၏ ပြည့်စုံမှုများကို အံ့သြစွာတွေ့ရမည်ဖြစ်ပါသည်။ ထိုနေရာတွင် တံငါသည်အချို့တို့၏ တဲငယ်စုကလေးများကို ရွာလေးထဲတွင် တွေ့မြင်နိုင်သလို ပင်လယ်တွင်း ပိုက်ချမျှောပါနေသောလှေကလေးများနှင့် ပိုက်ကွန်များကို ကျောက်ဆောင်ပေါ်တွင် လှန်းထားသည်ကို တွေ့မြင်နိုင်ရမည်ဖြစ်ပါသည်။ စီးပွားရေးအရ အချက်အခြာကျသော ရှေးဟောင်းတုရုမြို့ကြီး၏ မမျှော်လင့်နိုင်သောအဖြစ်အပျက်ကို လူသားတို့အနေဖြင့် မည်သို့ကြိုတင်မှန်ကန်စွာ ဟောကိန်းထုတ်နိုင်ပါမည်နည်း။

ပီတာစတုန်းနား၏ ရှေးဟောင်းတုရုမြို့ကြီးနှင့် ပတ်သက်၍ ဗျာဒိတ်တော် (၇) ချက်နှင့် သမိုင်းမှတ်တမ်းများကို နှိုင်းယှဉ်ပြခဲ့ပါသည်။ သင်္ချာနည်းဖြင့် တွက်ကြည့်ခြင်းဖြင့် အလားအလာရှိနိုင်သော ယေဇကျေလ အနာဂတ္တိကျမ်းပါ ဗျာဒိတ်တော်များ ပြီးပြည့်စုံစေသည်ဟု သူက ပြောပါသည်။

အကယ်၍သာ ယေဇကျေလက တုရုမြို့ကြီး၏ အနာဂတ်ဟောကိန်း (၇) ချက်ကို သူ့ခေတ် အခြေအနေများနှင့် နှိုင်းယှဉ်ပြီး သာမန်လူသား၏ ဉာဏ်အမြော်အမြင်ဖြင့် ထုတ်ပြန်ခဲ့ပါက ထိုမှန်းဆချက်များသည် ၇၅ သန်းပုံ ၁ ပုံ မှန်နိုင်ရန် အခြေအနေတွင် ရှိပါလိမ့်မည်။ အချက်များ



အားလုံးမှန်ကန်သည်ကို တွေ့ရပါသည်။

အခွန်ခံမသဲသည် သူမှတ်မိသော ဗျာဒိတ်တော်များထဲမှ ခရစ်တော်ဖွားမြင်ခြင်းကို ပြည့်စုံစေသည့် ဗျာဒိတ်တော်(၄) ခု ကို ပြန်လည်ဖော်ပြသည်။ ထိုအထဲမှတစ်ခုတွင် မိက္ခာအား ရည်ညွှန်း၍ပြောရာ၌ ပရောဖက်ကြီးသည် သူ့ခေတ်က အုပ်ချုပ်သူများကို ပြင်းထန်စွာ ရှုတ်ချပြောဆိုမှု တစ်ရပ်အပါအဝင်ဖြစ်သည်။ မိက္ခာသည် သူ့တိုင်းပြည်၌ စစ်မှန်သောအုပ်ချုပ်သူခေါင်းဆောင်များ မရှိသည့်အတွက် ဝမ်းနည်းခြင်းဖြစ်ခဲ့ရပါသည်။ သို့သော်လည်း မိက္ခာသည် အနာဂတ်တွင် အုပ်စိုးသူတစ်ဦး မွေးဖွားလာမည်ဖြစ်ကြောင်း ဘုရားသခင် ဟောတော်မူသည့်အတွက် အထူးဝမ်းမြောက်ရ၏။

> ဗက်လင်မြို့၊ အစိုးရသော မြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း ဣသရေလအမျိုးကို အုပ်စိုးသောသခင်သည် ငါ့အဖို့ သင်၏အထဲမှ ပေါ်ထွန်းလတံ့။ ထိုသခင်က ရှေးကမ္ဘာမှစ၍ ပေါ်ထွန်းသော သခင်ဖြစ်၏။ (မိ ၅း၂)

ဘုရားသခင်က ဣသရေလအမျိုးအတွက် လိုအပ်နေသော အုပ်စိုးသူ အရှင်သခင်သည် ဗက်လင်မြို့တွင် ဖွားမြင်လိမ့်မည်ဟု ဖော်ညွှန်းခြင်းဖြစ်သည်။

မိက္ခာဟောကိန်းထုတ်သကဲ့သို့ ခရစ်တော်သည် သူ၏ မိသားစုအိမ်ဖြစ်သော နာဇရက်မြို့၌ ဖွားမြင်ခြင်းမဟုတ်ဘဲ ဗက်လင်မြို့တွင် ဖွားမြင်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ရောမဧကရာဇ်၏ ဥပဒေကြောင့်ဖြစ်ပါသည်။ ခရစ်တော်ဖွားမြင်ချိန်သည် သန်းခေါင်စာရင်း ကောက်ယူနေချိန်ဖြစ်၍ ခရစ်တော်၏ မိသားစုသည် ရောမဧကရာဇ်၏အမိန့်ကို နာခံနေရပါသည်။ ခရစ်တော်၏ မိသားစုသည် ဗက်လင်မြို့သို့ သွားရန် နေအိမ်မှ ထွက်ခွာလာခဲ့ပါသည်။ ဗက်လင်မြို့ကလေးသည် ယုဒမြို့များ

တွင် အသေးငယ်ဆုံးသော မြို့ငယ်လေးတစ်မြို့ဖြစ်၍ မည်သူကမျှ ဣသရေလအမျိုးအား အုပ်စိုးမည့်အရှင်သခင်အား လိုက်လံရှာဖွေနေမည် မဟုတ်ပါ။ ယခုကဲ့သို့ တမူထူးစွာ ထိုဒေသတွင် အရှင်သခင်အား မွေးဖွားခြင်းမှာ ယုံနိုင်စရာပင်မရှိပေ။ သို့ရာတွင် မိက္ခာပြောသကဲ့သို့ တကယ်ပင် ဖြစ်လာခဲ့ပါပြီ။ အမှန်မှာ ခရစ်တော်ဖွားမြင်ခြင်းသည် ရာပေါင်းများစွာသော ဗျာဒိတ်တော်များထဲမှ တစ်ခုသာလျှင် ဖြစ်သည်။

ကျွန်ုပ်တို့ ဘုရားသခင်၏ ကြေငြာချက်ကို ဖတ်ရသည်မှာ ....

*အဦးမှစ၍ အဆုံးတိုင်အောင်၄င်း၊ ရှေးကာလမှစ၍ မဖြစ်ဘူးသေးသော အမှုအရာတို့ကို၄င်း ဖော်ပြလျက်၊ ငါ့အကြံတည်လိမ့်မည်။ ငါအလိုရှိသမျှကို ငါပြည့်စုံစေမည်ဟု ဆိုလျက်.... (ဟေရှာ ၄၆း၁၀)*

*ဖြစ်ဘူးသောအရာတို့ကို အထက်က သင်တို့အား ငါဟောလေပြီ။ ထိုအရာတို့သည် ငါ့နှုတ်မှ ထွက်၍ ထင်ရှားကြပြီ။ ချက်ခြင်း ငါပြုသောကြောင့် ဖြစ်ကြပြီ။ ......... အထက်က သင့်အား ငါဟောပြီ။ အမှု မဖြစ်မီ ငါဖော်ပြပြီ.......... (ဟေရှာ ၄၈း၃း၅)*

သမိုင်းက သက်သေပြုခဲ့ပြီး ဘုရားသခင်၏ သမ္မာကျမ်းစာတွင် ဖေါ်ပြထားသည့် ဗျာဒိတ်တော်များသည် ရာနှုန်းပြည့် မှန်ကန်ခဲ့ပြီ။

## သမ္မာကျမ်းစာ၏ လွှမ်းမိုးမှု

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သမ္မာကျမ်းစာသာလျှင်ဖြစ်ကြောင်း ဒုတိယမြောက်အဓိကအထောက်အထား တစ်ခုအဖြစ် ပြရလျှင် သမ္မာကျမ်းစာ၏ လွှမ်းမိုးမှုပင်ဖြစ်သည်။ မည်သည့်အချိန်အခါ၊ မည်သည့်နေရာဒေသ၌မဆို သမ္မာကျမ်းစာကို လေ့လာလိုက်စားခြင်းနှင့် ယုံကြည်မှုက လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုနှင့် လူတစ်ဦးချင်းသာမက လူသား



အမျိုးအနွယ်တို့အပေါ် ဂုဏ်သိက္ခာထွန်းလင်းစေပါသည်။

ဤစာအုပ်ကို ပထမအကြိမ်ပြန်လည်ပြင်ဆင်ထုတ်ဝေပုံနှိပ်ခြင်း မပြုမီ မိတ်ဆွေတစ်ဦးကျွန်ုပ်ထံ လာရောက်လည်ပတ်ခဲ့ပါသည်။ ဧည့်သည်နှင့်အတူ စာမူကို ပြန်လည် စီစစ်ခဲ့ပါသည်။ စိတ်ခံစားမှုကို အလွယ်တကူပြခြင်းမဟုတ်သော်လည်း အခန်း (၇) ကို ကျွန်ုပ်တို့ ဖတ်ကြသောအခါ ဧည့်သည်ခမျာ မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ရသည်။ နှစ်ကြိမ်တိုင်တိုင် စာမူ စစ်ဆေးခြင်းကို ရပ်၍ ကျွန်ုပ်တို့ ဆုတောင်းပဌာနပြု ကျေးဇူးတော်ချီးမွမ်းကြရသည်မှာ ဘုရားသခင်၏ မေတ္တာတော်ကို ဖတ်ရှုနေကြစဉ်ဖြစ်ပါသည်။ ကျွန်ုပ်တို့နှစ်ဦးသား အတူတကွ ဘုရားသခင်၏ စိတ်ရှည်ခြင်း၊ ကျွန်ုပ်တို့၏ မထိုက်တန်သော အသက်တာအပေါ်တွင်ထားသော ဘုရားသခင်၏ ဂရုဏာတော်၊ မေတ္တာတော်များအတွက် ကျေးဇူးတော်ချီးမွမ်းကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ တည်ရှိနေခြင်းကို ခံစားမိကြသဖြင့် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံရပါသည်။

ထိုနေ့သည် ကျွန်ုပ်၏ မိတ်ဆွေအတွက် အလွန်ထူးသော နေ့တစ်နေ့ဖြစ်ပါသည်။ လွန်ခဲ့သောနှစ် ဤနေ့၊ ဤရက်က တစ်ယောက်တည်း ခမ်းနားသော အခန်းတစ်ခန်းတွင် နေထိုင်ပြီး ယခုအခါ ခြားနားသော အခန်းတွင် ကျွန်ုပ်နှင့် တွေ့ဆုံခြင်းဖြစ်ပေသည်။

သို့ရာတွင် ထိုအချိန်က အလှအပများဝိုင်းရံနေလင့်ကစား သူသည် စိတ်ပျော်ရွှင်မှု မရရှိခဲ့ပေ။ အမှန်တကယ် သူ၏ရင်တွင်း၌ ခံစားနေရသည့် မျှော်လင့်ချက်ကုန်ဆုံးမှုကြောင့် အသက်ရှင်နေထိုင်ရန်ပင် မလိုလားတော့ပေ။ ပျော်ရွှင်မှုကို ရှာရင်း စိတ်အလိုကိုလိုက်ခြင်းဖြင့် လူစိတ်ပျောက်ကာ တိရစ္ဆာန်စိတ်ပင်ပေါက်လာသည်။ ကိုကင်းစွဲခဲ့သဖြင့် စီးပွားပျက်ခဲ့ရပြီး အခြားမူးယစ်ဆေးဝါးနှင့်အရက်ကိုပါ နေ့စဉ်မှီဝဲသုံးစွဲခဲ့ပါသည်။ နှစ်ပေါင်းများစွာ ဥရောပတိုက်နှင့် ကမ္ဘာတစ်လွှားရှိ အချမ်းသာဆုံးသော သူများနှင့် ပါတီပွဲတက်ရာမှ တစ်ညတွင် တစ်ဦးတည်း အဖော်မပါဖြစ်

ခဲ့သည်။ သူ၏အထီးကျန်မှုတွင် မေ့ပျောက်၍မရနိုင်သော ဆုံးရှုံးမှုက တစ်ဖန် ခြောက်လှန့်ခါ ထိတ်လန့်တုန်လှုပ်ဖွယ်အတိဖြစ်သော လောကကြီးတွင် အကျဉ်းကျမည်ကို ကြောက်ရွံ့နေမိတော့သည်။ သူ့အတွက် ထွက်ပေါက်ကို မမြင်တော့ပါ။

နောက်တစ်ဖန် ပြန်လှည့်ကြည့်ရန်မလိုသော ဆုံးဖြတ်ချက်ချခါ သူ၏ နှစ်လုံးပြူးသေနတ်ကို ကျည်ဖြည့်ပြီး နားထင်တွင်တေ့ကာ မောင်းတင်လိုက်ပါတော့သည်။ ဘဝတစ်ခုလုံးဆုံးရှုံးရန် စက္ကန့်ပိုင်းသာအလိုတွင် (ကျွန်ုပ်၏မိတ်ဆွေအနေနှင့် လျပ်တပြက်မည်သို့ဖြစ်သွားသည်ကို မသိလိုက်ဘဲ) ရုပ်မြင်သံကြားအစီအစဉ်မှာ ပြောင်းသွားသည်။ ရုပ်မြင်သံကြားအစီအစဉ်မှ အနာဂတ်မျှော်လင့်ချက်နှင့်ပတ်သက်သော သမ္မာကျမ်းစာမှ ကျမ်းပိုဒ်တစ်ပိုဒ်ကို ကြားလိုက်သည်။ သို့ဖြင့် တစ်ကိုယ်တည်း သန်းခေါင်ယံအချိန်တွင် ဘုရားသခင်ရှေ့တော်မှောက်တွင် အပြစ်မှခွင့် လွတ်ပါရန် ဝန်ချတောင်းခံပါတော့သည်။

ဘုရားသခင်၏ ဘုန်းတန်ခိုးတော်အားဖြင့် ဘဝအသက်တာကို လုံးဝပြောင်းလဲမှုရလိုက်သော ကျွန်ုပ်၏မိတ်ဆွေအနေတွင် အထက်ကဖော်ပြခဲ့သော သွင်ပြင်လက္ခဏာများနှင့် တူညီသော သွင်ပြင်လက္ခဏာ အနည်းအကျဉ်းကို သာတွေ့ရတော့သည်။ သူမမွေးခင်က သူ၏မိဘများသည် သူ့အတွက် ဆုတောင်းပေးခဲ့ပါသည်။ သူငယ်စဉ်က သမ္မာကျမ်းစာကို လေ့လာခဲ့ဖူးသော်လည်း အလေးထားခံယူခြင်းမရှိခဲ့ပါ။ အခွင့်ထူးခံကြွယ်ဝချမ်းသာသော သူ့ကမ္ဘာလေးထဲ၌ ဘုရားသခင်အား ပုန်ကန်လျက် မယုံကြည်နိုင်လောက်အောင် စာရိတ္တပျက်ပြားခဲ့သည်။

ထိုမေ့မရနိုင်သော ဘုရားသခင်နှင့် တွေ့ဆုံသည့်ညမတိုင်မီ လွန်ခဲ့သော နှစ်ပေါင်း (၁၇) နှစ်က ကျွန်ုပ်၏မိတ်ဆွေသည် သားရေဖုံးမှတ်စုစာအုပ်တစ်အုပ်ကို ဝယ်ယူခဲ့ပါသည်။ သူ့စိတ်ကူးမှာ ထိုနေ့မှစ၍ သူ့ဘဝအတွင်း ထူးခြားမှတ်သားလောက်သော အဖြစ်အပျက်တို့ကို မှတ်



တမ်းတင်နိုင်ရန်ဖြစ်ပါသည်။ သို့ရာတွင် ထိုကာလများက ပျော်ပါးသုံးဖြုန်းလျက် အချိန်များအလဟသကုန်လွန်ခဲ့မှုများကြောင့် မှတ်တမ်းတင်နိုင်လောက်မည့် အဖြစ်အပျက်များမရှိ။ ထို့ကြောင့် မှတ်တမ်းမတင်နိုင်ခဲ့ပေ။

အမှန်မှာ ထိုနှစ်များအတွင်း ကျွန်ုပ်၏မိတ်ဆွေသည် ဘုရားသခင်ကို မေ့လျော့ခဲ့ပြီး လျှို့ဝှက်ဆန်းကျယ်၍ စိတ်ကျေနပ်မှုမရသည့် ဝိညာဉ်လောကတွင် ကျင်လည်နေခဲ့ပါသည်။ အစပထမတွင် သူသည် ရှေ့ဖြစ်ဟောချက်နှင့် ရော့ခ်တေးဂီတတို့တွင် စိတ်ဝင်စားမှုများမှ စတင်ခဲ့ပြီး သဘာဝလွန်မှော်ပညာတို့နှင့် ပတ်သက်ရောနှောမှုများရှိလာခဲ့ပါသည်။ နောက်ပိုင်းတွင် ဟိန္ဒူယောဂီကျင့်စဉ်ကို အထူးစိတ်ဝင်စားကာ၊ ဟိန္ဒူအဘိဓမ္မာများကို လေးလေးနက်နက် လေ့လာလိုက်စားပြီး အရှေ့တိုင်း လျှို့ဝှက်ဆန်းကျယ်ပညာရပ်များတွင် ပါဝင်ပတ်သက်လာခဲ့ပါသည်။ ဖော်ပြပါ အတွေ့အကြုံများထဲမှလည်း သားရေဖုံးစာအုပ်ထဲတွင် မှတ်တမ်းတင်ရန်အကြောင်းအရာ တစ်ခုမျှ မရှိခဲ့ပါ။ စက္ကူဖြူဖြူလေးများဖြင့် ချုပ်ထားသော စာအုပ်လေးမှာ လွမ်းဖွယ်ကောင်းလောက်အောင်ပင် ဗလာကျင်းနေသည်မှာ ထိုမေ့မရနိုင်သော ဘုရားသခင်နှင့်တွေ့သည့် ညတိုင်အောင်ဖြစ်သည်။

ထိုညချင်းတွင်ပင် ကျွန်ုပ်၏မိတ်ဆွေသည် ပထမဆုံးသော ရေးမှတ်မှုကို သူ၏စာအုပ်လေးထဲတွင် ထည့်သွင်းခွင့်ရရှိခဲ့ပါတော့သည်။ သူရေးမှတ်ထားသည်တို့ကို ဖတ်ရသည်မှာ ကျွန်ုပ်အဖို့ ဝမ်းမြောက်လှပါသည်။ ဤရေးသားချက်များသည် ဘုရားသခင်၏ မေတ္တာနှင့်ပြည့်သော ကယ်တင်ခြင်းကို ခံရသော၊ ဝိညာဉ်ရေးရာနှင့်ပတ်သက်၍ အလွန်အမင်းလိုအပ်ချက်ရှိသော ပုဂ္ဂိုလ်တစ်ဦး၏ လေးနက်သော ရေးမှတ်ချက်ဖြစ်ပါသည်။ တကယ်ပင်ကောင်းလှပါသည်။ ဘုရားသခင်သည် မျှော်လင့်ခြင်းကင်းမဲ့လျက် ဘဝကို အရှုံးပေးတော့မည့် ဝိညာဉ်ရေးရာတွင် မျက်ကန်း

သဖွယ်ဖြစ်ရသူတစ်ဦးအား အလင်းတော်မြတ်ဖြစ်သည့် မပြောင်းလဲသည့် သမ္မာတရားနှင့် အံ့ဩဖွယ်မေတ္တာတော်ဖြင့် ကယ်တင်ခဲ့ပါသည်။

ဝိညာဉ်ရေးရာတွင် ထွက်ပေါက်ရှာမတွေ့နိုင်ဘဲ မျက်ကန်းသဖွယ်ဖြစ်နေသော ကျွန်ုပ်၏မိတ်ဆွေအား ဘုရားသခင်က သမ္မာကျမ်းစာအုပ်အားဖြင့် ဖော်ပြခဲ့သည်။ သင့်အနေဖြင့် သမ္မာကျမ်းစာကို မျက်ကွယ်ပြုခြင်းဖြင့် သင်သည် မှားယွင်းသောယုံကြည်မှု၏ ဘောင်ခတ်ခြင်းကို ခံရမည်ဖြစ်ပါသည်။ သို့ရာတွင် ဘုရားသခင်ကို ရှာဖွေရာတွင် သမ္မာကျမ်းစာကို လေ့လာခံယူခြင်းဖြင့် ဝိညာဉ်တော်အလင်း၏ လမ်းညွှန်မှုက သင်၏လိုအပ်မှုကို ဖြည့်စွမ်းနိုင်ပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်၌သာ ကိုယ်တော်နှင့်ပတ်သက်သည့် မှန်ကန်သောနားလည်မှုကို ကျွန်ုပ်တို့ ရရှိနိုင်ပါသည်။ ဤကျမ်းစာသည် ကျွန်ုပ်တို့အား သမ္မာတရား၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် လောကအလင်းကို ဖော်ပြပေးနိုင်မည်ဖြစ်ပါသည်။

သခင်၊ နှုတ်ကပတ်တော်တည်ပါ၏။
ကျွန်ုပ်တို့အား လမ်းပြပါ၏။
သမ္မာတရားကို ယုံကြည်သူဖြစ်ပါ၏။
အလင်းနှင့် ဝမ်းမြောက်ခြင်းရှိပါ၏။



**သုံးသပ်ရန်**

၁။ အခြားစာမူများ၊ ‘ဓမ္မအရေးအသားများ’ထဲမှ သမ္မာကျမ်းစာကဲ့သို့ တိကျမှန်ကန်မှုရှိသော နိမိတ်ဖတ်မှုများရှိပါသလား။

၂။ သင်နှင့် ရင်းနှီးသူများထဲတွင် သမ္မာကျမ်းစာပါ ဟောကြားချက်များကို သတိပြုမှုကြောင့် အသက်တာပြောင်းလဲမှုရရှိသွားသောသူ ရှိပါသလား။

၃။ သမ္မာကျမ်းစာပါ အဓိကသင်ကြားလမ်းညွှန်မှုများကို ဂရုမပြုခြင်းနှင့်တစ်ချိန်တည်းမှာပင် ပွင့်လင်းသော သဘောထားမရှိဘဲ ဖတ်ရှုလေ့လာမိပါသလား။

**ကောင်းကင်နှင့် မဟာပထဝီမြေတည်ရှိနေမှုကြောင့်
အချို့လူသားများအတွက် ဆန့်ကျင်လိုမှုသည် တစ်ချိန်တည်းတွင်
ရှိနေသည်ကို ပြဿနာတစ်ရပ်အဖြစ် ယူဆပါက ဘုရားသခင်နှင့်ပတ်သက်၍
ကိုယ်တော်ရှိမှု၊ ကိုယ်တော်၏အသွင်အပြင်ကို
တည်ကြည်သောလူသားများအနေဖြင့်
မည်သို့ပြုမူဆောင်ရွက်သင့်ပါသနည်း**





# *ဘုရားသခင်၏အသွင်အပြင်မည်သို့ ရှိသနည်း*

တစ်ခါတစ်ရံတွင် လူများမေးခွန်းထုတ်ကြသည်မှာ “ဘုရားသခင်၏ အသွင်အပြင်မည်သို့ ရှိပါသလဲ” ဟူ၍ဖြစ်၏။ ဘုရားသခင်က ထိုမေးခွန်းအတွက် အဖြေပေးပြီးဖြစ်သော်လည်း ယခုချိန်တိုင်အောင် လူအချို့တို့သည် မိမိစိတ်ကူးနှင့် မှန်းဆထင်ကြေးပေးဖို့ကိုသာ အဓိကထားပြီး သမ္မာကျမ်းစာပါ ဘုရားသခင်၏ နှုတ်ကပတ်တော်မိန့်မှာချက်ကို ဖတ်ရှုခြင်း မပြုကြပါ။

အမှန်ဆိုရလျှင် ထိုသူများသည် သမ္မာကျမ်းစာပါ အရေးကြီးသောအချက်ကို ပြောင်းပြန်လှန်သူများဖြစ်သည်။ “*ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့် တညီတည်းလူကို ဖန်ဆင်းကြစို့* (က ၁း၂၆) ဟု ဆိုသည်ကို သူတို့က “ငါတို့ ဘုရားသခင်ကို ငါတို့ပုံနှင့်တူရန် ဖန်တီးကြစို့” ဟု ဆိုကြပြန်ပါသည်။ “*မဖောက်ပြန် မပျက်စီးနိုင်သော ဘုရားသခင်၏ ဂုဏ်တော်ကို ပယ်လျက်၊ ဖောက်ပြန်ပျက်စီးတတ်သော လူ၏ရုပ်တု၊ သားငှက် အစရှိသော တွားတတ်သော တိရစ္ဆာန်၏ ရုပ်တုကို ဘုရားသခင်အရာ၌ ချီးမြှောက်ကြ၏။*” (ရော ၁း၂၃) ဟု ဖော်ပြသလိုပင်။ လူသားတို့၏ စိတ်ကူးကြံဆသော ‘ဘုရား’ တို့သည် တန်ခိုးမရှိရုံသာမက တစ်ခါတစ်ရံ အချိုးမကျသော ဆန်းပြားသည့် ရုပ်တုများကိုပင် တွေ့မြင်ရပါသည်။

မည်မျှပင် တတ်သိလိမ္မာသူဖြစ်ပါစေ ထိုသူအနေဖြင့် ဘုရားသခင်အား လောကီပညာဖြင့် ရှာဖွေတွေ့မည်မဟုတ်ပါ။ “*လောကီသားတို့သည် မိမိတို့ ပညာအားဖြင့် ဘုရားသခင်ကို မသိဘဲ နေကြသောအခါ*”

(၁ကော ၁း၁၂)။ လောကီအသိနှင့် ဖော်ထုတ်ရှာဖွေနိုင်သော ဘုရားသည် အစစ်အမှန်မဟုတ်နိုင်ပါ။ လူတို့၏ အသိဉာဏ်ကို သုံး၍ ဘုရားသခင်ကို ထုတ်ဖော်ရှာဖွေရပါက အသိအလိမ္မာနည်းပါးသော သူတို့အတွက်မူ ဘုရားသခင်ကို တမ်းတရှာဖွေနိုင်ရန် အလွန်ပင် အခွင့်အရေးနည်းပါး နေတော့မည်။

အမှန်တွင် ဝိညာဉ်ရေးရာအသိပညာကို မည်သူမဆိုရနိုင်ပါသည်။ အာဖရိကတိုက် တောတွင်းတစ်နေရာမှ ကျွဲကျောင်းသူအမျိုးသမီးတစ်ဦး နှင့် တက္ကသိုလ်ပါမောက္ခတစ်ဦးတို့အတွက် ခြားနားချက်လုံးဝမရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်ရေးရာသိနားလည်ဖို့ရန် ခေတ်ပညာ တတ်ရန်မလိုပါ။ နှိမ့်ချတတ်သော စိတ်နှလုံးရှိပြီး ဘုရားသခင်၏ အကူ အညီလိုအပ်ကြောင်း ခံယူသူတိုင်းရနိုင်ပါသည်။

> *“သင်တို့တွင် တစုံတယောက်သောသူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာ စိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်းစေ၊ တောင်း လျှင်ရ လိမ့်မည်။” (ယာ ၁း၅)* ထိုသို့သော အသိအလိမ္မာသည် လောကီမှုမဟုတ်ပေ။ တစ်ဦးတစ်ယောက်မျှ ဤလောက၏ ပုံမှန်အုပ်ချုပ်မှုထုံးတမ်းစဉ်လာအတိုင်း အုပ်ချုပ်နေသော သူများနားမလည်နိုင်သည့် .... *“ထိုပညာကို လောကီမင်း တစုံတ ယောက်မျှ မသိ။* **....** *ငါတို့သည် လောကီဝိညာဉ်ကို မခံရကြ။ ဘုရားသခင်ပေးတော်မူသောအရာတို့ကို သိခြင်းအလို့ငှာ ဘုရား သခင်ထံမှ ကြွလာသော ဝိညာဉ်ကို ခံရကြပြီ။” (၁ကော ၂း၈၊ ၂)*

သမ္မာကျမ်းစာသည် ဘာသာရေးစာတမ်းတစ်စောင်သာမဟုတ်။ ကျမ်းစာသည် အဓိကအားဖြင့် ဘုရားသခင်က ကိုယ်တော်၏ ထင်ရှားစေ မှုကို လူသားအား ပြသသော မှတ်တမ်းတစ်ရပ်ဖြစ်သည်။ ဘုရားသခင်



က သင့်အတွက် ဝိညာဉ်အသိပေးခြင်းဖြင့် ကိုယ်တော်သည် မည်သူဖြစ် ကြောင်းနှင့် သင့်အသက်တာ၌ လုပ်ဆောင်ပေးလိုသည်များကို နားလည် သဘောပေါက်ရန် ပြည့်ဝွန်သော ကျမ်းဖြစ်ပါသည်။

သင်ကသာ မေးလျှောက်ပါက ဘုရားသခင်က သူ၏နှုတ်ကပတ် တော်အားဖြင့် ကိုယ်တော်၏ ထင်ရှားမှုကို ပြသပါလိမ့်မည်။

ကျွန်တော်တို့၏ ခရီးတစ်လျှောက် မထင်မှတ်သောနေရာနှင့် မ မျှော်လင့်သောသူများထံမှ ဝိညာဉ်ရေးရာတွင် စိတ်ဝင်စားမှုနှင့် နက်ရှိုင်း သည့် အမြင်ရှိသူများစသည်တို့ကို တွေ့ခဲ့ရပါသည်။ ဥပမာ - တစ်နေ့ ကင်ညာနိုင်ငံတောတွင်းမှ ကလေးတစ်စုသည် သူတို့၏ ယုံကြည်မှုကို မျှ ဝေလိုခြင်းနှင့် ဘုရားသခင်နှင့်စပ်ဆိုင်သည့်အကြောင်းအရာများကို ပိုမိုလေ့လာလိုသည်ကို မြင်တွေ့ခဲ့ရပါသည်။

အပူပိုင်းဒေသတွင် နေဝန်းကြီးသည် တရိပ်ရိပ်နှင့်မိုးကုပ်စက်ဝိုင်း အောက်ရောက်သွားသည်နှင့် ကျွန်ုပ်အဖို့ အလုပ်များသော တစ်နေ့တာ ကုန်ဆုံးသွားရပြန်ပါသည်။ ဖုံထူလှသော ကင်ညာနိုင်ငံတောလမ်းကလေး ဘေးမှ ကျောက်တုံးပေါ်တွင် အနားယူထိုင်နေစဉ် ချုံပုတ်ကြားထဲမှ လှုပ် ရှားသံကို ကြားလိုက်သည်။ လှည့်ကြည့်လိုက်စဉ် လရောင်မှိန်မှိန်အောက် တွင် တောက်ပနေသော အာဖရိကန်လူငယ်လေးတစ်ဦး၏ ကြီးမားလှ သောမျက်လုံးနှစ်လုံးကို တွေ့လိုက်ရပါသည်။ တစ်ခဏချင်း ထိုဆယ်နှစ် သားလူငယ်လေးသည် ကျွန်တော့်ဘေးတွင် လာထိုင်ပြီးနောက် စကား ပြောကြရာမှ မိတ်ဆွေကောင်းတစ်ဦးဖြစ်လာခဲ့ပါသည်။ အခြားကလေး ငယ်များလည်း မည်သည့်နေရာမှ ရောက်လာကြသည်မသိရ၊ ကျွန်တော် တို့ စကားပြောနေကြသည်ကို ကြား၍ လာရောက်နားထောင်ကြဟန် တူပါသည်။ သမ္မာကျမ်းစာနှင့်ပတ်သက်ပြီး ထိုကလေးငယ်များ၏တတ်သိ နားလည်မှုများက ကျွန်ုပ်အား အထင်ကြီးစေပါသည်။

“ဘာကြောင့် ဘုရားသခင်က မောရှေကို သူ့ရဲ့မျက်နှာတော် မြင်ခွင့်

မပြုရတာလဲ”ဟု ကျွန်ုပ်၏ မိတ်ဆွေလေးက မေးခွန်းထုတ်လာပါသည်။

သည်အမေးကို အထူးစိတ်ဝင်စားမိပြီး ဂျိုဝဲလ်ကလေးကို ကျွန်တော်က သူ့အနေနှင့် ဘုရားသခင် မောရှေကို မိန့်တော်မူသည်မှာ “*ငါ့ ကျော ကိုသာမြင်ရမည်။ ငါ့မျက်နှာကို မမြင်ရ*” (ထွ ၃၃း၂၃) ကို မမွှက်မိ မောရှေဆုတောင်းချက်ကို မှတ်မိသေးရဲ့လားဟု ပြန်မေးခွန်းထုတ်လိုက်ပါသည်။

သူမဖြေနိုင်သဖြင့် “ဒီလိုဆိုရင် ငါပြောပြမယ်” ကျွန်ုပ်ကဆက်ပြီး “*မောရှေက ကိုယ်တော်၏ဘုန်းကို အကျွန်ုပ်အားပြပါ။ အကျွန်ုပ် တောင်းပန်ပါ၏*လို့ တောင်းတယ်။ (ထွ ၃၃း၁၈)။ တကယ်တော့ မောရှေက ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်ဟာ ဘယ်လိုလဲလို့ မေးခွန်းထုတ်ခဲ့တာဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ဒီဆုတောင်းချက်ကို ဖြည့်ဆည်းပေးဖို့ မလွယ်တာကို ဘုရားသခင် သိတယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရဲ့ နက်ရှိုင်းလှတဲ့ ဘုန်းတော်ကို မြင်သိနားလည်ဖို့ ဆိုတာ မောရှေအဖို့ လုံးဝမဖြစ်နိုင်ဘူး။ ထွန်းလင်းတောက်ပသန့်ရှင်းမြင့်မြတ်လှတဲ့ ဘုန်းတော်ဟာ မြင်သူတိုင်းကို ဝါးမြိုနိုင်လို့ ကိုယ်တော်က သတိပေးတာက “*ငါ့မျက်နှာကို မြင်လျှင် အသက်ရှင်ရသောသူ တစုံတယောက်မျှမရှိ*” (ထွ ၃၃း၂၀)

မောရှေက ဤအချက်ကို မသိနားမလည်ခဲ့ပါ။ ဘုရားသခင်သည် ကိုယ်တော်တိုင်ထင်ရှားမြင်တွေ့စေသောဘုရားဖြစ်သောကြောင့် လူသားများကို သူ့ထံတော်သို့ ချဉ်းကပ်ရန် ဆွဲခေါ်လျက်ရှိပါသည်။ မောရှေအနေဖြင့် ခံနိုင်ရည်ရှိသလောက်သာ ကိုယ်တော်၏ဘုန်းတော်ကို ထင်ရှားစေခဲ့ပါသည်။ ဘုရားသခင်က ထိုထက်ပိုပြီး ပြပါက မောရှေသည် ဘုန်းတော်ကြောင့် ပျက်စီးသွားနိုင်သည်။ ဘုရားသခင်က သူ၏ဘုန်းကို အပြည့်အဝမပြခဲ့သော်လည်း ကိုယ်တော်မောရှေအနားမှ ဖြတ်သွားရာတွင် ကိုယ်တော်က မောရှေကို ကာကွယ်လိုသဖြင့် “....ကျောက်ကြား၌ ငါသွင်းထား၍....” (ထွ ၃၃း၂၂)



အီကွေတာဒေသတွင်နေထိုင်ကြသော ကျွန်ုပ်၏မိတ်ဆွေကလေးများသည် နေမွန်းတည့်အချိန်တွင် မျက်စေ့အကာအကွယ်မပါဘဲ နေကို မကြည့်နိုင်ကြောင်း နားလည်ထားပြီးဖြစ်သကဲ့သို့ မှောင်မိုက်သောညများတွင် မီးရောင်က ပိုးဖလံလေးများကို အနားကပ်လာဖို့ ဆွဲဆောင်ခြင်းကိုလည်း သိပြီးဖြစ်ကြသည်။ ထိုအခါ ကျွန်တော်က ပိုးဖလံကလေးများ အလင်းရောင်နားကပ်လာလျှင် မည်သို့ဖြစ်မည်ကို မေးကြည့်သောအခါ အားလုံးက ပြိုင်တူပင် “သေကုန်မှာပေါ့” ဟု ဖြေကြပါသည်။ သူတို့အားလုံးသေသေချာချာသိထားကြသည်မှာ အလင်းရောင်နှင့်အကြာကြီးထိတွေ့လျှင် အန္တရာယ်ဖြစ်နိုင်သည်ဟုဖြစ်သည်။

ကျွန်တော်က ကလေးများ၏ မေးခွန်းများကို သူတို့နားလည်အောင် ဖြေဆိုပေးဖို့ ဥပမာတစ်ခုပေးနိုင်အောင် ကြိုးစားစဉ်းစားကြည့်ပါသည်။ သူတို့၏ညီအစ်ကိုမောင်နှမအားလုံးကို မိခင်များ၏ မေတ္တာနှောင်ကြိုးက ရစ်ပတ်ပြီး ရင်ခွင်တွင် ပိုက်ထွေးထားခြင်း၊ ဘုရားသခင်က ယောဘ ၃၈း၉ ပါ ကောင်းကင်၊ မြေကြီးနှင့် သမုဒ္ဒရာကို ထွေးပိုက်ပုံ အစရှိသည်များကို ပြောပြပါသည်။

ကျွန်တော်၏ မိတ်ဆွေလေးများအား ဘုရားသခင်ကွယ်ကာမှုကြောင့် ပြင်းထန်လှသောအပူဒဏ်ကို အကာအကွယ်ပေးထားသည်ဆိုသည်ကို သူတို့ နားလည်လောက်သောစကားလုံးများ သုံးပြီး ပြောသောအခါ အထူးစိတ်ဝင်စားကြသည်ကို တွေ့ရပါသည်။ ကျွန်တော် ပြောပြသမျှကို ကလေးများ အကုန်နားလည်ချင်မှ နားလည်မည်ဖြစ်သည်။ သို့သော် သူတို့လေးများ၏ နုနယ်လှသောနှလုံးသားလေးများသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ဘုန်းတော်အပေါ် တုံ့ပြန်မှုရှိသည်ကို တွေ့ရ၍ ကျွန်ုပ်တို့အားလုံး တန်ဖိုးရှိလှသောအချိန်တွင် ဆုတောင်းပဌနာပြုခွင့်ရခဲ့ပါသည်။ တကယ်ပင် သူတို့တတွေတစ်ဦးချင်းအနေဖြင့် သိကြသည်မှာ သူတို့သည်လည်း မောရှေကဲ့သို့ ဘုရားသခင်ကို တမ်းတရှာဖွေရာတွင်

ကိုယ်တော်၏ အကွယ်အကာကို ခံစားရရှိကြသည်ကိုဖြစ်သည်။

ကျွန်ုပ်တို့ ကိုယ်တော်၏ ပုံသဏ္ဍာန်ကို အပြည့်အဝနားလည်စေနိုင်ရန် ဘုရားသခင်ကိုယ်တော်တိုင်က သူ၏ဘွဲ့နာမည်ကို ပြောခဲ့ပါသည်။

သမ္မာကျမ်းစာတွင် ဘွဲ့နာမများကို အရေးတကြီးပြဆိုထားပါသည်။ အကြောင်းမှာ ဘွဲ့နာမ၏အဓိပ္ပာယ်က ထိုဘွဲ့နာမပိုင်ရှင်၏ ဂုဏ်ကို ထင်ဟပ်စေသောကြောင့်ဖြစ်သည်။ ဘုရားသခင်အား ဝိသေသပြုသော ဘွဲ့နာမတစ်ခုစီတွင် ထင်ရှားသောလက္ခဏာရှိပြီး တုနှိုင်းမရသောမြင့်မြတ်သော ပုဂ္ဂိုလ်ဟု သိစေနိုင်ပါသည်။

ဓမ္မဟောင်းကျမ်းထဲတွင် အဓိကနာမတော်များအဖြစ် ယာဝေ (Yahweh)၊ အီလိုဟင် (Elohim)နှင့် အဒိုးနီးယား(Adonai) စသည်များကို ဘုရားသခင်ကိုယ်စားခေါ်ဝေါ်သည်ကို တွေ့ရသည်။ နာမတော်တစ်ခုစီတွင် ထူးခြားသော လက္ခဏာများရှိပါသည်။ အီလိုဟင်မှာ ဦးစွာပထမတင်စားခေါ်ပြီး အကြိမ်ပေါင်း (၂၀၀၀) ကျော်မျှ ဖော်ပြပါရှိသည်။ ယာဝေသည် အထွတ်အထိပ်ခေါ်ဆိုထားခြင်းဖြစ်သော်လည်း ဘုရားသခင်ကိုယ်တော်တိုင်က အရေးကြီးပြီး ထူးခြားသောလက္ခဏာကို ဆောင်သည့် အီလိုဟင်ကို ကျွန်ုပ်တို့အနေနှင့် ချန်လှပ်မထားစေလိုပါ။ အဘယ်ကြောင့်နည်း။

အင်္ဂလိပ်ဘာသာတွင် ဗဟုဝုစ်နှင့်ဧကဝုစ်ကိန်း အသုံးပြုရာတွင် သာမန်သဒ္ဒါအသုံးအနှုန်းပင်ဖြစ်သော်လည်း ရဟူဒီဘာသာစကား၌ ပိုမိုတိကျသော အသုံးအနှုန်းကို ယူထားပါသည်။ အီလိုဟင်မှာ ဗဟုဝုစ်အဖြစ်ဖော်ပြထားပါသည်။

တစ်ဖန် ဘုရားသခင်ကို သိသာထင်ရှားစေရာတွင် သမ္မာကျမ်းစာအဆိုမှာ -

***ငါတို့ ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။*** (တရား ၆း၄) သို့ဖြင့် သမ္မာကျမ်းစာပါ



ပထမဆုံးစာပိုဒ်သည် လူသားတို့အား ဘုရားသခင်၏ဖွင့်ဟထုတ်ဖော်ချက်များဖြစ်ပြီး ကျွန်ုပ်တို့အား သုံးပါးတစ်ဆူနှင့် တစ်ဆူတည်းတွင် သုံးပါးဟူသောပြဆိုချက်ကို ပထမမိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ *အစအဦး၌ ဘုရားသခင်(အီလိုဟင်)သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။* (က ၁း၁) တစ်ခါတစ်ရံ၌သုံးပါးတစ်ဆူကို သုံးပါးတစ်ဆူဟု ခေါ်ဝေါ်ပါသည်။

ဘုရားသခင်က သုံးပါးတစ်ဆူကို ညွှန်းဆိုပြီးနောက် အနည်းငယ်ဆက်ဖတ်ရာတွင် ဘုရားသခင်၏ လူသားကို ဖန်ဆင်းခြင်းမှတ်တမ်းကို တွေ့ရပါမည်။ ဤတွင် ဘုရားသခင်၏ သုံးပါးတစ်ဆူ ယူဆချက်ကို အားဖြည့်ပေးသည့် တိကျသောအချက်ကို တွေ့နိုင်ပါသည်။

***တဖန် ဘုရားသခင်က၊ ငါတို့ ပုံသဏ္ဍာန်တော်နှင့်တညီတည်း လူကို ဖန်ဆင်းကြစို့။*** (က ၁း၂၆) ယခုကဲ့သို့ ‘ငါတို့’ ဟူသော ဝေါဟာရသည် ဗဟုဝုစ်ကိန်းဖြင့် သုံးဆူတူညီခြင်း ထပ်ဆင့်ညွှန်းထားပါသည်။ သို့ရာတွင် နောက်စာပိုဒ်၌.........

***မိမိပုံသဏ္ဍာန်နှင့်အညီ.....လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်.....”*** (က ၁း၂၇) ဆိုရာ၌ မိမိဟူသော ဝေါဟာရသည် တစ်ပါးတည်းကို ရည်ညွှန်းပါသည်။ ထို့ကြောင့် ဧကဝုစ်၊ ဗဟုဝုစ် ပြဆိုချက်မှာ ဘုရားသခင်ကို ရည်ညွှန်းခြင်းဖြစ်ပြီး ဘုရားသခင်အား အီလိုဟင်ဟု ကျွန်ုပ်တို့အား မိတ်ဆက်ပေးထားပြီးဖြစ်ပါသည်။

ဤဘုရားသခင်အား လောကီလူသားတို့၏ အသိအမြင်၊ ဉာဏ်ပညာဖြင့် နားလည်နိုင်ရန် မလွယ်လှပါ။ ထို့ကြောင့်ပင် “*ဘုရားသခင်ပေးတော်မူသောအရာတို့ကို သိမြင်ခြင်းအလို့ငှာ ဘုရားသခင်ထံမှ ကြွလာသော ဝိညာဉ်ကို ခံရပြီ” (၁ကော ၂း၁၂)* ရှေးဦးပထမဘုရားသခင်၏ အသွင်အပြင်ပုံသဏ္ဍာန်မည်သို့ မည်ပုံရှိသည်ကို ပြသအပြီး ကိုယ်တော်၏ နက်နဲသိမ်မွေ့လှသော သုံးပါးတစ်ဆူနှင့် ထာဝရဂုဏ်ကျက်သရေကိုပါ တဖြည်း

ဖြည်းဖော်ပြခဲ့ပါသည်။ ဤကိုယ်တော်၏ လက္ခဏာဖြစ်သော သုံးပါးတစ်ဆူနှင့် တစ်ဆူတည်းတွင် သုံးပါးကို ပေါ်လွင်ထင်ရှားစွာ မြင်တွေ့နားလည်ထားပါက သင့်အနေနှင့် နောင်တွင် ကိုယ်တော့် မေတ္တာအတိမ်အနက်ကို တန်ဖိုးထား နားလည်နိုင်မည်ဖြစ်ပါသည်။

မှန်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏ ထူးခြားမြင့်မြတ်လှသော မေတ္တာတော်ကို တန်ဖိုးထားနားလည်နိုင်စေရန် သမ္မာကျမ်းစာ၌ ဖော်ပြထားပါသည်။ သမ္မာကျမ်းစာတွင် အဖဘုရားသခင်၊ ဘုရားသားတော်၊ သန့်ရှင်းသောဝိညာဉ်တော်စသည်ဖြင့် ထည့်သွင်းဖော်ပြထားပါသည်။ ဘုရားသခင်သည် ကိုယ်တော်သာလျှင် တစ်ဦးတည်း၊ ထာဝရ၊ တစ်ဆူတည်းသောဘုရားအဖြစ် ဖော်ပြသိစေပါသည်။ လောကီသားများဖြစ်ကြသော ကျွန်ုပ်တို့အနေနှင့် ဤအယူအဆကို အနည်းအကျဉ်းသာ ရိပ်စားမိမည်ဖြစ်ပါသည်။ လူသားတို့အနေဖြင့် စစ်မှန်သောဘုရားကို မျှော်မှန်းကြည့်ဖို့ရန်မှာ လွယ်ကူလှသည်မဟုတ်သဖြင့် ဘုရားသခင်ကိုယ်တော်တိုင်က အရေးတယူဖြင့် လူသားတို့ကို ထင်ရှားစေပါသည်။

ဘုရားသခင်၏ ဂုဏ်သတင်းနှင့် ကြည်ညိုထိုက်မှု၏ အထွတ်အထိပ်အပြည့်အဝကို မောရှေအနေနှင့်ပင် မမြင်နိုင်ပါ။ သို့ရာတွင် ဘုရားသားတော်၊ အီလိုဟင်အနေနှင့်မူကား လူသားတစ်ဦးအနေနှင့် သင့်လျော်မှန်ကန်သည့် ရှုမြင်မှုကို ဖော်ပြခဲ့ပါသည်။
ဓမ္မသစ်ကျမ်းတွင် ဖတ်ရှုရသည်မှာ -

> *မှောင်မိုက်ထဲက အလင်းထွန်းလင်းမည့်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကိုသိသော ဉာဏ်၏အရောင်ကို ပေးလိုသောငှာ ငါတို့ စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏။*
> *(၂ကော ၄း၆)*



စဉ်းစားကြည့်ကြပါစို့။ ယောဟန်က သခင်ယေရှု၏ မျက်နှာတော်ကို စေ့စေ့ကြည့်ပြီး *“ခမည်းတော်၌ တပါးတည်းသောသားတော်ကို ငါတို့သည် မြင်ကြရပြီ။” (ယော ၁း၁၄)*

ထို့နောက် ယောဟန်က သူ၏ကိုယ်တွေ့ကို ရေးသားရာတွင် ယေရှုကိုယ်၌ အီလိုဟင်ကို မြင်တွေ့ခဲ့ရခြင်းဖြင့် ဘုရားသခင်နှင့်တွေ့ရကြောင်း ရေးသားပြခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ယောဟန်က သူ့အနေနှင့် ထာဝရဘုရား၊ ဖန်ဆင်းရှင်နှင့် မောရှေ၏ ဘုရားသခင်ကိုပါ ခရစ်တော်၌ တွေ့ရကြောင်း ရှင်းလင်းပြတ်သားစွာ တင်ပြထားသည်။

ဤသို့သော မှတ်မှတ်ထင်ထင်ဆုံဆည်းမှုကို ကြားနိုင်၊ မြင်နိုင်၊ လက်ဆုပ်လက်ကိုင်ပြနိုင်ပါသည်။

> *ရှေးဦးစွာကပင်၊ ငါတို့သည် ကိုယ်တိုင်ကြားလျက်* (သူကြားခဲ့ရသော ဆုံဆည်းမှု)၊ *ကိုယ်မျက်စိနှင့်မြင်လျက်၊ စေ့စေ့ကြည့်ရှု၍* (သူမြင်ခဲ့ရသော ဆုံဆည်းမှု)၊ *လက်နှင့်စမ်းသပ်ခဲ့ပြီးသော* (ကိုယ်တိုင်ကိုယ်ကျ ဆုံဆည်းမှု) .....(၁ယော ၁း၁)

ယောဟန်၏ မှတ်တမ်းတင်ထားချက်သည် ပုဂ္ဂိုလ်စွဲကျမ်းတစ်စောင်မဟုတ်ပါ။ အသက်ရှင်သော ဘုရားရှင်နှင့် သူ၏ ဆုံဆည်းမှုကို သက်သေခံခြင်းတစ်ရပ်သာဖြစ်သည်။

သင့်အနေဖြင့် အထက်ပါအကြောင်းအရာများက ယခုခေတ်အခါတွင် မည်သို့အကျိုးပြုမည်နည်းဟု မေးနိုင်ပေသည်။ ယောဟန်အနေဖြင့်လည်း ချက်ခြင်းအဖြေပေးမည်ဖြစ်ပါသည်။ *သင်တို့၏ ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှာ၊ ဤအရာများကို ငါတို့သည် ရေးလိုက်ကြ၏။ (၁ယော ၁း၄)* ထို့အတူ ယခုသင်ဖတ်နေသော စာအုပ်သည် သင်၏ မိတ်ဆွေတစ်ဦးက သင်သည်လည်း အသက်ရှင်သော ဘုရားသခင်နှင့် တွေ့ထိ၍ ဝမ်းမြောက်စေရန် ရည်ရွယ်ပါသည်။

ယောဟန်က

*ငါတို့သည် ခမည်းတော်နှင့်၄င်း၊ သားတော်ယေရှုခရစ်နှင့်၄င်း မိဿဟာယဖွဲ့ရသည်ဖြစ်၍ သင်တို့သည် ငါတို့နှင့် မိဿဟာယဖွဲ့စေခြင်းငှာ၊ ငါတို့ မြင်ရသောအရာကို သင်တို့အား ပြသကြ၏။ သင်တို့၏ ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှာလည်း ဤအရာများကို ငါတို့သည် ရေးလိုက်ကြ၏။ (၁ယော ၁း၃-၄)*

မှန်ပါသည်။ အလင်းရောင်သည် အမှောင်ကို ခွင်းနိုင်သကဲ့သို့ ဘုရားသခင်၏ ဘုန်းတော်သည်လည်း လူသားတို့အပေါ် ထွန်းလင်းစေပါသည်။ ယနေ့တွင် သင်သာအလိုရှိပါက မောရှေနှင့်အတူ ဆုတောင်းနိုင်ပါသည်။



**သုံးသပ်ရန်**

၁။ သင်သည် ဘုရားသခင်ကို ရှာဖွေရာတွင် သမ္မာကျမ်းစာကို သေချာစွာဖတ်ပါသလား။

၂။ သင်သည် ကျမ်းစာဖတ်စဉ်တွင် “ကိုယ်တော်၏ဘုန်းတော်ကို ကျွန်ုပ်မြင်တွေ့ရန် ထင်ရှားစေပါ” ဟု ဆုတောင်းပါသလား။

၃။ သင်သည် ဘုရားသခင်၏ ကြီးမြတ်သော ဂုဏ်တော်များကို ဉာဏ်မီသလောက် မှန်းဆခြင်းဖြင့် တွေ့နိုင်မည်လား။

***ကျွန်ုပ်အမြင်မှာ လူ့သဘာဝကို အထိုက်အလျောက်နားလည်ပါတယ်။***
***ရှေးပဝေသဏီက သူရဲကောင်းတွေဟာ ယောကျ်ားရင့်မကြီးတွေပါ။***
***ကျွန်ုပ်လည်း ယောကျ်ားတစ်ယောက်ပါ။ ဒါပေမယ့်သူ့ကို မမီပါဘူး။***
***ခရစ်တော်ကတော့ ယောကျ်ားတစ်ယောက်ထက်***
***အများကြီးသာလွန်တဲ့ ယောကျ်ားပါ။***

***နပိုလီယံ***





# *လူများကို မည်သည့်အရာက ပိုင်းခြားထားပါသနည်း*

သတင်းနှင့် နည်းပညာတိုးတက်လာသောယနေ့ခေတ်တွင် ကမ္ဘာကြီးကို ကမ္ဘာရွာကြီးဟုပင် ခေါ်ဆိုနေကြပြီဖြစ်သည်။ သို့သော် ရန်လိုသော အိမ်နီးနားချင်းများကြောင့် တိုးပွားများပြားလာသော အန္တရာယ်နှင့်ပြည့်နေသည့် ရွာကြီးတစ်ရွာအဖြစ် ပြောင်းလဲလာနေသည်ကို တွေ့မြင်နေရပါသည်။

အပေါ်ယံကြည့်လျှင် လူလူချင်းခွဲခြားဆက်ဆံမှု၏ အကြောင်းရင်းမှာ ကျယ်ပြန့်လှသော နိုင်ငံရေး၊ စီးပွားရေး၊ အိမ်တွင်းရေးနှင့် စက်ရုံအလုပ်ရုံစီမံခန့်ခွဲရေးတို့ဖြစ်ပါသည်။ ယခုကဲ့သို့ တိုးပွားလာသော ပြဿနာများကြောင့် လူအများစိတ်မချမ်းမြေ့ဖွယ် တကွဲတပြားဖြစ်ကြရသည့်အပြင် ခွဲခြားဆက်ဆံမှုများ ကမ္ဘာကြီးတစ်ခုလုံးတွင် ပျံ့နှံ့များပြားလာနေပါသည်။

သိသာသောမည်သည့်အချက်များကြောင့် ခွဲခြားမှုများရှိနေသည်ကို ဦးစွာအကျဉ်းချုံးကြည့်ကြပါစို့။ ထို့နောက်မှ အဓိကအကြောင်းအချက်ကို စဉ်းစားကြပါမည်။

## သိသာသော ကွာဟမှုများ

**နိုင်ငံရေးကွာဟမှု** — နိုင်ငံရေးသမားများတို့သည် မယုံကြည်မှု၊ စိုးရိမ်ထိတ်လန့်မှုတို့နှင့် ရင်ဆိုင်နေရပြီး စေ့စပ်ဆွေးနွေးခြင်းဖြင့် ဖြေရှင်း

မရနိုင်သောအခါမျိုးကြုံလာလျှင် နိုင်ငံရေးသမားများက တိုင်းပြည်လုံခြုံမှုအတွက် စစ်အင်အားကသာ ကာကွယ်ပေးနိုင်မည်ဟု ထင်ကြသည်။

တစ်ချိန်တည်းတွင် စိုးရိမ်ကြောင့်ကျလျက်ရှိသော ပြည်သူအများစုက ငြိမ်းချမ်းရေးနှင့် အနုမြူလက်နက်ဖျက်သိမ်းရေးကို ဦးစားပေးဆန္ဒပြကြပါသည်။ စစ်ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဆန္ဒပြကြသောသူများသည် တစ်ခါတစ်ရံ ငြိမ်းချမ်းရေးနှင့်ဆန့်ကျင်ဘက်ဖြစ်သော ရုန်းရင်း ဆန်ခတ်မှုများကို ပြုမူတတ်ကြသည်။ ဤသို့ဖြစ်ပျက်လာလျှင် စစ်ဖြစ်ခြင်း ၏ နိဒါန်းပမာ ဝမ်းနည်းစရာဖြစ်ရသည်။

**စီးပွားရေးကွာဟမှု** — သဘာဝဘေးရန်များဖြစ်သော မိုးခေါင်ခြင်း၊ လျှပ်ဒဏ်ခံရခြင်းနှင့် ဝတ်မွတ်ခေါင်းပါးခြင်းများ အစဉ်တိုးပွား များပြားလာနေခြင်းတို့သည် တတိယကမ္ဘာကြီး၏ပြဿနာဖြစ်သည်။ ဤသို့သော ဘေးရန်များသည် ဆင်းရဲသောနိုင်ငံများနှင့်ချမ်းသာသော နိုင်ငံများ အကြားတွင် စီးပွားရေးကွာဟမှုများကို ထင်ရှားစေသည်။ စိတ်အားထက်သန်သော အလှူရှင်များ၊ ကိုယ်ကျိုးမငဲ့ကူညီသူများရှိလင့်ကစား ဝမ်းနည်းဖွယ်ကောင်းသည်မှာ ချမ်းသာသောနိုင်ငံများက ပိုချမ်းသာလာပြီး ဆင်းရဲသောနိုင်ငံများမှာလည်း ပိုဆင်းရဲလာသည်ကို တွေ့ရသည်။

**အိမ်တွင်းကွာဟမှု** — ယနေ့အချိန်တွင် အိမ်ထောင်ရေးပြိုကွဲမှုများ ဖုံးကွယ်မရလောက်အောင် ကူးစက်ကြီးထွားနေပါသည်။ Letsoale က "ကျနော့ အိမ်တော့ ပျက်စီးသွားပြီ" ဟု မျက်ရည်ဝဲလျက် ပြောသွားပါသည်။ ကျွန်ုပ်က သူ၏လေးပင်ထရံကာ အာဖရိကတဲလေးပျက်စီးသွားခြင်းကို ပြောသည်ဟု ထင်မိသည်။ အမှန်မှာ သူ့ဇနီးက သူ့အား ထားရစ်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အခါတွင် များပြားလှသော အိမ်ထောင်များ ပျက်စီးရခြင်း၏ အကြောင်းရင်းမှာ ချစ်ခြင်းမေတ္တာနှင့် တည်ဆောက်ထားခြင်းမဟုတ်ဘဲ တစ်ကိုယ်ကောင်းဆန်သော လူနေမှုစနစ်တွင် တည်ဆောက်ထားသောကြောင့် ပျက်စီးကြရခြင်းဖြစ်သည်။ (ရှေ့အခန်းတွင်



ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အိမ်ထောင်တိုင်းရနိုင်ပြီး တည်မြဲရမည်ဟူသည်ကို ဖတ်ရပါမည်)

**စက်ရုံအလုပ်ရုံစီမံခန့်ခွဲရေး ကွာဟမှု** — လုပ်ငန်းခွင်တွင်းမှ မကျေနပ်မှုများ၊ စိတ်ဖိစီးမှုများအကြောင်းကို ကျွန်ုပ်တို့ အစဉ်ကြားနေရသည်။ ၁၉၈၅ အစောပိုင်းက ဗြိတိန်နိုင်ငံတွင် ၂၀ ရာစုနှစ်အတွင်း အဆိုးရွားဆုံးသော ပဋိပက္ခကို အဆုံးသတ်စေခဲ့သည်။ ဆန္ဒပြမှုများအဆုံးသတ်သွားသော်လည်း မကျေနပ်မှုများက လုပ်ငန်းခွင်တွင် အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေး အဖုအထစ်ဖြစ်နေခဲ့သည်။ ဤအခြေအနေနှင့် ၁၉၀၄ ခုနှစ်က ဝေလပြည်နယ်၊ ကျောက်မီးသွေးတွင်း အလုပ်ရှင်နှင့် အလုပ်သမားတို့၏ တင်းမာမှုကို အဆုံးသတ်စေသည့်အခြေအနေ မည်သို့ကွာခြားသည်ဆိုသည့် မေးခွန်းကို ထိုပဋိပက္ခအတွင်းပါဝင်ခဲ့သူ ဂျွန်တယ်ရီက ပြန်ပြောပြပါသည်။

ကျွန်ုပ်သည် ဂျွန်အား တွေ့စဉ်က သူ့အသက် ၉၁ နှစ်ရှိပါပြီ။ သူသည် မျက်စိလုံးဝမမြင်ရတော့သည့်အပြင် အဆုတ်ရောဂါကိုလည်း ခံစားနေရပါသည်။ ထိုရောဂါမျိုးကို ကျောက်မီးသွေးတွင်းတူးသမားများ အများဆုံးခံစားရသည်ဖြစ်၍ 'မိုင်းသမားရောဂါ' (Miners Disease) ဟု ခေါ်ပါသည်။ အခွင့်သင့်တိုင်း ကျွန်ုပ်နှင့်ဇနီးသည်တို့သည် ဝေလနယ်မြောက်ပိုင်းမှ သူ့အိမ်ကလေးဆီသို့ သွားရောက်လည်ပတ်လေ့ရှိကြပါသည်။ ဂျွန်က ဟက်ဟက်ပက်ပက် ရယ်မောတတ်ပြီး၊ ပျော်ပျော်နေတတ်သလို အပြောလည်းကောင်းသူမို့ ၁၉၀၄-၁၉၀၅ ခုနှစ်များတွင် ဝေလပြည်နယ်အနေနှင့် ပြန်လည်နိုးထခြင်းရခဲ့သည်ဟု ဂျွန်ကပြောပါသည်။ ထိုအချိန်က ဝေလပြည်မှ မိုင်းလုပ်သားများ အသက်ရှင်တော်မူသောဘုရားသခင်ကို ဆုံတွေ့ခဲ့ကြပါသည်။ အလုပ်ရှင်များနှင့်အလုပ်သမားများ အတူတကွ တွေ့ခဲ့ကြရခြင်းဖြစ်ပါသည်။ ၁၉၀၅ ခုနှင့် ၁၉၈၅ ခု တို့အကြား မည်မျှ ကွာခြားကြောင်းကို ဂျွန်က အားပါတရပြောပြခဲ့ပါသည်။

ဂျွန်က ထိုစဉ်က အတွေ့အကြုံကို ဝမ်းသာအားရပြန်ပြောပြနေပါသည်။ သူက ထိုစဉ်တုန်းက များပြားလှသော ယမကာဆိုင်များစီးပွားပျက်ပြီးပိတ်လိုက်ရသော်လည်း သောက်သုံးသူများသည် အရက်ကို မတောင့်တကြပါ။ ဆက်လက်ပြီး သူက လုပ်ဖော်ဆောင်ဖက်များနှင့် မိုင်းထဲဆင်းချိန်တွင် ဂုဏ်တော်ချီးမွမ်းခြင်းသီးချင်းများကို တပျော်တပါး သီဆိုခဲ့ကြသည့်အကြောင်းကိုလည်း ပြောပြပါသေးသည်။ သူကပြုံးပြီး "လူတွေက အခုထိလာမေးနေကြတယ်၊ ပြန်လည်နိုးထခြင်းဟာ ဘယ်မှာလဲ" ဟု မေးကြပါသည်။ ထိုအခါ သူက မိမိရင်ဘတ်ကို ပုတ်ပြလျက် "ဒီမှာပဲ၊ အခုထိ ဒီမှာပဲ" ဟု ပြန်ဖြေသည့်ကြောင်းကို ဆက်ပြောပြပါသည်။

## ***စစ်မှန်သော ကွာဟမှု***

ဖော်ပြသည့် ကွာဟချက်များသည် အထူးနက်နဲကြောင်းသိရသော်လည်း အမှန်မှာ ထူးထူးခြားခြား အံ့သြဖွယ်ကောင်းလောက်အောင် လူသားများ၏ ကွာဟမှုကို ဖြစ်စေသော အရာတစ်ခုရှိသေးသည်။ ထိုအရာမှာ အန္တရာယ်ရှိပြီး အေးချမ်းသာယာနေသော နေရာများကို ခြိမ်းခြောက်လျက်ရှိနေသည်။ နောက်ဆုံးတွင် လူများသည် ဘုရားသခင်နှင့် ပတ်သက်၍ နားလည်မှု လွဲမှားနေကြသည်ကို တွေ့ရပါသည်။

ဘုရားသခင်သည် မိမိ၏ဘုရားဖြစ်ခြင်းဇာတိတော်ကို ဖော်ပြရာတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ခရစ်တော် မဖွားမြင်မီက ဘုရားသခင်က ကိုယ်တော်၏စစ်မှန်သောသဏ္ဍာန်တော်ကို လူအပေါင်းတို့ သိစေရန် ကြီးမြတ်သောအလင်းကို ပို့ပေးမည်ဟု ကတိပေးထားပါသည်။ ထိုအလင်းတော်သည် ဘုရားသခင်ကို သိရန် ကူမပေးမည်ဖြစ်ပါသည်။ ကိုယ်တော်က *မှောင်မိုက်ထဲမှာ သွားလာသောသူတို့သည် ကြီးစွာသောအလင်းကို မြင်ရ၍ ....... (ဟေရှာ ၉း၂)*။ ဘုရားသခင်က ထိုအလင်းရောင်ကို မြင်တွေ့နိုင်ရန် အသေးစိတ်ဖော်ပြထားသည်မှာ *ငါ*



*တို့အဖို့ သူငယ်ကို ဖွားမြင်၏။ ငါတို့အား သားကို သနားတော်မူ၏။ (ဟေရှာ ၉း၆)*

စင်စစ်ဖော်ပြပါ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထူးခြားမှု မရှိလှပါ။ ကလေးများသည် အစဉ်မွေးဖွားနေသည်ပင်။ ကလေးတစ်ယောက်မွေးဖွားမှုကို မှတ်တမ်းပြုရန်လိုအပ်ရခြင်းမှာ ဘုရားသခင်၏ ကတိတော်နှင့် ဆက်စပ်နေသောကြောင့် ဖြစ်ပါသည်။ ယခင်က ပရောဖက်ပြုချက်တို့သည် ယခုအခါ သမိုင်းတစ်ခု၏မှတ်တိုင်ဖြစ်နေပါပြီ။ ကမ္ဘာမြေပေါ်တွင် ကလေးငယ်တစ်ယောက်မွေးဖွားလာပါသည်။ ကောင်းကင်ဘုံမှ သားတော်တစ်ပါးဖြစ်စေခဲ့ပါပြီ။ ကလေးငယ်သည် ဘုရားသားတော်ဖြစ်တော်မူပြီး အမှောင်ကမ္ဘာထဲ လမ်းပျောက်နေသူ လူသားများအတွက် ဘုရားပေးသောအလင်းဖြစ်ပါသည်။ ယနေ့တိုင်အောင် ထိုအလင်းသည် ထွန်းလင်းနေပြီး အမှောင်ကို ခွင်းသကဲ့သို့ ဘုရားသခင်အပေါ် လူသားများ၏ အမြင်ကိုလည်း ကြည်လင်စေပါသည်။

အတုမရှိ၊ ပြိုင်ဘက်ကင်းသော ဘုရားသခင်၏တစ်ပါးတည်းသောသားတော်ကို အခြားကလေးများနှင့် ခွဲခြားမြင်နိုင်ရန် ဘုရားသခင်က *ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဖွားမြင်လတံ့။ ထိုသားကို ဧမာနွေလဟူသော အမည်ဖြင့် မှည့်ရလတံ့။ (ဟေရှာ ၇း၁၄)*

ဧမာနွေလဟူသည်မှာ ငါတို့နှင့်အတူရှိတော်မူသောဘုရား ဟူသောမြင့်မြတ်သည့် အဓိပ္ပာယ်သည် မည်မျှအံ့သြဖွယ်ကောင်းပါသနည်း။ ကျွန်ုပ်တို့ တန်ဖိုးထားသော အမည်၏ အဓိပ္ပာယ်ကို သမ္မာကျမ်းစာ၌ မှတ်တမ်းတင်ထားခြင်းသည် အခြားဘာသာတရားများနှင့် မတူ ထူးခြားနေသည်ကို သိနားလည်စေပါသည်။ အခြားသောဘာသာတရားများမှာ လူသားတို့အနေနှင့် ဘုရားရှင်ကို ချဉ်းကပ်ရမည်ဆိုပါသည်။ သမ္မာကျမ်းစာတွင်မူကား ဘုရားသခင်သည် လူသားတို့အား ရှာဖွေချဉ်းကပ်သည်ဟု ဆိုထား

ပါသည်။

သမ္မာကျမ်းစာထဲတွင် ကမ္ဘာကြီးကို စတင်တည်ထောင်ချိန်တွင် အပျိုကညာ၌ ကလေးငယ်တစ်ဦးအတူရှိကြောင်း မှတ်တမ်းတင်ထားပါသည်။ ထိုစကြဝဠာကို ဖန်ဆင်းရှင်ပြုတော်မူခဲ့သော အချိန်နှင့်နေရာတို့သည် ယခုအခါတွင် သမိုင်းဝင် အချက်တစ်ရပ်ဖြစ်ပါသည်။ *အိမ်မက်ကိုမြင်ရသည်မှာ ထာဝရဘုရား၏ကောင်းကင်တမန်သည် ထင်ရှား၍ ဒါဝိဒ်အမျိုး ယောသပ် သင်၏ခင်ပွန်းမာရိကို ထိန်းသိမ်းရမည်ကို မစိုးရိမ်နှင့်။ ဤ ပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဖြစ်၏* (မ ၁း၂၀)။ ထိုနောက်တွင် ခရစ်တော်ဖွားမြင်ပြီး အစဉ်အတိုင်းကြီးပွားလာချိန်တွင် ခရစ်တော်က မိမိအား ဆန့်ကျင်သောသူများရှေ့တွင် *ငါသည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏* (ယော ၁၀း၃၀)

အပိုလို - ၁၅ အာကာသသူရဲကောင်း ဂျင်(မ)အာဝေးက "ဘုရားသခင် ကမ္ဘာမြေပေါ်တွင် လမ်းလျှောက်ခြင်းသည် လူသားများလပေါ်တွင် လမ်းလျှောက်ခြင်းထက် ပိုပြီးအရာရောက်ပါသည်" ဟု ရေးသားခဲ့ပါသည်။ အမှန်ပင် လူသားတို့၏ လေဟာနယ်ထဲ စွန့်စားအစွမ်းပြခြင်းသည် ဘုရားသခင် လူ့လောကသို့ ကြွရောက်လာခြင်းနှင့် နှိုင်း၍ မရပါ။

ကလေးတစ်ဦးမွေးဖွားလိမ့်မည်။ ထို့နောက်သားတော်တစ်ပါးကို ပေးလိမ့်မည်ဟူသော ပရောဖက်ပြုပြီးသည့်နောက်တွင် ပိုမိုတိကျသော တစ်ဆူတည်းသောပုဂ္ဂိုလ်၏ ဂုဏ်တော်များမှာ *နာမတော်မူကား၊ အံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင် .......... အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိလိမ့်မည်။ (ဟေရှာ ၉း၆-၇)* အမှန်မှာ ကမ္ဘာကြီးအား အုပ်စိုးသူတစ်ဦးအနေနှင့် အံ့ဩဖွယ်ကောင်းသော ဦးတည်ချက်နှင့် စွမ်းရည်ရောနှောပေါင်းစပ်မှုရှိရမည်ဖြစ်သည်။ ယနေ့ ကမ္ဘာပေါ်တွင် ကျွန်ုပ်



တို့အလိုရှိသော ခေါင်းဆောင်တစ်ဦးအဖြစ် အမြော်အမြင်ရှိပြီး မှန်ကန်သောလုပ်ဆောင်မှုကို ပေးနိုင်ရုံသာမက စွမ်းရည်နှင့် ပြည့်စုံနေရမည်ဖြစ်ပါသည်။ အချို့သော ခေါင်းဆောင်များအနေနှင့် မည်သို့သော စွမ်းဆောင်မှုမျိုးပေးရမည်ကို သိသော်လည်း သမိုင်းတစ်လျှောက်တွင် မည်သည့်ခေါင်းဆောင်ကမျှ ထာဝရနှင့်သက်ဆိုင်သော ငြိမ်သက်ခြင်းကို မပေးနိုင်ခဲ့ကြပါ။

ကမ္ဘာကြီးအား ထာဝရငြိမ်သက်ခြင်းပေးနိုင်သူမှာ ငြိမ်သက်ခြင်းအရှင်တစ်ဦးတည်းသာလျှင် ပေးစွမ်းနိုင်သည်။ တစ်နေ့တစ်ချိန်တွင် သခင်ယေရှုသည် ကမ္ဘာလောကသို့ ပြန်ကြွလာပြီး အုပ်ချုပ်ပါလိမ့်မည်။ ထိုနေ့ရောက်လျှင် လက်နက်ထုတ်လုပ်သော စက်ရုံမှန်သမျှ ပိတ်ရပြီး ရှိရှိသမျှသော အနုမြူဗုံးများတွင်လည် စနက်တံများတပ်ရန်လိုတော့မည်မဟုတ်။

မျှော်လင့်ချက်ကင်းမဲ့ပြီး ချို့တဲ့အားနည်းသောလူသည် မိမိလူများကို အုပ်ချုပ်နိုင်စွမ်းမရှိကြောင်း ပြသပြီးဖြစ်သည်။ လူသားအားလုံးအနေဖြင့် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုရှရှိရန် ငြိမ်သက်ခြင်းအရှင် ကိုယ်တော်တိုင် စကြဝဠာတခွင်ကို စီရင်အုပ်ချုပ်မည့်အချိန်ကိုစောင့်ကြို ရပါလိမ့်မည်။ *ထိုအခါ လူတို့သည် ဓားလက်နက်ကို ထွန်သွားဖြစ်စေ ခြင်းငှာငင်း၊ လှံများကို တံစဉ်ဖြစ်စေခြင်းငှာငင်း ထုလုပ်ကြလိမ့်မည်။ တပြည်ကိုတပြည် စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တဖန်မသင် ရကြ။ (ဟေရှာ ၂း၄)*

ထိုငြိမ်းချမ်းသာယာသောနေ့တွင် *ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့ မြေကြီးသည် ထာဝရဘုရားကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။ (ဟဗ ၂း၁၄)* ထာဝရဘုရားကျေနပ်စေနိုင်သော သမိုင်း၏ နိဂုံးသည် ဤသည်မှတစ်ပါး အခြားမရှိနိုင်ပေ။

ယခုကဲ့သို့ ယေရှု၏ ညွှန်ကြားမှုဖြင့် လူသားအားလုံးအတွက် ငြိမ်း

ချမ်းသောကာလမတိုင်မီက ကွာဟမှုများရှိနေသည်ကို မြင်သိရပါပြီ။ နောက်တစ်ဖန် ပေါ်ပေါက်လာဦးမည့် ပဋိပက္ခသည် ယေရှုအပေါ် မူတည်နေမည်ဖြစ်၍ ကိုယ်တော်သည် မည်သူဖြစ်သနည်း။ အဘယ်အတွက်ကြောင့် ကိုယ်တော်ကြွလာတော်မူသနည်းနှင့် ကိုယ်တော်ရှိခိုက် သင့်အတွက် ဘာလုပ်ပေးခဲ့သနည်း ဆိုသည့် မေးခွန်းများကို သင့်အနေဖြင့် ရှင်းလင်းသေချာစွာ သိထားဖို့ အလွန်အရေးကြီးပါသည်။

ကမ္ဘာဦးကျမ်းနှင့် ရှင်ယောဟန်ခရစ်ဝင်အဖွင့်များတွင် တူညီသော အချက်များကို တွေ့နိုင်ပါသည်။ ကမ္ဘာဦးကျမ်းတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ *အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။ (က ၁း၁) အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။........ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ (ယော ၁း၁၊ ၃)* ကမ္ဘာဦးကျမ်းတွင် အီလိုဟင်ဟု ခေါ်ဆိုသော ဘုရားသခင်အား နှုတ်ကပတ်တော်ဟု ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ညွှန်းဆို၏။ အီလိုဟင်သည် နှုတ်ကပတ်တော်၊ ကိုယ်တော်သည် လူ့ဇာတိကို ခံယူ၍ ကိုယ်တော်ဖန်ဆင်းသော အရာခပ်သိမ်းတို့အကြား လျှောက်သွား၏။ နှုတ်ကပတ်တော်သည် လူ့ဇာတိအဖြစ်ကို ခံယူ၍ ကျွန်ုပ်တို့အပေါ် တည်၏။ ဤသို့ အံ့သြဖွယ်ဟောကြားသော နှုတ်ကပတ်တော်အပြည့်အစုံမှာ

> *အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်သောအရာ တစုံတခုမျှ မရှိ။ .... ထိုသူသည် ဤ*



> *လောက၌ ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကို မသိ။ သူသည် မိမိအရပ်ဒေသသို့ ကြွလာသော်လည်း မိမိလူမျိုးတို့သည် သူ့ကို လက်မခံဘဲနေကြ၏။ ထိုသူကို လက်ခံသမျှဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။.....နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍ ကျေးဇူးတော်နှင့်၄င်း၊ သစ္စာတော်နှင့်၄င်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။*
>
> *(ယော ၁း၁-၃၊ ၁၀း၁၂၊ ၁၄)*

လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာက မောရှေနှင့်အတူ သမိုင်းတစ်လျှောက်က လူသားများ၊ တမန်တော်ဖိလိပ္ပုပါမကျန် ဘုရားသခင်၏ သဏ္ဌာန်တော်ကို သိမြင်လိုကြသည်။

ဖိလိပ္ပုက ယေရှုခရစ်အား တောင်းဆိုရာတွင် *ဖိလိပ္ပုကလည်း သခင်၊ ခမည်းတော်ကို အကျွန်ုပ်အား ပြတော်မူပါ (ယော ၁၄း၈)*။ အံ့ဖွယ်ကောင်းလောက်အောင် ခရစ်တော်အဖြေပေးရာ၌ *ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏။ (ယော ၁၄း၉)*။ ဤသို့ အံ့သြဖွယ်ကောင်းသော အဖြေကအကယ်၍ ကိုယ်တော်ရှင်သာ ဘုရားမဟုတ်ပါက ယေရှုကိုယ်တော်ကို လိမ်လည်သူ သို့မဟုတ် အသိဉာဏ်နက်နဲသူဟု ထင်မြင်ကောင်းထင်မြင်နိုင်မည်ဖြစ်ပါသည်။ မည်သူကမှ ကိုယ်တော့်အား ထိုသို့ စွပ်စွဲပြောဆိုမည် မဟုတ်ပါ။ အကယ်၍သာ ကိုယ်တော်သည် ဘုရားသခင် မဟုတ်ပါက ကမ္ဘာ့အကြီးဆုံးအယောင်ဆောင်သူတစ်ဦးအဖြစ် ယူဆကြပါလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ခရစ်တော်ကို ဘုရားသခင်အဖြစ်

မြင်တွေ့ ရပါသည်။

ဤအခြေအနေတွင် ခရစ်တော်အား မည်သူမည်ဝါဖြစ်ကြောင်းပြောဆိုမှုကြောင့် စိတ်ဝမ်းကွဲစရာအခြေအနေ ပေါ်ပေါက်လာနိုင်ပါသည်။ တစ်နည်းအားဖြင့်လည်း အထူးအံ့ဩစရာမရှိသည့်အချက်မှာ ခရစ်တော်က *ငါသည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်။ (ယော ၁၀း၃၀)* မိန့်ဆိုချက်ကြောင့် အချို့က ခရစ်တော်သည် သူတို့ရှာဖွေနေသော ဘုရားသခင်ဖြစ်သည်ကို ခံယူကြသလို၊ ဘုရားသခင်အနေနှင့် ဤမျှနှိမ့်ချလာသည်ကို မခံယူနိုင်သောအမြင်ရှိသည်အလျှောက် အပြင်းအထန် မနှစ်သက် မလိုလားခြင်းကို ပြလိုသည့် လူများလည်း ရှိနေသည်ကို တွေ့ရပါမည်။ ခရစ်တော်သည် အချို့ကို ဆွဲဆောင်သိမ်းသွင်းခဲ့သလို အချို့ကို ဝေးကွာစေခဲ့ပါသည်။ သို့ဖြင့်ခရစ်တော်တွင် နောက်ပါပရိသတ်များရှိ သလို သေကြောင်းကြံစည်သူများလည်း ရှိခဲ့ပါသည်။

ခရစ်တော်၏အသက်တာအတွင်း လူများကို ခွဲခြားဆက်ဆံမှု ရှိခဲ့ပါသည်။ ခရစ်တော်က တိတိလင်းလင်းပြောခဲ့ရာတွင်၊ -

*ငါ့ဘက်၌ မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏။ (မ ၁၂း၃၀)*

**မည်သို့ပင်ဖြစ်စေ ရှေးဦးတုံ့ပြန်မှုမှာ ထာဝစဉ်ထင်ဟပ်မှုဖြစ်ရမည်ဟု မဆိုလိုပါ။**

တစ်ချိန်က ယုဒလူမျိုးခေါင်းဆောင်ဖြစ်ခဲ့သူ ရှောလုသည် ယေရှုခရစ်၏ရန်သူတစ်ဦးဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ခရစ်တော်၏နောက်လိုက်ဖြစ်လာခဲ့ပါသည်။ ရှောလုသည် ခရစ်တော်၏နောက်လိုက်များကို မုန်းတီးလွန်းသဖြင့် နှိပ်စက်ရုံမက သတ်ရန်ကိုပင် သဘောတူခဲ့သည်။ သို့သော် သူ၏အသက်တာပြောင်းလဲပြီးသောအခါ ခရစ်တော်အား ဆရာသခင်အဖြစ် တစ်သက်လုံး ဂုဏ်ပြုသွားခဲ့ပါတော့သည်။ ရှောလု၏ ခရစ်တော်



အပေါ် သစ္စာရှိမှု၏ရလဒ်မှာ အကြီးမားဆုံးသောခက်ခဲမှုများကို ဝမ်းမြောက်ကျေနပ်စွာ ခံယူသွားနိုင်ခြင်းပင်ဖြစ်သည်။ ထိုခြားနားချက်ကို မည်သည့်နည်းဖြင့် ရခဲ့ပါသနည်း။

ရှောလု ဒမာသက်မြို့သို့ သွားစဉ် ကြီးစွာသောအလင်းကြီးတစ်ခုကို မြင်တွေ့ခဲ့ရပါသည်။ ထိုအလင်းသည် တောက်ပလွန်းသဖြင့် ရှောလုသည် ခေတ္တမျှ မျက်စေ့ကွယ်ခဲ့ရပါသည်။ ရှောလုသည် တစ်ခါတည်းနှင့် ဘုရားသခင်ရှေ့မှောက်ရောက်နေပြီဟူသော အသိဝင်လာပါတော့သည်။

ရှောလုက ဂရိဘာသာစကားဖြင့် ယာဝေ ဟု ဘုရားသခင်ကို တမ်းတခေါ်ပြီး မေးလျှောက်လိုက်သည်မှာ *"သခင်ဘယ်သူပါလဲ"*ဘုရားသခင်က *"ငါကား သင် ညှဉ်းဆဲသော ယေရှုဖြစ်သတည်း" (တ ၉း၅)*။ ထိုနေ့ချင်းပင် ရှောလုသည် ယာဝေနှင့် ခရစ်တော် တစ်ဆူတည်းဖြစ်သည်ကို သိရှိသွားပါတော့သည်။

ဤဗျာဒိတ်တော်ကြောင့် ရှောလုသည်ခရစ်တော်၏ ရန်သူအဖြစ်မှ နောက်လိုက်ဖြစ်လာပြီး တမန်တော်ရှင်ပေါလုဖြစ်လာခဲ့ပါသည်။ ထိုနေ့ကစပြီး သူ့ဘဝအသက်တာကို ခရစ်တော်ထံ လုံးဝအပ်နှံထားသူအဖြစ် ပြောင်းလဲလာခဲ့ပါသည်။ ရှင်ပေါလုသည် သူ၏ယုံကြည်မှုကြောင့် များပြားလှစွာသော ဆင်းရဲဒုက္ခများထဲမှ ဘုရားသခင် ဤမြေကမ္ဘာပေါ်ဆင်းလာသည့် သတင်းကောင်းကို ဝေငှခဲ့ပါသည်။ ရှင်ပေါလုအသက်တာထဲသို့ ခရစ်တော်အမှန်သက်ရောက်လာသောအခါ သူ့ဘဝသည် အကြီးမြတ်ဆုံးသော သာသနာပြုဆရာအဖြစ် ပြောင်းလဲသွားပါတော့သည်။ သူရေးသားခဲ့သော စာစောင်များတွင် သူ၏ ယုံကြည်ချက်များဖြစ်သော *ထိုသခင်ဘို့အလို့ငှာငှင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ (ကော ၁း၁၆)* အစရှိသော ဟောပြောချက်များဖြစ်ပေါ်လာခဲ့သည်။

ကျွန်ုပ်တို့ သိမြင်ပြီးသည့်အတိုင်း သမ္မာကျမ်းစာ၌ ရှင်းလင်းပြထားသည်မှာ နာဇရက်မြို့သားယေရှုသည် သားတော်ဘုရားတစ်ပါးဖြစ်သည်။

မော်မွန်များ၊ ယေဟောဝါသက်သေခံများနှင့် အခြားသောသူများ ယူဆသလို ဘုရားသားတော်တစ်ပါးမဟုတ်ပါ။ အစ္စလာမ်ဘာသာ၌ ဖော်ပြထားသကဲ့သို့ ဘုရား၏ပရောဖက်တစ်ပါးလည်း မဟုတ်ပါ။ ဘုရားသခင်သည် မိမိကိုယ်ကိုပေးဆပ်သည်ဟူသော ဗျာဒိတ်တော်ကို မှားယွင်းသောသွန်သင်မှုပြုသောသူများက ဖုံးကွယ်ရန် ကြိုးစားနေကြသည်။ ဘုရားရှင်က ကွဲပြားနေသော အယူအဆများကို စုစည်းပေးဖို့ရန် အကြံအစည်တော်ရှိသည်။

ဥပမာအားဖြင့် ဟိန္ဒူဘာသာဝင်များသည် ခရစ်တော်အား များပြားလှစွာသောသူတို့၏ ဘုရားများနှင့်အတူ စင်ပေါ်ထားခြင်းဖြင့် အသိအမှတ်ပြုထားကြသည်။ စစ်မှန်သော၊ အသက်ရှင်သော ဧလိယ၏ဘုရားထာဝရဘုရားသခင်သည် ဗာလ်းမြို့တွင် ရုပ်တုကိုးကွယ်သောသူတို့၏ ရုပ်တုများကို တွန်းလဲမှောက်လှန်ခဲ့သည်။ ထိုအတူ လူတို့၏ စိတ်ကူးဖြင့် ထုလုပ်ထားသော ဘုရားမှန်သမျှသည် ယေရှုခရစ်၏ မျက်မှောက်တော်တွင် ကျဆင်းရမည်ဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်သည် သားတော်ဘုရား၊ ခမည်းတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့နှင့် တစ်လုံးတစ်ဝတည်းဖြစ်သောကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေနှင့် ယေရှုခရစ်သည် ဘုရားဖြစ်ကြောင်းသိရှိပြီးသည်နှင့်အတူ အပျိုစင်မှ ဖွားမြင်ခြင်း၊ ကိုယ်တော်ပြုတော်မူသော အံ့ဖွယ်နိမိတ်လက္ခဏာများ၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်ဘုံသို့ တက်ကြွခြင်းနှင့် မကြာမီကမ္ဘာလောကသို့ ဘုန်းတန်ခိုးအာဏာနှင့် ပြန်လည်ကြွဆင်းလာမည်တို့ကို နားလည်ပြီးဖြစ်သည်။ ခရစ်တော်သည် ပညတ်များနှင့် အသက်ရှင်ရန် ပြည့်စုံသည့် စကြဝဠာကြီးကို ဖန်ဆင်းသောအရှင်၊ ပြီးပြည့်စုံသောပညတ်တော်များကို ပြင်ဆင်ပြီး မိမိ၏ရည်ရွယ်ချက်ဖြစ်သော ချစ်ခြင်းမေတ္တာနှင့်ရွေးနှုတ်ကယ်တင်ခြင်းများကို ပြည့်စုံစေသူဖြစ်သည်။



နာဇရက်မြို့သားယေရှုရှိစဉ်အခါက ကမ္ဘာကြီးတွင် ကွဲပြားမှုများရှိနေခဲ့သည်။ ထိုသို့ ကွဲပြားနေသည့်အုပ်စုထဲတွင် ဆင်းရဲချမ်းသာကွာဟမှု၊ နိုင်ငံရေးနှင့် ၎င်းအပြင် ကွဲလွဲသည့်ဝါဒစွဲရှိနေသောတိုင်းနိုင်ငံများကြောင့် မဟုတ်ပါ။ ဘုရားရှင် ဤကမ္ဘာကြီးပေါ်ရောက်နေချိန်တွင် ရှိနှင့်နေပြီးသော ကွာဟချက်များသည် အထက်တွင်ဖော်ပြထားသော အကြောင်းများထက် အလွန်အခြေခံကျသော အကြောင်းများကြောင့်ပင်ဖြစ်သည်။

အထက်ဖော်ပြပါတို့သည် တမင်ချဲ့ကားပြောပြနေခြင်းမဟုတ်ပါ။ ခရစ်တော်ကိုယ်တော်တိုင်က -

> *ဘုရားသခင်သည် သင်တို့အဘမှန်လျှင်၊ သင်တို့သည် ငါ့ကို ချစ်ကြလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ဘုရားသခင့်အထံတော်မှ ထွက်ရောက်ကြွလာ၏။ ကိုယ်အလိုအလျှောက်လာသည်မဟုတ်။ ဘုရားသခင်သည် ငါ့ကို စေလွှတ်တော်မူ၏။ အဘယ်ကြောင့် ငါ့စကားကို နားမလည်ကြသနည်း။ ငါ၏ဒေသနာကို နားမခံမယူနိုင်သောကြောင့်သာ သင်တို့သည် ငါ့စကားကို နားမလည်ကြ။ သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုကိုလည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေးဦးစွာမှစ၍ လူအသက်ကို သတ်သောသူဖြစ်၏။ သူ၌ သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသာစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသာစကား၌ ကျင်လည်သောသူဖြစ်၏။ (ယော ၈း၄၂-၄၄)*

ယုံကြည်သူမိသားစုတို့ရှိကြသဖြင့် ထိုမိသားစုတို့၏အဘသည် ဘုရားသခင်ဖြစ်သကဲ့သို့ မယုံကြည်သောသူတို့၏ အဘသည် မာရ်နတ်ဖြစ်သည်ဟု ဆိုခြင်းက အံ့သြစရာဖြစ်နိုင်ပါသလား။ လူတိုင်းသည် ဘုရား၏ သားသမီးမဖြစ်နိုင်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုသို့မဟုတ်

မာရ်နတ်၏မိသားစုတစ်ခုခုကို ရွေးချယ်ရမည် ဖြစ်သည်။

သင် ဘုရားသခင်အပေါ် ရိုးသားဖြူစင်သည့်နှလုံးသားနှင့် ယုံကြည်မှုသည် မည်မျှပင်ကြီးမားသည်ဖြစ်ပါစေ သင်သည် ရိုးသားဖြူစင်စွာပင် မှားယွင်းနေပေလိမ့်မည်။ တစ်ဦးတစ်ယောက်သည် ရိုးသားဖြူစင်သည့် နှလုံးသားရှိသည့်အတွက် သူ၏ယုံကြည်မှုသည် မှန်ကန်သည်ဆိုလျှင် လိမ်ညာနေခြင်းဖြစ်ပါလိမ့်မည်။ အဆိပ်သည် အဆိပ်ဖြစ်ပြီး ယုံကြည်ခြင်းကြောင့် အဆိပ်သည် ဆေးဖြစ်မလာနိုင်ပါ။ ယုံကြည်ခြင်းနှင့် အဆိပ်ကို စားလျှင် စားသောသူသည် သေမည်မုချဖြစ်သည်။

မှန်ပါသည်။ လူသားများတွင် အုပ်စုနှစ်စု ကွဲနေပါသည်။ လူတိုင်းလူတိုင်းသည် အုပ်စုတစ်ခုခုတွင် ပါဝင်နေပါသည်။ ဘုရား၏မိသားစုသို့မဟုတ် မာရ်နတ်မိသားစု တစ်ခုခုတွင်ဖြစ်သည်။ အရေးကြီးသည်မှာ သင် မည်သည့်အုပ်စုတွင် ပါနေသလဲဆိုတာပင်ဖြစ်သည်။ ဘုရားသခင်၏ မိသားစုအဝင်ဖြစ်ဖို့ရန် ပထမခြေလှမ်းမှာ ဘုရားသခင်သည် မည်သူနည်း၊ မည်သည့်အတွက်ကြောင့် မိမိ၏သားတော်ယေရှုအား ကျွန်ုပ်တို့အတွက် ပေးခဲ့သနည်းဟူသည်ကို နားလည်ရပေမည်။

ယေရှုခရစ်ဟူသော အဓိပ္ပာယ်မှာ ‘ယာဝေဟူသော ကယ်တင်ခြင်း’ ဖြစ်သည်။ ထိုကြောင့် ကောင်းကင်တမန်က ယောသပ်အား ....*ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့်၊ ယေရှုဟူသော အမည်ဖြင့် မှည့်ရမည် (မဿဲ ၁း၂၁)* ဟု ပြောခဲ့ပါသည်။



**သုံးသပ်ရန်**

၁။ သင်၌ ရိုးသားဖြူစင်သည့်နှလုံးသားရှိ ရုံဖြင့် ဘုရားသခင်အပေါ် ယုံကြည်ပြီဟု ဆိုနိုင်ပါသလား။

၂။ လူသားများအတွင်း ကွာဟမှု၏ အဓိကအကျဆုံးအချက်ကား အဘယ်နည်း။ နိုင်ငံရေး၊ စီးပွားရေး၊ အိမ်တွင်းရေး၊ စက်ရုံအလုပ်ရုံစီမံခန့်ခွဲရေးတို့ကြောင့်လား။ သို့တည်းမဟုတ် ဝိညာဉ်ရေးနှင့်မဆိုင်သောအကြောင်းများကြောင့်လား။

၃။ သခင်ခရစ်တော်ဖော်ပြထားသော မိသားစုနှစ်ခုထဲမှ မည်သည့်မိသားစုကို သင်ပိုင်ဆိုင်ပတ်သက်လိုပါသလဲ။

**မိမိ၌အပြစ်ရှိကြောင်း နက်ရှိုင်းစွာသိခြင်းသည် အခြားအရာများထက် ဘုရားသခင်၏ကယ်တင်ခြင်းအပေါ် တည်မှီနေနိုင်ပါသည်။**

**ဒေါက်တာအာနိုလ်း၊**

**ကျောင်းအုပ်ဆရာကြီး၊ ရပ်ဘီပုဂ္ဂလိကျောင်း**





# *ပြဿနာအစစ်အမှန်သည် အဘယ်အရာနည်း*

*၂၀ ရာစုအစောပိုင်းတွင် လူအများက ကမ္ဘာကြီး၏ရှေ့အနာဂတ်နှင့် ပတ်သက်၍ အပြုသဘောဆောင်အကောင်းမြင်ခဲ့ကြသည်။ အမှန်တကယ်ပင် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးစည်ပင်မည့် ရွှေခေတ်ကြီးပေါ်ထွက်လာတော့မည်ဟု ယုံကြည်ခဲ့ကြသည်။ အများစုက နိုင်ငံတိုင်းသည် ဤကောင်းချီးမင်္ဂလာကို ခံစားကြရမည်ဟု ထင်မှတ်ကြသည်။ မြော်လင့်ချက်ကုန်ခမ်းပြီး ကပ်ရောဂါများနှင့် ပြောမရနိုင်လောက်အောင် ဆင်းရဲဒုက္ခကြုံနေကြရသည့်နိုင်ငံများပင်လျှင် ကောင်းချီးမင်္ဂလာရနိုင်မည်ဟု အထင်ရောက်ခဲ့ကြသည်။ သို့ရာတွင် ၁၉၁၄ ခုနှစ်တွင် ဥရောပတစ်ဝှမ်းတွင် စစ်ဖြစ်မည့်အရိပ်အယောင်သမ်းလာခဲ့သည်။*

ယနေ့တွင် မယုံကြည်နိုင်လောက်အောင်ပင် သိပ္ပံပညာ၏တိုးတက်မှုကို လူတိုင်းမြင်တွေ့ကြရပါသည်။ သို့သော် လူသားတို့သည် အနာဂတ်တွင် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးစည်ပင်မည့်အကြောင်းကို ပြောကြမည့်အစား သန်းပေါင်းများစွာသော လူသားတစ်မျိုးလုံးကို ပျက်စီးသွားစေနိုင်သော အနုမြူလက်နက်များပြန့်ပွားနေခြင်းကို တွေးကြောက်နေကြရပါသည်။ ရှုတ်ထွေးလှသောနိုင်ငံပေါင်းစုံအရေး၊ အမျိုးသားရေးပြဿနာတို့ကြောင့် အမြော်အမြင်ရှိသူများက ကျွန်ုပ်တို့သည် အလွန်ခက်ခဲကျပ်

တည်းပြီး ဘေးမကင်းသည့် သမိုင်းခေတ်သစ်တစ်ခုသို့ ရောက်နေကြပြီ ဟုပင် ပြောလာကြသည်။ လူတိုင်းသည် အကျပ်အတည်းကို ထိတွေ့ခံစားနေကြရပြီဟု ကျွန်ုပ်တို့ စဉ်းစားမိကြသည်။ လူတန်းစားအလွှာစုံသည်ဤသို့ ကြုံတွေ့နေကြရခြင်းမှာ မည်သို့ အမှားအယွင်းကြောင့်နည်း။

အထက်ပါမေးခွန်းများကို ဖြေဆိုနိုင်ရန် ကမ္ဘာ့ခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးနေကြပါပြီ။ ထိုသို့ ဆွေးနွေးနေချိန်မှာပင် ပြဿနာများ တစ်ခုပြီးတစ်ခုဖြစ်ပေါ်ဆဲဖြစ်သည်။ ငွေကြေးနှင့် စွမ်းအင်မည်မျှပင်အရင်း ပြုထားစေကာမူ မည်သူကမျှ ကမ္ဘာ့ပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်ပါ။ ထင်ရှားသည့် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ သိပ္ပံပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာဝန်ကြီးများ၊ လူမှုရေး သိပ္ပံပညာရှင်များပါမကျန် ပါဝင်ကူညီသော်လည်း အဖြေမထွက်သေးပါ။

ပြဿနာကို ဖြေရှင်းနိုင်ရန် ပြဿနာ၏အရင်းအမြစ်ကို သိဖို့ လိုပါသည်။ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့၏ကြုံရသောပြဿနာကို ဖော်ပြပေးနိုင်သည်။ ပညာရှင်တို့သည် ဘုရားသခင်ဖော်ပြသည့်အတိုင်း ပြဿနာကို မကိုးကားတတ်ကြပေ။ ထို့ကြောင့် ဘုရားကို အမှန်တကယ်ရှာသောသူနှင့် ဘာသာရေးပညာရှင်တို့အကြားတွင် ခြားနားမှုရှိရပါသည်။

ဘုရားသခင်က *ငါတို့ ပုံသဏ္ဍာန်နှင့်တညီတည်းလူကို ဖန်ဆင်းကြစို့* (က ၁း၂၆)။ သင့်အနေနှင့် ဘုရားသခင်သည် လူကို မည်သည့်နည်းဖြင့် မိမိပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခဲ့ပါသလဲ ဟု မေးနိုင်ပါသည်။ စင်စစ် ကိုယ်ကာယသဏ္ဍာန်ကို ဆိုလိုခြင်းမဟုတ်ပါ။ သခင်ခရစ်တော်က *ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏ဟု (ယော ၄း၂၄)* ပြောပါသည်။ ဘုရားသခင်တွင် ကျွန်ုပ်တို့ကဲ့သို့ လက်၊ ခြေ၊ မျက်စိစသည်များမရှိပါ။ ဘုရားသခင်သည် *အဘယ်သူမျှ မချဉ်းကပ်နိုင်သော အလင်းထဲ၌ နေတော်မူထသော အဘယ်သူမျှ မမြင်ဘူးရာ၊ မမြင်နိုင်ရာဖြစ်တော်မူထသော.....* (၁တိ ၆း၁၆)။ ကိုယ်ပျောက်သောသူဆိုသည်မှာ ဒဏ္ဍာရီထဲ၌



သာရှိသည်။ ထို့ကြောင့် လူ၌ ကိုယ်ခန္ဓာ (ရုပ်ပိုင်း) နှင့် ထိုထက် သာ၍ တန်ဘိုးရှိသောအရာ (နံဝိညာဉ်) သည် ကိုယ်ခန္ဓာအတွင်း၌ရှိနေသည်။ ကိုယ်ခန္ဓာချုပ်ငြိမ်းသွားပြီးနောက်တွင်လည်း လူစင်စစ်(နံဝိညာဉ်)အနေနှင့် ဆက်လက်အသက်ရှင်နေပါသည်။ ထိုသူမှာ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသည့်သူဖြစ်ပါသည်။

သမ္မာကျမ်းစာ၌ ဘုရားသခင်သည် စိတ်၊ စိတ်ခံစားမှုနှင့် အလိုဆန္ဒတို့ရှိကြောင်းဖော်ပြထား၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီဆိုသည်မှာ ထိုသုံးခုနှင့်အညီဖြစ်ခြင်းကို ဆိုလိုပါသည်။ သို့သော် ကိုယ်တော်သည် ဘုရားသခင်ဖြစ်သဖြင့် ကိုယ်တော်၏ဉာဏ်ပညာ၊ ခံစားမှုနှင့် စိတ်စေတနာစသည်တို့သည် အထူးကျယ်ပြန့်လှပါသည်။ တစ်နည်းဆိုရလျှင် အတိုင်းအဆမရှိပါ။ လူသားများတွင်မူကား အကန့်အသတ်ရှိသည်။ အလွန်ပင် ကျော်ကြားလှသော အိုင်စတိုင်းကဲ့သို့သော သိပ္ပံပညာရှင်၏ စိတ်တွင် အကန့်အသတ်ရှိပါသည်။ မည်သူမဆို အကုန်အစင်တတ်သိနားလည်ဖို့ မဖြစ်နိုင်သလို ချစ်ခြင်းမေတ္တာတွင်လည်း အကန့်အသတ်နှင့် စိတ်ဆန္ဒမှာလည်း စကြဝဠာကို လွှမ်းမိုးဖို့ရန် မတတ်နိုင်ပါ။ လူသည် ကံတရားကို စိုးမိုးနိုင်ခြင်းမရှိသလို၊ ဖြစ်ချင်ရာကို ဖြစ်ရဖို့ ဩဇာအာဏာနှင့် ဖန်တီး၍မရပေ။

စိတ်၊ စိတ်ခံစားမှု၊ အလိုဆန္ဒတွေအပေါ်မူတည်သော လူတစ်ယောက်၏ ပင်ကိုယ်စရိုက်လက္ခဏာမှာ ဝိညာဉ်ရေးရာနှင့်ပတ်သက်ပြီး ခံနိုင်သော အရည်အချင်းရှိနေခြင်းသည် သူ့အားဘုရားသခင်နှင့်သိပြီး မိတ်သဟာယပြုဖို့ ဖြစ်စေပါသည်။ ထို့အတွက် သမ္မာကျမ်းစာတွင် လူသည် ....ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်.... (၁သက် ၅း၂၃) ဖြစ်ကြောင်း ဖော်ပြထားပါသည်။

လူသည် သူ၏ဝိညာဉ်မှ ဘုရားသခင်ပေးတော်မူသော ခွန်အားအစွမ်းဖြင့် ဖန်ဆင်းရှင်နှင့် ရင်းနှီးခွင့်ကို ရစေပါသည်။ ထို့အတူ ခန္ဓာမှ

စရိုက်လက္ခဏာ (စိတ်ဝိညာဉ် သို့မဟုတ် စဉ်းစားဆင်ခြင်နိုင်ခြင်းနှင့် ချစ်ခြင်း....မေတ္တာ) သည် ရုပ်လောကနှင့် ဆက်စပ်လျက်ရှိစေပါသည်။

လူတို့အနေဖြင့် သမ္မာကျမ်းစာတွင် ပါသည့်အတိုင်း ပထမ စိတ်၊ ဒုတိယ ဝိညာဉ်၊ တတိယ ခန္ဓာစသည့် အစဉ်လိုက်ဦးစားပေးမှုကို မှတ်ထားခြင်းဖြင့် အစစကောင်းမွန်စေပါမည်။

သို့ရာတွင် တစ်စုံတစ်ခုမှားယွင်းသွားခဲ့သည်။ ရလဒ်မှာ လူများစွာတို့၏ ဦးစားပေးမှု အစဉ်လိုက်မှားလာပါတော့သည်။ ခန္ဓာက ပထမ၊ ဝိညာဉ်က ဒုတိယ၊ စိတ်က တတိယဖြစ်သွားပါတော့သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ယနေ့ကမ္ဘာကြီးတွင် လူများစွာတို့သည် ခန္ဓာကိုယ်လိုအပ်ချက်နှင့် ခံစားမှုများအပေါ်တွင် စဉ်းစားဆုံးဖြတ်ခြင်းကြောင့် တပ်မက်မှုများက လွှမ်းမိုးထားပြီး ဝိညာဉ်ရေးရာတွင် တိမ်မြုပ်ပြီး သေနေသကဲ့သို့ဖြစ်နေပါသည်။ ထို့ကြောင့် ဘုရားသခင်သည် သူဖန်ဆင်းထားသော လူသားများ၏ ဝိညာဉ်ရေးကို ပြန်လည်တည်ဆောက်ပေးလိုပါသည်။ သို့သော် လူတို့သည် ထိုအခွင့်အရေးကို လက်မခံသည်သာမက လုံးဝပစ်ပယ်ခြင်းကိုပါ ပြုကြသဖြင့် ယခုကဲ့သို့ လမ်းမှားရောက်ကာ ဘုရားသခင်နှင့် အဆက်ပြတ်နေကြပါတော့သည်။

ဘုရားသခင်နှင့်အလှမ်းဝေးပြီး ရုပ်တည်မှုမမှန်ဖြစ်နေသူများသည် ဝိညာဉ်ရေးအမြင်တွင် သေနေကြသလိုဖြစ်သည်။ တစ်ခြားတစ်ဘက်တွင်မူ အသက်ရှင်၍ ကြွယ်ဝပြည့်စုံသောစစ်မှန်သော ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့သောသူမှာ ဝမ်းမြောက်နေပါသည်။

> *သို့သော်လည်း ဂရုဏာနှင့်ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်၊ ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။ (ဧ ၂း၄-၅)*



ကမ္ဘာပေါ်ရှိ ရှိရှိသမျှပြဿနာအပေါင်းတို့သည် လူတို့၏ဆန္ဒကြောင့် စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဘုရားသခင်က လူသားများကို ဖန်ဆင်းခဲ့ရာတွင် ရုပ်သေးရုပ်သဖွယ် မဖန်ဆင်းခဲ့ပါ။ ရုပ်သေးရုပ်သည် ကြိုးဆွဲသူမပါဘဲ မလှုပ်ရှားနိုင်ပါ။ ရုပ်သေးရုပ်ကို ရုပ်သေးကြိုးဆွဲသူကသာ လှုပ်ရှားစေနိုင်သော်လည်း ဘုရားသခင်က ကျွန်ုပ်တို့အား ကိုယ်ဆန္ဒအတိုင်း ပြုမူလှုပ်ရှားနိုင်ခွင့် ရှိစေပါသည်။ ဤသို့သော ဆုကျေးဇူးကို ရထားသော ကျွန်ုပ်တို့အနေနှင့် သိက္ခာရှိရှိ ကျင့်ကြံနေထိုင်ရန် ဝတ္တရားရှိပါသည်။ (ထိုကဲ့သို့သော အကြံပေးမှုမျိုးကို သမ္မာကျမ်းစာအား မျက်ကွယ်ပြုထားသော စိတ်ရောဂါကုဆရာဝန်များထံမှ ကြားရမည်မဟုတ်ပါ)

လူသားတို့၏ အကြီးဆုံးသောကြေကွဲမှုတစ်ရပ်ဖြစ်ပေါ်လာသည့် အချိန်သည် လူသားကို ဖန်ဆင်းပြီးနောက်တွင်ဖြစ်သည်။ ဧဒင်ဥယျာဉ်အတွင်းမှ သစ်ပင်များအထဲတွင် ထူးခြားသောအပင်နှစ်ပင်ရှိရာ တစ်ပင်က အသက်ပင်၊ နောက်တစ်ပင်က ကောင်းမကောင်း သိကျွမ်းရာအပင်....(က ၂း၉)။ ဘုရားသခင်က အာဒံနှင့်ဧဝတို့အား ထိုနှစ်ပင်မှလွဲ၍ ကျန်အပင်တို့၏အသီးများကို စားနိုင်ကြောင်းမိန့်ကြားခဲ့ပါသည်။ ဤနာခံခြင်းနှင့် မနာခံခြင်းကို ရွေးချယ်ခွင့်ပေးခြင်းဖြင့် ဘုရားသခင်က လူယောက်ျား၊ လူမိန်းမတို့ကို လွတ်လပ်စွာ ဆန္ဒအလျှောက်ပြုမူခွင့်ပေးခဲ့ပါသည်။ သူတို့အနေနှင့်ဘုရားသခင်အား နာခံခြင်း၊ မနာခံခြင်းဆိုသည်မှာ ကိုယ့်ဆန္ဒအလျှောက် ဆုံးဖြတ်နိုင်ခဲ့ပါသည်။ ဤသည်မှာ သူတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

ဝမ်းနည်းစရာကောင်းသည်မှာ အာဒံနှင့်ဧဝတို့သည် ဘုရားသခင်ပေးသောအကောင်းဆုံးအခွင့်အရေးကို ပုန်ကန်ခြင်းပင်ဖြစ်သည်။ ဘုရားသခင် ကြိုတင်သိထားခြင်းက သူတို့၏မနာခံဘူးဆိုသည့် ဆုံးဖြတ်ချက်သည် ဘုရားသခင်အဖို့ ဖော်မပြနိုင်သည့် ခံစားချက်တစ်ခုအပြင်၊ လူသားများအတွက်လည်း နစ်နာစေမည်ဖြစ်ပါသည်။ သို့သော်လည်း ဘုရား

သခင်သည် သူဖန်ဆင်းထားသော လူသားများကို ချစ်မြတ်နိုးသည့်အပြင် နောင်တွင် မှန်ကန်သော ရွေးချယ်မှုကို ပြုသူများအဖို့ ဂုဏ်တော်ကို ခံစားစေမည်ဖြစ်၍ လူတိုင်းကို လွတ်လပ်စွာ ရွေးချယ်နိုင်သောအခွင့်အရေး ပေးခဲ့ပါသည်။

စာတန်၊ လှည့်ဖျားတတ်သောသူက သူ၏စုံစမ်းသွေးဆောင်နိုင်ခြင်းကို အသုံးပြုပြီး အာဒံနှင့်ဧဝကို မှားယွင်းသောရွေးချယ်မှုကိုပြုစေခဲ့ပါသည်။ သူက ဘုရားသခင် တားမြစ်ထားသော အသီးကို စားပါက ဘုရားကဲ့သို့ ဖြစ်လာမည်ဟု ဆိုခဲ့ပါသည်။ (စာတန်ဆိုလိုသည်မှာ လူသားသည်သာ လူ၏ဘုရားဖြစ်သည်။ ဘုရားက ဘုရားဖြစ်ပြီး ဘုရားကလွဲပြီး အရှိန်အဝါနည်းသူမဖြစ်နိုင်ပါ။ ထို့အတူ လူသည် လူထက်အရှိန်အဝါကြီးသူမဖြစ်နိုင်ပါ) သို့သော် စာတန်က အာဒံနှင့် ဧဝအား ဖြားယောင်းသွေးဆောင်ပြီး ဘုရားသခင်၏အလိုဆန္ဒကို တော်လှန်စေပါသည်။ ထိုအချိန်မှစပြီး ရခဲ့သော ရလဒ်မှာ အာဒံ၏မျိုးဆက်သစ်များသည် အရေးကြီးလှသော ဘုရားသခင်နှင့် အနီးကပ်ဆက်ဆံနိုင်သောမိတ်သဟာယဖွဲ့ခွင့်ကို ဆုံးရှုံးခဲ့ကြရသည်။

*ထိုအကြောင်းအရာဟူမူကား အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ကြရ၏။ (ယော ၅း၁၂)*

ကမ္ဘာပေါ်ရှိ ရှိရှိသမျှသော သချိုင်းများ၊ ဆေးရုံများ၊ စစ်တပ်များနှင့် အကျဉ်းထောင်များပေါ်ပေါက်လာရသည့်အကြောင်းရင်းမှာ လူသားတို့အား ဖန်ဆင်းချိန်မှစ၍ မှားယွင်းသော ရွေးချယ်မှုကြောင့်ဖြစ်ရပါသည်။ လူသားတို့တွင် အလွန်တရာဆိုးဝါးလှသော ဒုစရိုက်သည် မွေးရာပါရောဂါတစ်ခုအလား လူတိုင်းအပေါ် ကျရောက်လျက်ရှိပါသည်။ ဤဒုစရိုက်



သည် လူသားတို့အား ဘုရားသခင်နှင့်မှန်သော မိတ်သဟာယဖြစ်မှုကို ဖျက်ဆီးပစ်ရုံမက ဘုရားသခင် ကိုယ်တော်တိုင်ကိုပင် လူသားများနှင့် ဝေးကွာစေပါသည်။

သင်နှင့်ကျွန်ုပ်သည် ဒုစရိုက်လူသားများအဖြစ် မွေးဖွားလာသည်သာမက ဒုစရိုက်များကို ကျူးလွန်နေကြသူများလည်းဖြစ်ပေသည်။

ဆာလံဆရာက ကျွန်ုပ်တို့ မွေးဖွားခြင်းနှင့်စပ်လျဉ်း၍ *အကျွန်ုပ်သည် မွေးစကပင် အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းတွင်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါ၏။ (ဆာလံ ၅၁း၅)* သို့သော် ကျွန်ုပ်တို့ ပြုခဲ့သည့်အပြစ်များအတွက် မွေးရာပါ ဉာဉ်ဆိုးကိုချည်း အပြစ်ပုံချခြင်းမပြုသင့်ပါ။ သမ္မာကျမ်းစာဖော်ပြချက်အရ ကျွန်ုပ်တို့ ငြင်းဆန်သောသူတို့သည် *ကိုယ်ကာယအလိုသို့၎င်း၊ စိတ်၏အလိုသို့၎င်း လိုက်သဖြင့် ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍ ကြွင်းသောသူတို့ကဲ့သို့ပင်........* (ဧ ၂း၂-၃)

မှန်ပါသည်။ ကျွန်ုပ်တို့၏ မနာခံမှုကြောင့် ဘုရားသခင်ရှေ့မှောက်တွင် အပြစ်ရှိသူများဖြစ်ရကြသည်။ ဇနီး၊ မိတ်ဆွေ၊ မိဘ မည်သူကိုမျှ အပြစ်တင်စရာမလိုပါ။ ကျွန်ုပ်တို့ ကြီးပြင်းလာခဲ့သော ပတ်ဝန်းကျင်၊ နေထိုင်ခဲ့ရသောအခြေအနေတို့ကိုလည်း အပြစ်ဖို့စရာအကြောင်းမရှိ။ သင်သည်သာ သင့်အပြစ်အတွက် တာဝန်ရှိသကဲ့သို့ ကျွန်ုပ်လည်း ထိုနည်းတူဖြစ်သည်။

လူသားအချင်းချင်းအကြား တစ်ဦးနှင့်တစ်ဦး မနှစ်မြို့မှုများ၊ ခွဲခြားဆက်ဆံမှုများတွင် အပြစ်သည်သာ ပဓာနကျသည်ကိုတွေ့ရမည်ဖြစ်သည်။ ဘုရားမဲ့ဝါဒကို လက်ခံသူနှင့် ယုံကြည်သူအကြား တူညီသောအချက်တစ်ခုမှာ အပြစ်ပြုလုပ်ခြင်းဖြစ်သကဲ့သို့ အာရပ်နှင့် ယုဒတို့တွင်လည်း ဤအချက်သာဖြစ်သည်။ တတိယကမ္ဘာဖြစ်သော ယနေ့ စက်မှုနည်းပညာတိုးတက်သောကမ္ဘာမှ လူတို့အထဲတွင် တူညီသောအရာသည် အပြစ်ပင်ဖြစ်ပါသည်။ ကွန်မြူနစ်နှင့်အရင်းရှင်တို့သည် ဝါဒမတူကြသော်

လည်း အပြစ်လုပ်ခြင်းက အတူတူဖြစ်သလို၊ ရဲနှင့် ရာဇဝတ်သား၊ အမျိုးသမီးဝါဒီတစ်ဦးနှင့် အမျိုးသားဝါဒီအကြားတွင်လည်း ထိုနည်းလည်းကောင်းပင်။ ပြည့်တန်ဆာနှင့် ဓမ္မဆရာ၊ လူဆင်းရဲနှင့် လူချမ်းသာ၊ ပညာရှိနှင့် ပညာမဲ့တို့လည်း မခြားနားကြ။ *လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။ (ရော ၃း၂၃)* အပြစ်ပြုမှုသည် ပဓာနအကျဆုံးဖြစ်သည့် လူတို့အကြားတည်ရှိနေသည့် တင်းမာမှုတို့ဖြစ်သည်။

အပြစ်ပြုသူတို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်မှာ သခင်ယေရှုခရစ်သာဖြစ်သည်။ သခင်ယေရှုက *ဖြောင့်မတ်သောသူကို နောင်တသို့ ခေါ်ခြင်းငှာ ငါလာသည်မဟုတ်၊ ဆိုးသောသူတို့ကို ခေါ်ခြင်းငှာ ငါလာသတည်း (မ ၉း၁၃)*။ သန့်ရှင်းသောအားဖြင့် ဘုန်းကြီးတော်မူထသော ဘုရားသခင်၏ နာမတံဆိပ်လက်မှတ်ကို ကျွန်ုပ်တို့အနေနှင့် မမျှော်မှန်းနိုင်သော အကွာအဝေးမှပင် လွဲခဲ့ပေပြီ။ 'အပြစ်' ဟူသည် ဘုရားသခင်၏ နာမတံဆိပ်မှ ဝေးကွာစေခြင်းဖြစ်သည်။ လူသားတို့အနေဖြင့် အပြစ်ကို ကုစားနိုင်ခြင်းငှာ မတတ်နိုင်ပါ။ လူသားတို့အနေဖြင့် မမျှော်မှန်းနိုင်သော မျှော်ကိုးခြင်းဖြစ်သည့် ကောင်းစွာနေထိုင်ခြင်း၊ ကောင်းစွာအလုပ်လုပ်ခြင်းတို့ဖြင့်သာ ဘုရားသခင်ထံမှ ငြိမ်သက်ခြင်းရစေမည်ဟု အထင်မရောက်သင့်ပါ။ အမှန်မှာ *ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။ (ဧ ၂း၉)*။ ထို့ကြောင့် ကယ်တင်ခြင်းနှင့် ပတ်သက်၍ ယေရှုက *ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းဂရုဏာအကျင့်ကို ငါနှစ်သက်၏။ (မ ၉း၁၃)* ဟု ဆို၏။

ဘုရားသခင်၏ သနားခြင်း ဂရုဏာကို မှန်ကန်စွာနားလည်နိုင်ခြင်းသည် မိမိတို့၏အပြစ်များမှ လွတ်ချိန်တွင် ဖြစ်ပေါ်သည်။

*သို့သော်လည်း ဂရုဏာတော်ဖြင့် ကြွယ်ဝတော်မူသော.... (ဧ ၂း၄)*



ဆိုသည်နှင့်အညီ ကယ်တင်ခြင်းမှာ ဘုရားသခင်၏ အဖိုးအခအနေနှင့် တောင်းခံခြင်းမရှိသော လက်ဆောင်ဖြစ်ပါသည်။ *ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျှောက်ရောက်ရသည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ (ဧ ၂း၈)* ခရစ်တော်ကိုယ်တော်တိုင် ကြီးမားသောဂရုဏာတော်ဖြင့် အထွတ်မြတ်ဆုံးသော ယဇ်ပူဇော်ခြင်းကိုပြုခြင်းဖြင့် အပြစ်ပြုသူတို့အား ဘုရားသခင်ထံတော်သို့ ပို့ဆောင်ပေးခဲ့ပါသည်။

ဂရုဏာတော်အရှင်ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်သခင်ယေရှုထံမှတဆင့် ပြည့်စုံသောအသက်ကို ရစေခြင်းပြု၏။ သို့ရာတွင် ဘုရားသခင်အလိုတော်ရှိပြီး ပေးထားသောအသက်ကို ဘုရားသခင်က ချည်နှောင်ထားခြင်းမရှိ။ ဘုရားသခင်၏ အလိုတော်ကို သင်တုံ့ပြန်ရန် အထူးလိုအပ်လှပါသည်။ ဘုရားသခင်က *ယခု ပင်နှစ်သက်ဖွယ်ကောင်းသောအချိန်ရှိ၏။ ယခုပင် ကယ်တင်ရာနေ့ရက် ကာလရှိ၏* ဟု (၂ကော ၆း၂) ၌ ဆိုထားပါသည်။ တစ်ချိန်ချိန်တွင် သင်သည် အသက်တာကို သင့်ကိုသင် ဖြောင့်မတ်အောင်ကြိုးစားမည်ဟု ဆိုခဲ့ပါလျှင် ခရစ်တော်၏စကားကို သတိရရန် လိုပါသည်။ *ဖြောင့်မတ်သောသူတို့ကို နောင်တသို့ ခေါ်ခြင်းငှာ ငါလာသည်မဟုတ်။ ဆိုးသောသူတို့ကို ခေါ်ခြင်းငှာ ငါလာသတည်း။ (မ ၉း၁၃)*

ပထမအဆင့်အနေဖြင့် အဓိကပြဿနာဖြစ်သော အပြစ်ကို ဖြေရှင်းရန်လိုပါသည်။ သင့်အနေဖြင့် မည်သို့ပင်ဖြစ်နေပါလေစေ၊ မည်သည့်အဆင့်တွင် ရောက်နေပါစေ ခရစ်တော်သည် လက်တော်ကို ဆန့်တန်းလျက် သင့်အား ကမ်းလင့်ကြိုဆိုနေပါသည်။ ကိုယ်တော်သည် သင့်ထံမှ *"အို ဘုရားသခင် အပြစ်များသော အကျွန်ုပ်ကို သနားခြင်းဂရုဏာစိတ်ရှိတော်မူပါ" (လု ၁၈း၁၃)*

**သုံးသပ်ရန်**

၁။ ယနေ့ လူ့အဖွဲ့အစည်းအတွင်းတွင် ကြေကွဲဖွယ်ရာကောင်းလောက်အောင် မှားနေသည်ကို သင်သတိပြုမိပါရဲ့လား။

၂။ သင် ဖျားနာနေချိန်တွင် ဆရာဝန်သည် ဆေးမပေးမီ သင့်ရောဂါဇစ်မြစ်ကို သိဖို့လိုသည်ကို အရေးကြီးကြောင်း သင်သဘောပေါက်ပါရဲ့လား။

၃။ သမ္မာကျမ်းစာက သင့်ပြဿနာ၏ အရင်းအမြစ်ကို စစ်ပြီးပါပြီလား။ အဖြေကို ညွှန်းပြပြီးပါပြီလား။



---

*တစ်ခါက ရှမာရီမြို့၌ ရှိမုန်အမည်ရှိလူတစ်ယောက်သည်*
*သူ၏မျက်လှည့်ပညာဖြင့်*
*မြို့သူမြို့သားတို့အား ဖျော်ဖြေမှုပြုရာ*
*ရှမာရိတစ်မြို့လုံး တအံ့တသြဖြစ်စေ၍ ပြည်သူအများ ကြီးငယ်မရွေးက*
*ဤပုဂ္ဂိုလ်သည် ဘုရားသခင်၏တန်ခိုးရရှိသူဖြစ်သည်ဟု ပြောဆိုကြပါသည်။*

*ဒေါက်တာ လုခ်*

အခန်း ၆

## မည်သည့်အကြောင်းကြောင့် လူအများလမ်းလွဲလိုက်ခဲ့ရပါသလဲ

ကျွန်တော်ငယ်စဉ်က အင်္ဂလန်ပြည်တစ်နေရာတွင် နေခဲ့ပါသည်။ စစ်အတွင်းဖြစ်သဖြင့် ရန်သူ့ ဗုံးကြဲလေယာဉ်များ ဖြတ်ကျော် ပျံသန်းရာ နေရာဖြစ်ပါသည်။ ထိုဗုံးကြဲလေယာဉ်များသည် အင်္ဂလန်ပြည်အလယ်ပိုင်းနှင့်မြောက်ပိုင်းရှိ စက်မှုဇုံများကို ဗုံးကြဲရန် နေညမပြတ် ပျံသန်းနေကြသည်။ ထိုအခါ ကျွန်တော်နှင့် သူငယ်ချင်းများသည် ရန်သူ့လေယာဉ် အင်ဂျင်စက်သံနှင့် ကျွန်တော်တို့ တိုက်လေယာဉ်အင်ဂျင်စက်သံကို ခွဲခြားတတ်လာကြပါသည်။ ညအချိန်ဆိုလျှင် ရန်သူ့လေယာဉ်များကို မြေပြင်မှ မီးမှောင်းထိုးပြီး ပစ်မှတ်ကို ရှာသောအခါ အလွန်စိတ်လှုပ်ရှားရပါသည်။ လေယာဉ်ပစ် အမြောက်ပစ်ခတ်သံနှင့် ကျွန်တော်တို့ တိုက်လေယာဉ်များက ရန်သူလေယာဉ်များကို ပစ်ခတ်တိုက်ခိုက်မည်ကို မျှော်လင့်နေမိကြပါသည်။

ရန်သူလေယာဉ်တစ်စီးပစ်ချဖျက်ဆီးခြင်းခံရပြီဆိုလျှင် လေသူရဲများ လေထီးနှင့် ခုန်ဆင်းလာမည်ကို စောင့်ကြည့်မိကြပါသည်။ ရန်သူလေသူရဲများ ကျွန်တော်တို့မြေပေါ်ရောက်လာချိန်တွင် အလွယ်တကူလွတ်မြောက်သွားခြင်းမရှိစေဖို့၊ တာဝန်ရှိသူများအနေဖြင့် လမ်းဆုံလမ်းခွရှိ လမ်းညွှန်ဆိုင်းဘုတ်များကို ဖြုတ်ချထားသည်ကို တွေ့ရပါသည်။



သို့မဟုတ်ပါက သူတို့လွတ်မြောက်သွားပြီး နောက်တစ်ကြိမ် ကျွန်တော်တို့မြေပေါ် ဗုံးချဖျက်ဆီးကြဦးမည်ဖြစ်သည်။ ဤသို့ဖြင့် လမ်းအမှတ်အသားများ မရှိသလောက်ဖြစ်သွားပါတော့သည်။

သို့သော် မြို့ပြင်တစ်နေရာမှ **Wooten Woods** က လူအသွားအလာနည်းသော လမ်းဆုံလမ်းငယ်လေးတစ်ခုတွင်မူ ဆိုင်းဘုတ်ငယ်လေးတစ်ခု မဖြုတ်သိမ်းရသေးသည်ကို သိသော ကျွန်တော်တို့ လူငယ်တစ်စုသည် ထိုဆိုင်းဘုတ်ငယ်လေးကို လမ်းပြောင်းညွှန်ထားခဲ့ကြသည် ကျွန်တော်တို့အနေနှင့် စစ်အောင်နိုင်ရန် တစ်ဘက်တစ်လမ်းက ကူညီခဲ့ကြသည်ဟု အထင်ရောက်ခဲ့ပါသည်။ နောက်ပြီး တာဝန်ရှိသူများကဲ့သို့ ကျွန်တော်တို့ မြေပေါ်ရောက်လာသော ရန်သူများကို လှည့်စားလို၍ ဤသို့ ပြုကြခြင်းဖြစ်သည်။

အမှန်မှာ ရန်သူများလက်ထဲတွင် အားကိုးလောက်သော မြေပုံတစ်ခုသာရှိနေခဲ့လျှင် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်သည် ရန်သူများအတွက် ပြဿနာဖြစ်စရာမရှိပါ။ ရန်သူသည် မြေပုံကိုသာကြည့်မည်ဆိုလျှင် ဆိုင်းဘုတ်လှည့်ထားသော်လည်း အချည်းနှီးသာ။

ဘုရားသခင်က သူ့အား တမ်းတရှာဖွေနေသည့်သူများသည် အလှည့်ဖြားခံရနိုင်ကြောင်း ပြောထားပါသည်။

မည်သူမဆို အံ့ဩဖွယ်အရာအပြည့်ရှိနေသော စကြဝဠာကြီးတည်ရှိနေခြင်းသည် ဖန်ဆင်းရှင်ကြောင့်မဟုတ်ပါဟု ဆိုနေပါက ထိုသူသည် အယူမှား၏ လှည့်ဖျားခြင်းကို ခံနေရပြီဖြစ်သည်။

> ပညာရှိအယောင်ဆောင်လျက်နှင့် လူမိုက်အရာ၌ တည်ကြသည်ဖြစ်၍ ထိုသူတို့သည် ဘုရားသခင်ကို မသိမမှတ်လိုသည်ဖြစ်၍၊ မလျောက်ပတ်သောအမှုကို ပြုစေမည်အကြောင်း ဘုရားသခင်သည် သူတို့ကို မောဟလက်ထဲသို့ အပ်လိုက်သည်နှင့်အညီ.......
>
> (ရောမ ၁း၂၂၊ ၂၈)

ဤသို့ မှားယွင်းသောအယူအဆရှိသူသည် ဖန်ဆင်းထားသော ဝတ္တုပစ္စည်းများကိုသာ ကိုးကွယ်ပြီး ဖန်ဆင်းရှင်ထာဝရဘုရားသခင်ကို ပစ်ပယ်ထားကြပါသည်။ မှန်ကန်သောအယူအဆရှိသူများမှာမူ ဖန်ဆင်းရှင်ဘုရားသခင်ကိုသာ ကိုးကွယ်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည်သာ ဖန်ဆင်းရှင်ဖြစ်ကြောင်းကို လက်မခံဘဲ ငြင်းဆန်နေမည်ဆိုလျှင် ဘုရားသခင်သည် သင့်အား ပျက်စီးယိုယွင်းခြင်းကို ပေးတော်မူလိမ့်မည်။ စာရိတ္တပျက်ပြားခြင်းသည် မှားယွင်းသော အယူကို လက်ခံခြင်းဖြစ်သည်။

ဘုရားသခင်သည် နှုတ်ကပတ်တော်ကို ငြင်းဆန်နေသောသူများအား ပျက်စီးမည့်လမ်းကို ရွေးချယ်လက်ခံရန် အသင့်ဖြစ်နေပြီဟု ဆိုပါသည်။ မည်သူမဆို နှုတ်ကပတ်တော်၏ တိကျမှန်ကန်မှုကို မခံယူငြင်းပယ်နေပါက မိမိသည် အလွန်အန္တရာယ်ရှိသော အနေအထားသို့ ရောက်နေပြီဆိုသည်ကို သိမှတ်ရန်လိုပါသည်။

> ........*အကြောင်းမူကား ထိုသူတို့သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ သမ္မာတရား၌ မွေ့လျော်သောစိတ်ကို မခံမယူကြ။ ထိုကြောင့် သမ္မာတရားကို မယုံဘဲ မတရားသောအမှု၌ မွေ့လျော်သောသူအပေါင်းတို့သည် တရားရှုံးခြင်းသို့ ရောက်မည်အကြောင်း၊ မုသာစကားကို ယုံစိမ့်သောငှာ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင် လွှတ်တော်မူလိမ့်မည်။*
>
> *(၂သက် ၂း၁၀၊ ၁၁၊ ၁၂)*

တစ်စုံတစ်ဦးသည် သမ္မာတရားကို လျစ်လျူရှု (သို့) ငြင်းပယ်ပါက ထိုသူသည် မှားယွင်းခြင်းကို ထွေးပိုက်ထားသူဖြစ်သည်။

တစ်ခါက ကျွန်တော် လန်ဒန်မြို့ရဲ့ ပိန်းပိတ်အောင်မှောင်နေတဲ့ နှင်းမြူထုထဲမှာ အိမ်အပြန်လမ်းကို ကြိုးစားရှာခဲ့တာကို အမှတ်ရမိပါ



တယ်။ ကျွန်တော့် အိမ်လမ်းထိပ်ရောက်ဖို့ ရနိုင်သမျှ အကူအညီအားလုံးကို အသုံးချရပါတယ်။ လက်နှိပ်ဓာတ်မီးရဲ့အလင်းရောင်ကလည်း လက်တစ်ကမ်းအတွင်းတောင် မြင်နိုင်ဖို့ ခက်လှပါတယ်။ ဘုရားသခင်က အားကြီးသော သွေးဆောင်မှုသည် စိတ်ကို မြူဖုံးလွှမ်းသလိုဖြစ်ပြီး ထိုသို့အမှုသည် ကမ္ဘာကုန်သည်တိုင် ရှိနေမည်ဖြစ်ကြောင်းပြောပါသည်။ ဤသို့ဖြစ်ရခြင်းမှာ လူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပစ်ပယ်ထားကြခြင်းကြောင့်ဖြစ်သည်။ တပည့်တော်များက ကိုယ်တော်ပြန်ကြွလာခြင်းနှင့် နောက်ဆုံးသောနေ့ရက်တို့ကို အဘယ်နိမိတ်ဖြင့် သိရမည်နည်းဟု မေးလျှောက်ကြသော်၊ ကိုယ်တော်က

> *အကြောင်းမူကား၊ ခရစ်တော်၏ အယောင်ကို ဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည် ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားနိုင်လောက်အောင် ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဩဖွယ်သောအမှုကိုတို့ ပြကြလိမ့်မည်။*
>
> *(မဿဲ ၂၄း၂၄)*

“ငါတော့ အညာမမိသေးပါဘူး”ဟု သင်သည် ပြောကောင်းပြောနေမည်ဖြစ်သည်။ ဆက်လက်ပြီး အတုတွေကို လွယ်လွယ်နဲ့ သိနိုင်ပါတယ်ဟုဆိုပြီး ဂုဏ်ယူနေခဲ့မည်ဆိုလျှင် ပြန်စဉ်းစားကြည့်ပါ။ ကိုယ်ကိုယ်တိုင်တကယ်ပင် အမှန်တရားကို မယုံကြည်ခဲ့ပါက ဘုရားသခင်က မာရ်နတ်ကို လှည့်စားဖို့ အခွင့်ပေးလိုက်သလိုဖြစ်သွားပြီး သင့်ကိုယ်သင် လှည့်စားခံလိုက်ရမှန်း သိလိုက်မည်မဟုတ်ချေ။

လမ်းမှားလိုက်မိဖို့ဆိုသည်မှာ စိတ်ပေါ်မူတည်သည့်အတွက် မည်သူမဆို အသိဉာဏ်ရင့်ကျက်လာပြီဆိုလျှင် မိမိ၏စိတ်က လှည့်ဖြားမှုကို လက်ခံမည်မဟုတ်။

သမ္မာကျမ်းစာကို ဖတ်ပြီး အမှန်တရားကို ငြင်းဆန်သဖြင့် လှည့်

ဖြားခံရဖို့ လမ်းဖွင့်ပေးပြီးဖြစ်သည့် လူများထဲတွင် နှစ်မျိုးနှစ်စားရှိပါသည်။ တစ်မျိုးမှာ အသိဉာဏ် ပညာဂုဏ်ကြောင့် မာနထောင်လွှားပြီး မိမိကိုယ်ကို ပြည့်ဝပြီးဟု အထင်ရောက်နေသူတို့နှင့် ဒုတိယအမျိုးအစားမှာ ပင်ကို စိတ်အရင်းခံကိုက ဆန့်ကျင်တော်လှန်လိုသည့်လူမျိုးဖြစ်ပါသည်။ သို့သော်လည်း မည်သူဖြစ်စေ ဘုရားသခင်၏ အလိုတော်ကို စစ်မှန်သောဆန္ဒနှင့် ဆောင်လိုပါက ခရစ်တော်၏ အထူးကတိတော်ကို ခံစားရမည်ဖြစ်ပါသည်။ *ထိုသူ၏အလိုတော်သို့ လိုက်ချင်သောသူမည်သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ဒေသနာဖြစ်သလော။ ငါသည် ကိုယ်အလိုအလျောက် ဟောသလောဟု ပိုင်းခြား၍ သိလိမ့်မည်။ (ယော ၇း၁၇)*

သင်သည် ဘုရားသခင်အမှုတော်မြတ်အတွက် အမှန်တကယ်ဆောင်ရွက်လိုသည်ဆိုလျှင် သမ္မာကျမ်းစာသည် သင့်အား ဘာကိုယုံပါ။ ဘာကိုမယုံရ။ ဘယ်ဟာကို လိုက်နာကျင့်ကြံပြီး မည်သည်ကိုဖြင့် ရှောင်ရမည်ဟု သင်ပြထားကြောင်းကို ယုံမှတ်ထားပါ။

ထို့ကြောင့် မိမိကိုယ်ကို သာသာနပြုဆရာအဖြစ် မှတ်ယူထားသူများသည် ဟောပြောသွန်သင်သည့်အခါ ဘုရားနှုတ်ကပတ်တော်မဟုတ်သည်ကို ပယ်လျက် လွဲမှားသောအယူကိုမယူမိစေရန် သတိချပ်သင့်သည်။

ယခုခေတ်ကာလတွင် စာတန်၏နောက်လိုက်များသည် ခရစ်ယာန်အရေကိုခြုံလျက် မှားယွင်းသောအယူများကို ညွှန်ပြနေကြပါသည်။ သမ္မာတရားဖြစ်သော ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားတည်းဟူသော သုံးပါးတစ်ဆူဘုရားကို ဆန့်ကျင်သောသူတို့သည် ပရောဖက်အတုအယောင်များသာဖြစ်ကြသည်။ ထိုသူတို့သည် သမ္မာကျမ်းစာမှ စာပိုဒ်အချို့ကို အလွဲယူလျက်၊ လိုရာအဓိပ္ပာယ်ကောက်လျက် လွဲမှားသောအယူကို တင်ပြနေကြပါသည်။ ဆရာတုဆရာယောင်များကို စိစစ်ရာတွင် ထိုသူတို့အား "ခရစ်တာ်သည် မည်သူပါလဲ" ဟူသောမေးခွန်းဖြင့် စိစစ်နိုင်ပါသည်။ ဒီအချက်သည်ပင် သင့်အနေဖြင့် ကိုယ်



တော်သည် မည်သူဖြစ်ကြောင်းကို သိဖို့လိုအပ်သည့် အကြောင်းများထဲမှ တစ်ခုဖြစ်ပါသည်။

သင်အနေဖြင့် ခရစ်တော်သည် သားတော်ဘုရားဖြစ်သည်ကို ဧကန်မုချသိသောအချိန်တွင် အခြားလျှို့ဝှက်အဖွဲ့အစည်းများ၌ရှိတတ်သည့် ရဲဖော်ရဲဖက်စိတ်ဓာတ်နှင့် တစ်ဦးနှင့် တစ်ဦးကူညီရိုင်းပင်းခြင်းသည် အခြားသောဝိညာဉ်ရေးရာလှည့်စားခြင်းအဖြစ် ကြုံတွေ့ရပါလိမ့်မည်။ ဘုရားသခင်က အဆိုပါအဖွဲ့အစည်းများအကြောင်း ထုတ်ဖော်ပြောဆိုနေစဉ်မှာပင် ဤအုပ်စုများက ယေရှုခရစ်တော်၏သွန်သင်ချက်များကို လျှစ်လျူရှုကြပါသည်။

> *ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ (ယော ၁၄း၆)* သမ္မာကျမ်းစာထဲတွင် မှားယွင်းသော ယုံကြည်ချက်ရှိသောသူများအား လှောင်ပြောင်သောစကားများကို မှတ်တမ်းတင်ထားပါသည်။ *ဘုရားသခင်တဆူတည်းရှိသည်ဟု သင်ယုံ၏။ ကောင်းပေ၏။ နတ်ဆိုးတို့သည် ယုံ၍ ကြောက်ရွံ့ကြ၏။ (ယာ ၂း၁၉)* *

*Freemasonry ခေါ် နိုင်ငံတကာ လျှို့ဝှက်အသင်းကြီးအနေဖြင့် ကမ္ဘာတဝှမ်း အသင်းဝင် ၁၀ သန်း ခန့်ရှိနေသည်ဟု ဝင့်ကြွားပြောဆိုလျက် ရှိပါသည်။ သို့ရာတွင် ဤအသင်းကြီး၏ မူဖြစ်သည့် ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်မှု၊ တာဝန်ယူမှုနှင့်အမှန်တရားကို အလေးထားမှုစသည်တို့သည် အဖွဲ့ဝင်မဖြစ်သေးသောသူများအဖို့ အန္တရာယ်မရှိပါ။ အသင်းဝင်တစ်ဦးဖြစ်လာနိုင်ရန် လိုလားသူတစ်ဦးအနေနှင့် သူသည် အမှောင်ထဲမှ အလင်းဆီသို့ လှမ်းနေသူတစ်ဦးဖြစ်သည်ဟု ဝန်ခံရပါသည်။ ခရစ်တော်နောက်လိုက်တစ်ဦး အနေနှင့် အလင်းကို မြင်တွေ့ပြီးသူတစ်ဦးဟု ယုံကြည်ပြီးသားဖြစ်ပါသည်။ ခရစ်တော်က ငါသည် လောကအလင်းဖြစ်၏။ ငါ့နောက်လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ၊ *အသက်၏အလင်း*ကို ရလိမ့်မည်ဟု မိန့်တော်မူ၏။ Masonic အသင်းဝင်အဖြစ် သွတ်သွင်းသည့်အခမ်းအနားသည် အလွန်အသက်ဝင်လှသည်။ အသင်းဝင်ဖြစ်မည့်သူအား သမ္မာကျမ်းစာပါ

ဘုရားသခင်ဟူသော အယူအဆမှ သွေဖည်သည့် Gauto အမည်နှင့် မိတ်ဆက်ပေးရာတွင် ဤအမည်သည် ပျောက်ကွယ်နေသောဘုရား၏အမည်ဟု သိစေသည့်အပြင် Gauto သည် ခန့်ညားသော ဗိသုကာဟု မှတ်ယူစေပါသည်။ သဘောတရား အနေနှင့်မူကား ဘုရားရှိကြောင်း လက်ခံသူတိုင်း မည်သူဖြစ်စေ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်၊ ယုဒသို့မဟုတ် ခရစ်ယာန်အားလုံးတို့သည် အသင်းဝင် ဖြစ်နိုင်ပါသည်။ ထို့ကြောင့် Gauto (လူသားတို့အနေနှင့်ခံယူထားသည့်ဘုရား) သည် သမ္မာကျမ်းစာပါ ခရစ်တော်အား ဟုတ်မှန်သောအလင်း (ယော ၁း၉)ဟု ဆိုသည်မှာ သွေဖီနေပါသည်။ တစ်ဖန် သာမန်အသင်းသားမှ ဆရာဖြစ်လာချိန်တွင် သူ့အား ဘုရားနာမသစ်တစ်ခု Jahbulon ကို သင်ကြားပေးပြန်ပါသည်။ ဤအမည်သည် ယုဒနှင့်အရှေ့အလယ်ပိုင်းအမည်များ ပေါင်းစပ်ခေါ်ထားသော ဘုရား၏အမည်ဖြစ်ပါသည်။ JAH မှာ YAHWEH,BUL နှင့် ON တို့မှ ဆင်းသက်လာခြင်းဖြစ်ပြီး ဤသို့ စီစဉ်ပြုပြင်ရခြင်းမှာ Masonic အသင်းကြီး၏ ကြီးကျယ်မြင့်မြတ်ခန့်ညားမှုရနိုင်ရန် ကြိုးစားခြင်းတစ်ရပ် အပါအဝင် ခြားနားသောအယူများကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ ခရစ်တော်က မိန့်တော်မူသည်မှာ *သင်၏အလင်းသော်ကား၊ မှောင်မိုက်ဖြစ်လျှင် ထိုအမိုက်သည် အလွန်မိုက်စွတကား။ (မ ၆း၂၃)*

---

ယနေ့ ကျွန်ုပ်တို့ မြင်တွေ့နေရသည်မှာ ဘုရားသခင်နှင့် သမ္မာကျမ်းစာကို မျက်ကွယ်ပြုသည့် ဘာသာကြီးများ၏ လုပ်ဆောင်ချက်များသည် စိုးရိမ်စရာကောင်းလောက်အောင် တိုးပွားလာနေမှုဖြစ်ပါသည်။ များပြားလှသော ဟိန္ဒူဘာသာဂိုဏ်းများသည် လူသစ်များကို ဆွဲဆောင်နေကြပါသည်။ တစ်ချိန်က ခရစ်ယာန်ဘာသာအခြေစိုက်ခဲ့သော နိုင်ငံကြီးများတွင် ဟိန္ဒူယောဂီကျင့်စဉ်တစ်ခုဖြစ်သော **Transcendental Meditation** ခေါ် သမထတရားထိုင်နည်းမျိုးနှင့် အရှေ့တိုင်း လျှို့ဝှက်ပညာ၊ ယောဂီပညာနှင့် အခြားပညာများသည် ချဉ်းနင်းဝင်လာသည်ကို တွေ့မြင်နေရပါသည်။ ဟိန္ဒူဘာသာမှာ ခွဲထွက်လာသော ဂိုဏ်းများသည် ဖန်ဆင်းရှင်တစ်ပါးတည်းမကဘဲ ဘုရားအများအပြားကို ကိုးကွယ်နေကြပါသည်။ ဤအယူအဆများကြောင့် မှားယွင်းသောအယူအဆများအပေါ် မိမိကိုယ်ကို ဂုရုအမည်ခံပြီး သိက္ခာတင်သူများ၏ ဆွဲဆောင်မှုနောက်



လိုက်နေသူများတို့သည် နှိမ့်ချစွာ လောကသို့ ကြွဆင်းလာတော်မူသော ဖန်ဆင်းရှင်ဘုရားကို လျစ်လျူရှုထားကြသည်မှာ ဝမ်းနည်းစရာပင်။

အစ္စလာမ်အယူကို ခံယူထားသည့် မွတ်စလင်ကမ္ဘာမှလည်း ကြိုးစားအားထုတ်မှု ကြီးစွာနှင့် မိမိတို့အယူဝါဒကို ပြန့်ပွားစေပါသည်။ ဤနိုင်ငံများသည် ရေနံကြွယ်ဝမှုအပြင် နိုင်ငံတကာအရေးတွင်လည်း ထဲထဲဝင်ဝင် ပါဝင်လာနိုင်မှုကြောင့် သူတို့၏ဩဇာသည် အခြားသောနိုင်ငံများ အထိထိုးဖောက်ဝင်လာသည်မှာ မကြုံဘူးလောက်အောင် တိုးတက်လာပါသည်။ ယေရှုရှလင်မြို့မှ **Temple Mount** ရှိ သူတို့၏ **Dome of the Rock** ခေါ် ဗိမာန်မှ ဘုရားသခင်၏ သတင်းကောင်းကို ရဲဝံ့စွာပင် ငြင်းဆိုခဲ့ပါသည်။ အာရေဗစ်ဘာသာဖြင့် အဆိုပါ **Dome of the Rock** ပတ်လည်တွင် ဘုရားသခင်သည် စွန့်လွှတ်ခြင်းကိုမပြုသကဲ့သို့ ဘုရားသခင်အား စွန့်ပယ်ခြင်းငှာ မစွမ်းနိုင်ပေ ဟု ကဗ္ဗည်းထိုးထားပါသည်။ မည်သို့ပင်ဖြစ်စေ သမ္မာကျမ်းစာက

> *ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။*
> *(ယော ၃း၁၆)*

ဝိညာဉ်ရေးရာ၌သာ လှည့်စားခံရခြင်းမဟုတ်ပါ။ လောကီရေးရာတွင်လည်း လူသာပဓာနဟူသော အတွေးအခေါ်ကို ဦးစားပေးခြင်းဖြင့် လူသည် စကြဝဠာကြီး၏ အချက်အခြာသာဖြစ်သည်ဟူသော လူ့ဘောင်အဖွဲ့အစည်း၏ ကြီးမားလှသော ရည်ရွယ်ချက်မှာ လူ့ဘဝတိုးတက်မှုသာဖြစ်ပါသည်။ တက္ကသိုလ်များ၊ မီဒီယာနှင့် ပတ်သက်သည့် အသံလွှင့်နှင့် ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များအဆုံး လူသာ ပဓာနဝါဒီကို

ကြွေးကြော်သမှု ပြုကြပါသည်။ "မိမိကိုယ်မိမိအလိုလိုက်စမ်းပါ" ကြွေးကြော်ချက်မှာ တစ်ကိုယ်ကောင်းဆန်သော ကြော်ငြာသူတို့၏ ပရိသတ်ကို ဆွဲဆောင်ဖို့ ကြိုးပမ်းမှုတစ်ခုသာဖြစ်သည်။

လူသာပဓာနဝါဒီဆိုသည်မှာ လူသားကို ကိုးကွယ်မှုတစ်ရပ်ထက် မပိုသည့်အပြင် အချို့တွေးထင်ကြသလို ဒဿနိကဗေဒအသစ်လည်း မဟုတ်ပါ။ ရှင်ပေါလုလက်ထက်၌ ဘုရားရှင်က *သူတို့သည် မှန်သော ဘုရားသခင်အရာ၌ အမှားကိုထားလျက်၊ ဖန်ဆင်းတတ်သောသခင်ကို ပယ်၍ ဖန်ဆင်းအပ်သောအရာကို ဝတ်ပြုကိုးကွယ်သောသူဖြစ်ကြ၏။ (ရော ၁း၂၅)*။ လူသာ ပဓာနဝါဒီကို စွဲကိုင်ထားသောသူများကို ဘုရားရှင်က *မြေကြီးအမြစ်ကို ငါတည်သောအခါ သင်သည် အဘယ်မှာ ရှိသနည်း။ နားလည်လျှင် ဘော်ပြလော့ (ယောဘ ၃၈း၄)* ဟုနှိမ့်ချစွာဖြင့် မေးခွန်းထုတ်ထားပါသည်။ ကမ္ဘာဦးကျမ်း၌ စာတန်သည် ဧဝအား မဖြစ်နိုင်သည့်ကိစ္စကို ဖြစ်နိုင်သည်ဆိုပြီး ဘုရားသခင်ကဲ့သို့ ဖြစ်လတ့် (က ၃း၅) လှည့်ဖြားထားပါသည်။ ယနေ့ခေတ်တွင်လည်း စာတန်သည် ရှုံ့ရှာဖွယ်ကောင်းသော သူ့လုပ်ဆောင်ချက်ကို လှပ်မှားသော အယူဝါဒများဖြင့် လူသာပဓာနဝါဒကို အဆိုပြုနေပါသည်။

ခေတ်လူငယ်တစ်ယောက်သည် နိုင်ငံရေး၊ ဘာသာရေးကိစ္စများတွင် စိတ်ဝင်စားမှုနည်းပါးတတ်သည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ သူတို့အနေနှင့် နိုင်ငံရေးသမားများကို မယုံကြည်သည့်အပြင် ဘာသာရေး၌လည်း သူတို့သည် အရာမရောက်ဟု အထင်ရှိကြသည်။ မိမိတို့ ရှုယ်တူခြင်းပေါင်းလျက် မိမိတို့စိတ်အလိုပြည့်ဝရာနောက်သို့ လိုက်တတ်ကြသည်မှာ သဘာဝပင်ဖြစ်ပါသည်။ ခေတ်ပေါ်တေးဂီတများဖြစ်သော **Punk Rock, New Wave Music, Heavy Metal, Hip Hop** စသည်တို့နှင့် ခေတ်အလျှောက်ခံစားပြီး အထီးကျန်နေမှုများက ထွက်ပေါက်ကို ကြိုးစားနေကြခြင်းဖြစ်ပါသည်။



သင့်အနေဖြင့် သင်နားထောင်ခံစားနေသော တေးသီချင်းများ၏ စာသားများကို သတိထားမိမှာ သေချာပါသည်။ နောက်တစ်ချက်မှာ ခေတ်ရေစီးကြောင်းအလိုက် ရေးဖွဲ့ထားသော သီချင်းစာသားများကို အများစုက စာတန်ဝါဒီ၊ သူတစ်ပါးကို ထိခိုက်စေသော၊ ကာမလှုံ့ဆော်အားပေးမှုစသည်များပါဝင်သည်ဟု ဝန်ခံကြခြင်းမရှိကြသော်လည်း မမှန်ပါဟုလည်း ပြော၍မရ။ တစ်ခါတစ်လေတွင် ငရဲခန်းအကြောင်းကို ထိတ်လန့်ဖွယ်ရာကောင်းလောက်အောင် ဖော်ပြထားတတ်ပါသည်။ ဤသို့ ရက်စက်ကြမ်းကြုတ်မှုနှင့် ယဉ်ပါးနေသောခတ်ကြီးထဲတွင် နေထိုင်နေကြရသော လူငယ်များသည် ပတ်ဝန်းကျင်အခြေအနေများကြောင့် တစ်စုံတစ်ဦးကို ရန်ပြုတိုက်ခိုက်ရန် အားပေးခံနေကြရပါသည်။

လော့အိန်ဂျလိစ်မြို့ (**Los Angeles**) ရှိရေခဲတိုက်(ရင်ခွဲရုံ)ထဲရှိ အလောင်း ၆၀၀ အနက် အများစုမှာ လူငယ်များဖြစ်ကြသည်။ ထို အလောင်းများသည် မည်သူမည်ဝါဖြစ်ကြောင်း သိနိုင်ဖို့ရန် ရင်ခွဲရုံထဲတွင် ၃လ ခန့် ထားရပါသည်။ ၃ လပြည့်၍ မည်သူဖြစ်ကြောင်း မသိရလျှင် အစိုးရကတာဝန်ယူသဂြိုဟ်လိုက်ပါတော့သည်။ အများစုမှာ မူးယစ်ဆေးဝါးကြောင့်လမ်းမှားသို့ ရောက်ခဲ့ကြခြင်းဖြစ်သည်။ လမ်းဆုံးရောက်သော် ပြန်လှည့်ဖို့ရန် နောက်ကျပေပြီ။ အကယ်၍သာ ဤလူငယ်များသည် ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှာ လာသတည်း (ယော ၁၀း၁၀) ဟူသော ခရစ်တော်၏ နှုတ်ကပတ်တော်ကို ကြားသိလိုက်နာခဲ့မည်ဆိုပါက ဤသို့သော အဖြစ်ဆိုးမျိုးနှင့် ကြုံရမည်မဟုတ်ပေ။

နောက်တစ်ခုမှာ ယခုအခါ အနောက်နိုင်ငံများနှင့် အမေရိကတိုက်တို့တွင် အံ့မခန်းတိုးပွားလာသော အောက်လမ်းပညာသည် အထက်ဖော်ပြပါအကြောင်းအရာများကို ပိုပြီး ရှုတ်ထွေးစေပါတော့သည်။ ခိုင်မာသော သတင်းများအရ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ ခန့်က ဥရောပတိုက်အနှံ့

ခေတ်စားခဲ့သော အောက်လမ်းပညာရပ်သည် ယခုကဲ့သို့ လောကခေတ်ပညာထွန်းကားနေသည့်ခေတ်တွင် ပြန်လည်ခေါင်းထောင်လာသည်ဆိုသည့်အချက်ပင်ဖြစ်သည်။

မည်သို့မျှ မထင်မှတ်သည့်နေရာများတွင် စာတန်ကို ကိုးကွယ်မှုပေါ်ပေါက်များပြားလာခြင်းပင်ဖြစ်သည်။ လန်ဒန်မြို့ ကဲင်စင်တန်အရပ်တွင် လန်ဒန်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များစုဝေးပြီး ဖော်ပြပါ အောက်လမ်းပညာပွဲတော်ကို ကျင်းပခဲ့ကြသည်။ ဥရောပတိုက်တဝှမ်းတွင်လည်း စုန်းကဝေမှော်အတတ်လိုက်စားသူများတို့သည် ဝေးလံလှသော ဗင်ကူးဘားကျွန်းတိုင် ပျံ့နှံ့ခဲ့လေပြီဖြစ်သည်။ အာဖရိကတိုက်မိရိုးဖလာဓလေ့ကိုးကွယ်မှုမှ ဆင်းသက်လာသော သေဆုံးသူများ၏ ဝိညာဉ်ခေါ်မှု အလေ့အကျင့်ကို အတုယူကျင်းပနေကြသည်ကိုလည်း တွေ့မြင်ရပါသည်။ အိမ်တွင်းကစားပွဲများတွင်လည်း ‘မြေတွင်းထဲမှ မြေနဂါး’များနှင့် တိုက်ခိုက်ကစားကြသည်။ Quija Board ခေါ် တိုက်ခိုက်ကစားနည်းတွေလည်း ဒုစရိုက်နှင့်သဘာဝလွန် အယူအဆတို့မှ လိုအင်ဆန္ဒပြည့်ချင်သူများကို တပ်မက်စွဲလန်းစေပါသည်။ ဤသို့သော အယူအဆများ ထိုးထွင်းဝင်ရောက်လာနိုင်ခြင်းသည်ပင် ဝိညာဉ်ရေးရာကို အပေါ်ယံလေ့လာခြင်းကြောင့်ဖြစ်ပါသည်။ လူတို့သည် ဘုရားသခင်ကို တမ်းတရှာဖွေရာတွင် လမ်းမှားကို လိုက်မိပြီး ဝိညာဉ်ရေးရာအမိုက်မှောင်ဖုံးလွှမ်းခြင်းကို ခံလိုက်ရကြပါသည်။ ဤသို့ဖြစ်ရခြင်းသည်လည်း ယဉ်ကျေးလှပါသည်ဆိုသော အသိုင်းအဝိုင်းထဲတွင် အဖြစ်များပါသည်။

ဤလောကကြီး၏ နောက်ဆုံးနေ့အကြောင်း ဘုရားသခင်ဟောကြားသည်ကို ကျွန်ုပ်တို့ကောင်းစွာမှတ်မိကြပါမည်။ ကိုယ်တော်ရှင် သတိပေးဟောကြားသည်မှာ နောက်ဆုံးသောအချိန်တွင် *မိစ္ဆာပရောဖက်များ၊ အံ့သြဖွယ်လက္ခဏာများ* တို့သည် ကြီးစွာသော မှားယွင်းမှုများဖြစ်စေမည်ဖြစ်သည်။ ကိုယ်တော်ရှင်က ထိုအချိန်တွင် မုသာ၏အရှင်ပေါ်လာပြီး



ဆိုးရွားပြုမူမည်အကြောင်းကို .......*စာတန်ပြုပြင်တော်မူသောအားဖြင့် မုသာနှင့်ဆိုင်သော ထူးဆန်းသောတန်ခိုး၊ နိမိတ်လက္ခဏာ၊ အံ့ဖွယ်သော နိမိတ်လက္ခဏာ အမျိုးမျိုးနှင့်၄င်း၊ ပျက်စီးခြင်းသို့ရောက်သော သူတို့တွင်...... (၂သက် ၂း၉၊ ၁၀)* ဟု ဖော်ပြထားပါသည်။

မှားသောအယူဝါဒကို ခံယူခြင်း၊ ဒုစရိုက်အကျင့်ကို ကျင့်ခြင်းစသည်တို့ကြောင့် နိုင်ငံများစွာတို့နှင့် လူ့အသိုင်းအဝိုင်းအတွင်းတွင် သံသယဝင်မှု၊ အရှုံးပေးရမှု၊ မျှော်လင့်ခြင်းကင်းဝေးရမှုတို့၏ လွှမ်းမိုးထားခြင်းကို ခံနေရပါသည်။ စာတန်၏ လုပ်ရပ်များစွာရှိသော်လည်း မည်သည့် အပြုအမူကမှ ယေရှုခရစ်သာလျှင် ကယ်တင်ရှင်ဖြစ်သည်ဟု ဖော်ပြထားခြင်းကို မတွေ့ရပါ။

ဘုရားသခင်၏ အမှာစကားအရဆိုရလျှင် ဤလောကကြီးအတွင်းဖြစ်ပျက်မှုအလုံးစုံနှင့်ဆန့်ကျင်သောအဖြေသာရလိမ့်မည်။ ကိုယ်တော် ၏ အမှာစကားမှာ မျှော်လင့်ချက်၊ ယုံကြည်စိတ်ချမှုနှင့် တက်ကြွသော အသက်တာကို ခရစ်တော်၌ တွေ့နိုင်ပါသည်။ သင့်အနေနှင့် ဘုရားသခင်အား သမ္မာကျမ်းစာတွင် ရှာဖွေမည်ဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော်က ညွှန်ပြလိမ့်မည်။ *ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ တဖန် ယေရှုက ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ(ယော ၁၄း၆)* ဟု မိန့်တော်မူ၏။

ဘုရားသခင်က သင့်အား မှားယွင်းသောအယူအဆများကြောင့် လမ်းမှားကို မလိုက်မိစေရန် သတိပေးခဲ့ပါသည်။ တစ်ဖန် ကိုယ်တော်က များပြားလာသော ဖြားယောင်းသွေးဆောင်မှုများက သင့် ဆင်ခြင်နိုင်မှုကို ဖုံးလွှမ်းစေနိုင်သည်ဟုလည်း သတိပေးထားပါသည်။ ထို့နောက် ဤသို့ ကတိတော်ပေးခဲ့ပါသည်။

*ငါသည် သင်တို့အား အကျိုးနည်းစေခြင်းငှာ ကြံစည်သောအကြံ မဟုတ်ဘဲ သင်တို့သည် မြော်လင့်သောအကျိုးကိုရမည်အကြောင်း ငြိမ်ဝပ်စေခြင်းငှာသာ သင်တို့အဘို့ ကြံစည်သောအကြံကို ငါသိ၏။ တဖန် မိန့်တော်မူသည်ကား သင်တို့သည် ငါ့ကိုခေါ်၍ သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါနားထောင်မည်။ ငါ့ကိုရှာသောအခါ သင်တို့စကားကို ငါနားထောင်မည်။ ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာလျှင် တွေ့ကြလိမ့်မည်။ ငါသည်လည်း သင့်တို့ အတွေ့ကို ခံမည်။ (ယေ ၂၉း၁၁-၁၄)*

**သုံးသပ်ရန်**

၁။ မည်ကဲ့သို့သော စိတ်နှလုံးသည် ဖန်ဆင်းရှင်ထက် ဖန်ဆင်းသောအရာကိုသာ ကိုးကွယ်သနည်း။ (ရောမ ၁း၂၂-၂၈ တွင် ဖတ်ရှုလေ့လာပါ)

၂။ ဘုရားသခင်အား သင်တမ်းတရှာဖွေရာတွင် မည်သို့သောအသိဉာဏ်ကို သုံး၍ ရှာသင့်သနည်း။

က) စိတ်နှလုံးသဘောထား

ခ) စိတ်ဆန္ဒ

( ယော ၇း၁၇ တွင် လေ့လာပါ)

၃။ ဘုရားသခင်သည် သင့်အား သူ့ထံသို့ ရောက်ရှိစေရန် ထင်ရှားသောလမ်းညွှန်မှုကို ပေးပြီးပါပြီလား။ (ယော ၈း၁၂ ကို လေ့လာပါ)

*လွန်ခဲ့သော နှစ်ပေါင်းများစွာက အင်္ဂလန်နိုင်ငံ ဥပုသ်စာဖြေကျောင်း သင်တန်းတစ်ခုမှာ ကလေးတစ်ဦးက သူ့ရဲ့ဆရာကို ‘ဘုရားသခင်က ဆိုးတဲ့ကလေးများကို ချစ်တတ်သလား’ လို့ မေးခွန်းထုတ်လိုက်တော့ ဆရာ က ‘အိုဘယ့်နှယ် ပြောပါလိမ့် ဘယ်ချစ်ပါ့မလဲ’ တဲ့ ဒီလိုအမှတ်မထင် ပြောမှုကြောင့် ကလေးတစ်ယောက်အနေနဲ့ ဘုရားသခင်ဟာဆိုးတတ်တဲ့ကလေးတွေကို မချစ်ဖူးဆိုခဲ့ရင် ငါ့ကိုဘယ်တော့မှချစ်မှာ မဟုတ်ပါဘူးလို့အထင်ရောက်သွားစေနိုင်ပါတယ်။ ရှိတ်စပီးယားကတော့ ‘‘စစ်မှန် တဲ့ ချစ်ခြင်းမေတ္တာဟာခွဲခြားပြောင်း လဲခြင်းမရှိပါဘူး’’တဲ့*

*ဂျီ၊ ကင်းဘဲ(လ်)မော်ဂင်*





# *ဘုရားသခင်သည် ကျွန်ုပ်အား အမှန်တကယ် ချစ်ပါသလား*

သင့်အနေနှင့် သင်ရဲ့ဘဝမှာ အရေးပါအရာရောက်ဆုံးသူတစ်ဦး၏အချစ်ကို မေးခွန်းထုတ်ဖူးပါသလား။ သို့မဟုတ် တစ်ယောက်ယောက်ကို အချစ်နှင့်ပတ်သက်ပြီး သက်သေထူဖို့ ကြိုးစားခဲ့ဖူးပါသလား။ မည်သို့ပင်ဖြစ်စေ အချစ်စစ်အချစ်မှန်သည် အပြောထက်အလုပ်ဖြင့် သက်သေပြခြင်းသည်အကောင်းဆုံးဟု သင်တစ်ချိန်မှာ သိလာပါလိမ့်မည်။

အလုပ်သည် အပြောထက်ပိုပြီး ထိရောက်ကြောင်း ဘုရားသခင်ကသခင်ယေရှုကို လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံစေခဲ့ခြင်းနှင့် ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို သက်သေထူခဲ့ပြီးပါပြီ။ ထိုထက်ပိုပြီး သိသာထင်ရှားစေသော အမှတ်သညာပြစရာ မလိုတော့ပါ။ ကျွန်ုပ်တို့အပေါ်ထားသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို သည်အချက်တစ်ခုတည်းဖြင့် နားလည်ဖို့ ကောင်းပါပြီ။

ကျွန်တော့်အနေဖြင့် ခရစ်တော်ကိုလက်ခံပြီး မကြာခင်တွင် တကယ့်အဖြစ်အပျက်တစ်ခုဖြစ်သော ရဲဘော်တစ်ဦးနဲ့ ခရာသမားကလေးတစ်ယောက်အကြောင်းကို ဖတ်ရပါသည်။ ‘ဘိုးဝါး’ စစ်ပွဲတွင်ပါဝင်နေရသည့်အချိန်တွင် ဘုရားကိုယုံကြည်အားထားသော ဆယ့်နှစ်နှစ်သားအရွယ်ခရာသမားကလေး ဝီလီဟို့(လ်)သည် ဘုရားကို မယုံကြည်သောတခြားရဲဘော်ရှစ်ယောက်နှင့်အတူ တဲတစ်တဲတည်းတွင် တာဝန်အရ

အတူတူ နေထိုင်ကြရသည်။ ဤရှစ်ဦးအထဲတွက် ဘီ(လ်)အမည်ရှိ ရဲဘော်တစ်ဦးပါဝင်သည်။ ယေရှုခရစ်ကို အကြွင်းမဲ့ယုံကြည်သော ဝီလီမှာ ညတိုင်း သူ့ကုတင်ဘေး၌ ဒူးထောက်ပြီး ဆုတောင်း၊ သမ္မာကျမ်းစာဖတ်လေ့ရှိပါသည်။ ထိုအချိန်မျိုးတွင် ဘုရားကိုမယုံကြည်သောဘီ(လ်)နှင့် ရဲဘော်တစ်စုက ဝီလီကို နောက်ပြောင်သရော်လေ့ရှိပါသည်။

တစ်နေ့တွင် သူတို့တဲထဲအထိခြေရာခံမိသော သူခိုးတစ်ယောက်နှင့်ပတ်သက်ပြီး တာဝန်ခံဗိုလ်မှူးကြီးက တပ်ရင်းတစ်ခုလုံးကို တန်းစီဖို့ အမိန့်ပေးခဲ့သည်။ ဗိုလ်မှူးကြီးက သူခိုးကို ဖမ်းမိနိုင်ဖို့ကြိုးစားခဲ့သော်လည်း အချည်းနှီးဖြစ်နေရတာကြောင့် အပြစ်ရှိသူကို နောက်ဆုံးအခွင့်အရေးပေးသည့်အနေဖြင့် ‘ကိုယ့်အပြစ်ကို ဝန်ခံပြီးဒဏ်ပေးတာကို လက်ခံပါ၊ ဒါမှမဟုတ်ရင်တော့ တပ်ထဲက ရဲဘော်တိုင်းကို ကြိမ်ဒဏ်ဆယ်ချက်စီပေးမယ်’ ဟု ပြောပါတော့သည်။

အတန်ကြာ စိတ်လှုပ်ရှားဖွယ်ကောင်းလောက်အောင် ငြိမ်ကျသွားပြီးနောက် ဝီလီတစ်ယောက် ရှေ့ကိုထွက်ကာ သတိအနေအထားဆွဲပြီး “ဗိုလ်မှူးကြီးခင်ဗျား၊ ဗိုလ်မှူးကြီး ပြောခဲ့သလို ကျွန်တော့်အနေနဲ့ကျန်ရဲဘော်တွေအစား ပြစ်ဒဏ်ကိုခံယူပါ့မယ်” ဟု ပြောသည့်အခါ၊ ဗိုလ်မှူးကြီးက ဒေါသတကြီးနှင့် “ဘာဖြစ်လို့အပြစ်မရှိတဲ့သူငယ်ကိုသူခိုးတစ်ယောက် ကိုယ်စားအပြစ်ပေးရမှာလဲ” ဟု မေးလိုက်သော်လည်း မည်သူကမျှ ဘာမျှပြန်မပြောသဖြင့်၊ ဗိုလ်မှူးကြီးက “ကောင်းပြီ၊ ဒါဆိုရင် အပြစ်မရှိတဲ့သူငယ်လေးတစ်ယောက်ဟာ အပြစ်လုပ်ထားတဲ့ သူခိုးတစ်ယောက်အစား ကြိမ်ဒဏ်ခံရတဲ့ ဒုက္ခဝေဒနာကို မင်းတို့အားလုံးမြင်စေရမယ်”ဟု ပြောပြီး ဝီလီကလေးကို ကြိမ်ဒဏ်ချဖို့ အမိန့်ပေးလိုက်ပါတော့သည်။

ဝီလီသည် သူ့ကျောပြင်ပေါ် တစ်ချက်ပြီးတစ်ချက် ပြင်းပြင်းထန်ထန်ကျရောက်နေသော ကြိမ်ဒဏ်ကို အံကြိတ်ခံစားရာက မေ့မြောသွားပါတော့သည်။ ထိုအချိန်တွင် မကြည့်ရက်နိုင်တော့ဘဲ ဘီ(လ်) ပြေးထွက်လာပြီး “ရပ်လိုက်ပါတော့ ဗိုလ်မှူးကြီးရယ်၊ ရပ်လိုက်ပါတော့၊ သူခိုးအစစ်ဟာ ကျွန်တော်ပါ ကျွန်တော့ပြစ်ဒဏ်ကျွန်တော်ခံပါရစေ” ဟု ပြောသောအခါ ဝီလီ သတိပြန်ရလာပြီး “နေပါစေ ဘီ(လ်) နေပါစေ၊ ဗိုလ်မှူးကြီးအနေနဲ့ပေးပြီးအမိန့်ကို ပြန်ရုပ်သိမ်းဖို့ခက်ပါတယ် ကျွန်တော် ကြိမ်ဒဏ်ကို အပြည့်အဝခံယူလိုက်ပါရစေ” ဟု ပြောပြီး ကြိမ်ဒဏ်အပြည့်ခံယူသွားခဲ့ပါတော့သည်။

ဝီလီကလေးသည် ကြိမ်ဒဏ်ကပြန်ပြီး နာလန်မထူနိုင်တော့ပါ။ သူကောင်းကင်ဘုံကို မသွားခင်ကလေးတွင် ယူကြုံးမရ အင်မတန်ထိခိုက်နေသော ဘီ(လ်) က ဝီလီ၏ကုတင်ဘေးတွင် ငိုရင်း “ဝီလီရယ်၊ ဘာကြောင့် မင်းကငါ့အစား အပြစ်ဒဏ်ကိုခံရတာလဲ ငါ့အတွက် မင်း ဒဏ်ခံဖို့ မသင့်ပါဘူး”တဲ့။ ဝီလီ၏အဖြေမှာ ရှင်းလင်းပြတ်သားလှပါသည်၊ “ကျွန်တော်ဘီ(လ်) ကို ခဏခဏကြိုးစားပြီးပြောဖူးပါတယ်၊ ဘုရားသခင်က ဘီ(လ်)ကို ဘယ့်လောက်တောင်ချစ်သလဲဆိုတာ၊ ဒါပေမယ့် ဘီ(လ်)က မယုံခဲ့ပါဘူး၊ ကျွန်တော်စဉ်းစားမိတာက ခင်ဗျားရဲ့ အပြစ်ဒဏ်ကို ဝင်ပြီးယူလိုက်ရင်၊ ခင်ဗျားအနေနဲ့ ယေရှုဟာ ဘီ(လ်) ကို ဘယ်လောက်ချစ်သလဲဆိုတာ ပိုနားလည်ပြီး လက်ခံလာလိမ့်မယ်၊ လက်ဝါးကပ်တိုင်ပေါ်မှာခင်ဗျားရဲ့အစား ယေရှုက သူချစ်တဲ့ ခင်ဗျားအတွက် အသေခံသွားခဲ့တယ်”ဟုပြောလေသည်။ ဝီလီကလေး ကောင်းကင်ဘုံသို့ မတက်ခင်တွင် ဘီ(လ်) သည် ခရစ်တော်၏ကယ်တင်ခြင်းကို ခံယူဖို့ရန် အသင့်ဖြစ်သွားခဲ့ကြောင်း သိသွားပါသည်။

ကမ္ဘာမြေကြီးပေါ်တွင် လမ်းစပျောက်နေသောလူသားတို့ကို ကယ်တင်ဖို့ ဘုရားသခင်သည် ခရစ်တော်ကို စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်ရဲ့အံ့ဖွယ်ကောင်းသော အသက်ကိုစွန့်ပြီး ဆင်းရဲဒုက္ခခံခဲ့သည်တို့ကို နားလည်ပါက ဘုရားသခင် လူသားအားလုံးပေါ် ထားရှိသော

ချစ်ခြင်းမေတ္တာသည် အလွန်ကြီးမားနက်ရှိုင်းကြောင်းကို သိနိုင်သည်။

## အကြွင်းမဲ့ပြည့်စုံသောလူသား

ဂေါလဂေါသကုန်းမြင့်ပေါ်တွင် ကားစင်သုံးခုကို စိုက်ထူခဲ့ပါသည်။ ဘေးတစ်ဖက်တစ်ချက် ကားစင်နှစ်ခုပေါ်တွင် ရာဇဝတ်သား သူခိုးနှစ်ယောက်၊ ခရစ်တော်ကို သူတို့နှစ်ယောက်ကြား အလယ်ကားစင်ပေါ်တွင် လက်ဖဝါးကိုသံနဲ့ ရိုက်ထားပါသည်။ ကိုယ်တော်သည် ကားစင်ပေါ်တွင် သေဆုံးသွားပါသည်။

နောက်ဆုံးအချိန် နီးကပ်လာသည်နှင့်အမျှ မခံမရပ်နိုင်သည့် ဝေဒနာကိုခံစားရင်းက တစ်ယောက်သောသူခိုးက တစ်ဖက်သတ်ကျသော တရားဥပဒေကြောင့်သူတို့တတွေ ကားစင်ပေါ်အတင်ခံရသည်ကို သူ့အမြင်အတိုင်း ပြောဆိုနေပါသည်။ အံ့အားသင့်စရာ ကောင်းသည်မှာ သူခံစားနေရသည်ကို ဆိုလိုခြင်းမဟုတ်ဘဲ ရောမတရားဥပဒေက ခရစ်တော်ကို သူတို့လို ရာဇဝတ်သားနှင့်အတူ ယခုလို ဆုံးဖြတ်ချက်ချခြင်းမှာ မှန်ကန်မှုမရှိဟုဆိုလိုခြင်းဖြစ်သည်။ မမှန်ကန်သောဆုံးဖြတ်ချက်ချမှုက သူ့စိတ်ကိုအနှောင့်အအယှက်ဖြစ်နေစေပါသည်။ နှိမ့်ချသည်စိတ်အပြည့်နှင့် ထိုရာဇဝတ်သားက သူ၏နောက်ဆုံးအချိန်ရောက်ခါနီးတွင် အလွန်တရာရှင်းလင်းပြတ်သားသော အမြင်သုံးရပ်ကို ချပြလိုက်ပါတော့တယ်။

**ပထမ၊** *ငါတို့သည် ကိုယ်ပြုမိသော အပြစ်နှင့်အလျောက် ခံရသည်ဖြစ်၍ တရားသဖြင့် ခံရကြ၏။* ဤသေခါနီးရာဇဝတ်သားက တိုတိုတုတ်တုတ်နှင့် နှိမ့်ချပြောဆိုကာ မိမိ၏ရာဇဝတ်မှုကို ဝန်ခံဖြောင့်ချက်ပေးပြီး မိမိ၏အပြစ်ကို ဝန်ခံခဲ့ပါသည်။

**ဒုတိယ၊** *ငါတို့ အသတ်ခံရသည်မှာတရားမျှတမှုရှိသည် . . .* ယခုခေတ်တွင် အသေးအဖွဲခိုးမှုကအစ ကြမ်းတမ်းစွာ လုယက်မှုအပါ



အဝင် ပြစ်မှုပေါင်းစုံ နေရာတကာတွင် ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့ဖြစ်နေပါသည်။ တစ်ရာစုခေတ်အတွင်း ဤသို့သော ရာဇဝတ်မှုမျိုးကို ခေတ်ဥပဒေနှင့် မည်သို့ပြစ်ဒဏ်ချမှတ်မည်ကို နားလည်ရန်ခက်သော်လည်း ရာဇဝတ်သားသူခိုးကမူ သေခါနီးဆဲဆဲမှာပင် စကားသုံးခွန်းဖြင့် သူတို့နှစ်ဦးအား ပေးသောအပြစ်ဒဏ်သည် တရားမျှတကြောင်း *'ငါတို့ရဲ့သေဒဏ်ဟာ တရားမျှတတယ်'* ဟု ပြောခဲ့ပါသည်။

**တတိယ၊** *ဤသူမူကား အဘယ်အပြစ်ကိုမျှ မပြု . . .* ရာဇဝတ်ဒဏ်သင့်သည့် သူခိုး၏ပြောဆိုချက်များသည် မိမိ၏ပြစ်မှုနှင့်ပြစ်ဒဏ်ကို ကျေကျေနပ်နပ် ခံယူခြင်းမှာ မှတ်သားစရာကောင်းသလို၊ မိမိ၏ခရစ်တော်အပေါ် စိုးရိမ်ပူပန်မှုနှင့် အပြစ်မရှိသူအပေါ် သေဒဏ်ချမှတ်သောတရားဥပဒေကို မကျေမနပ်ပြောခြင်းမှာလည်း အံ့ဩစရာကောင်းပါသည်။ သူခိုးသည် ကားစင်ပေါ်တွင် သူ့ပြစ်ဒဏ်ကို ခံယူရင်း ခရစ်တော်မှလွဲ၍ တခြားမျှော်လင့်စရာမမြင်တော့။ ထို့ကြောင့် အားကိုးတကြီးနှင့် ခရစ်တော်ကို . . . *သခင်၊ ကိုယ်တော်ရဲ့နိုင်ငံတော်တည်လျက် ကြွလာတော်မူသောအခါ အကျွန်ုပ် ကို သတိရတော်မူပါ"* ဟု တောင်းပန်လေသည်။

ဤသို့ ရိုးသားဖြောင့်မတ်စွာ အပြစ်ရှိကြောင်းဝန်ချတောင်းပန်ပြီး လိုအပ်သည်များကို တောင်းဆိုလာပါက အစဉ်တံ့ပြန်လေ့ရှိသည့်အတိုင်း သခင်ခရစ်တော်က . . . *ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည် ( လု ၂၃း၃၉-၄၃ )* ဟု မဆိုင်းမတွ ချက်ခြင်းကတိပေးလိုက်လေသည်။

အပြစ်ပြုသူ၏ထုံးစံအတိုင်း ထိုနေ့တွင် သေရခါနီးဖြစ်နေသော သူခိုးသည် ကိုယ်တော့်ထံပါး ဝန်ချတောင်းပန်ခဲ့သောကြောင့် ကိုယ်တော်၏ကတိဖြစ်သည့် ထာဝရအသက်ကို ရခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် သူခိုးသည် မှန်ကန်သည့် ပြုမူချက်နှစ်ရပ်ကို တစ်ချိန်တည်းတွင်

လုပ်ဆောင်ခဲ့သည်ကို တွေ့ရပါလိမ့်မည်။ သူသည်. . . ကိုယ်တော့်ထံ မျက်နှာမူချဉ်းကပ်ခဲ့သည်နှင့် . . . ကိုယ်တော်ထံမှ ဂရုဏာတော်ကို ကားတိုင်ပေါ်တွင် တောင်းခံခြင်းတို့ဖြစ်ပါသည်။

မှန်ပါသည်၊ ထိုသို့ထူးဆန်းအံ့သြဖွယ်များဖြင့် ပြည့်နေသည့်နေ့တွင် မကြာခင် သေဆုံးရတော့မည့်သူခိုးတစ်ယောက်၏အမြင်မှာ ယေရှု ကိုယ်တော်သည် အမှန်တကယ် **ဒုစရိုက်ကင်း**ပါသည်။ နောင်တစ်ချိန်တွင် တပည့်တော်နှစ်ဦး၏သုံးသပ်ချက်မှာ ပိုပြီးတိကျလှပါသည်။ သူတို့နှစ်ဦးက ယေရှုသည် **အပြစ်ကင်း** ကြောင်းကို အထောက်အထား ပြပြီး ပြောဆိုပါသည် ။ ဤတပည့်တော်နှစ်ဦးသည် တမန်တော်ရှင်ပေါလု နှင့်အတူ ယေရှုအပြစ်ကင်းစင်ပုံကို သူတို့ တစ်ဦးစီ၏ သက်သေခံချက် များနှင့်အတူ မှတ်တမ်းတင်ထားခဲ့ပါသည်။

ယေရှုနှင့်အရင်းနှီးဆုံးမိတ်ဆွေဖြစ်သူ ပေတရုမှာ အရာရာကို အလျင်စလို ပြုလုပ်တတ်သူတစ်ဦးဖြစ်သဖြင့် ယေရှု၏ အပြစ်တရားကင်းစင်ပုံကို သက်သေခံရာတွင် သူ၏လုပ်ပုံလုပ်နည်းအတိုင်း တုံးတိကြီးပြောလိုက်သည်မှာ . . . *ထိုသခင်သည် ဒုစရိုက်ကိုမပြု (၁ ပေ ၂း၂၂)* ဟူ၏။

ရှင်ယောဟန်သည်လည်း သခင်ယေရှုနှင့်အထူးအကျွမ်းဝင်သော မိတ်ဆွေတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် သူ့အနေဖြင့် ကိုယ်တော်ကို အနီး ကပ်လေ့လာခွင့် ရခဲ့ပါသည်။ ဤသို့ အထူးအခွင့်အရေးရခဲ့သော ကြောင့် ယောဟန်က ပြတ်ပြတ်သားသားပင် . . . *ကိုယ်တော်၌လည်း အပြစ်မရှိ* (၁ ယော ၃း ၅) ဟု သက်သေခံလေသည်။

ထင်ရှားသောပညာရှင်တစ်ဦးအဖြစ် အထူးနာမည်ရသော ရှင်ပေါလုက ပညာရှင်ပီပီ အပိုအလိုမရှိ ထိမိသော စကားလုံးများ သုံးထားပုံမှာ . . . *ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူ*. . . (၂ကော ၅း၂၁) ဖြစ်၏။ ဤသို့ တမန်တော်သုံးပါးတို့၏ ယေရှုသည် အပြစ်ကင်းစင်ကြောင်း သက်သေခံချက်တွေများသည် အလွန်ပင် ထိရောက်လှပါသည်။



ဤသို့သော သိသာထင်ရှားလှသည့် အမြင်နှင့် သက်သေခံချက်တို့ကို လူအချို့တို့က လက်မခံနိုင်ဘဲ “တမန်တော်တွေဖြစ်ကြတဲ့ ပေတရု၊ ယောဟန်နဲ့ ပေါလုတို့သာမကဘူး၊ သေခါနီးသူခိုးကပါ ဘက်မလိုက်တဲ့ သက်သေတွေ မပြောနိုင်ဘူး။ သူခိုးက မျှော်လင့်ချက်ကုန်နေတဲ့သူ၊ တမန်တော်တွေကလည်း ယေရှုသခင်ကိုကြည်ညိုရင်းစွဲ ရှိလို့ ဘက်လိုက်တာဖြစ်မှာပါပဲ”တဲ့။ ထိုသို့ဆိုလျှင် ယုဒပြည်က ရောမဘုရင်ပိလတ်မင်းကကော၊ သူသည် ယေရှု၏မိတ်ဆွေမဟုတ်သည်မှာ သေချာပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ယေရှုကို မဟုတ် မမှန်စွဲချက်တင်ပြီး ကိုယ်တော်ကို သေစေဖို့ လုပ်ကြံသူများ၏ မေးခွန်းကို ပိလတ်မင်းဖြေကြားလိုက်သည်မှာ. . .

> *ဤလူကို သင်တို့သည် ငါ့ထံသို့ ပို့ဆောင်ကြသည်ဖြစ်၍၊ သင်တို့ရှေ့မှာ ငါစစ်ကြောသော်လည်း၊ သင်တို့ တင်သောအပြစ်တစုံတခုကိုမျှ သူ၌ ငါမတွေ့ ”( လု ၂၃း၁၄)*

လူသားတို့၏သက်သေခံချက်များဖြင့် ကောင်းကင်ဘုံက ဘုရားသခင်၏ကြေညာချက်ကို မည်သို့မျှနှိုင်းယှဉ်၍ မရနိုင်ပါ။ တစ်ဦးတစ်ယောက်က လူစုလူဝေးရှေ့၌ စကားပြောဖို့အတွက် တခြားသူတစ်ဦးက မိတ်ဆက်ပေးခြင်းသည် မှန်ကန်ယဉ်ကျေးသည့် လူမှုထုံးစံတစ်ရပ်ဖြစ်သလို ယေရှုအနေနှင့် လူသားတို့အတွင်း သာသနာတော်ပြန့်ပွားမှုကို စတင်လုပ်ဆောင်ချိန်တွင် ခမည်းတော်ဘုရားက လူသားများကို ကိုယ်တော်တိုင်သားတော်နှင့် ကြိုတင်မိတ်ဆက်ပေးခဲ့ပါသည်။ ကောင်းကင်ဘုံမှ ကြည်လင်ပြတ်သားသောအသံဖြင့် ခမည်းတော်ဘုရား ကြေညာသည်မှာ . . . *“ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း ”* (မ ၃း၁၇)။ ခမည်းတော်ကြိုတင်သိထားသည်မှာ ယေရှုသည် ကမ္ဘာပေါ်တွင် နေရသောအခိုက်အတန့် ဘုရားသခင်ဖန်ဆင်းထားသော လူသား

များကဲ့သို့ နေထိုင်အသက်ရှင်ရမည်ဖြစ်သည်ဆိုခြင်းပင်။ *လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ (ရော ၃း၂၃)* ဟု ဆိုသော်လည်း ယေရှုမှာမူ ထိုသို့ မဟုတ်။ ယေရှုသည် အပြစ်အနာအဆာ မရှိ၊ သန့်ရှင်းသောသူဖြစ်ပါသည်။ ထို့ကြောင့် ယေရှုက လူထုထဲ သာ သနာစတင်ပြုမည်ဆိုစဉ်ကပင် ခမည်းတော်က ယေရှုကို လူသားများနှင့် မိတ်ဆက်ပေးရာတွင် . . . *သန့်ရှင်းတော်မူသော အဘ (ယော ၁၇း၁၁)*. . . ။ ဘုရားသခင်က ချစ်လှစွာသော သားတော်ယေရှုသည် လူ့ဇာတိကိုခံယူပြီး အမှုတော်ထမ်းဆောင်တာကို ခမည်းတော်အနေနှင့် ကျေနပ်ဝမ်းမြောက်ကြောင်းပြသခဲ့လေပြီ။ သခင်ယေရှုမှာ ဘုရားသခင်နှင့် တူညီသောဘုန်းတော်ရှိကြောင်းကို ကျွန်ုပ်တို့ပြဆိုခဲ့ပြီးဖြစ်သည့်အတိုင်း၊ အလွန်အံ့ဖွယ်ရာကောင်းသည်မှာ ဘုရားသခင်သည် ကိုယ်တော်တိုင်နှိမ့်ချပြီး မဟာဂရုဏာမေတ္တာကြီးမားစွာဖြင့် မယုက်တင်သေးသော သတို့သမီးကညာ၏ဝမ်းမှ မွေးဖွားစေပြီး လူ့အသွင်ကို ယူစေခဲ့ပါသည်။ သို့ရာတွင် လူ့အသွင်ကိုယူခဲ့ပြီဖြစ်သော ခရစ်တော်သည် အရာခပ်သိမ်းကို ဘုရားသခင့် အလိုအတိုင်းလိုက်နာခြင်း မရှိပါက ခမည်းတော်ကို ရွှင်လန်းစေနိုင်မည်မဟုတ်ပါ။ ယေရှုသည် ခမည်းတော်ဖန်ဆင်းထားသော ကမ္ဘာမြေပေါ်ကို ဦးစွာပထမကြွရောက်လာသည့်အခါ ခမည်းတော်ကို ရိုသေလေးစားခြင်း၊ အားကိုးခြင်းတို့ အပြည့်အဝရှိခဲ့ပါသည်။ ဤသို့ နှိမ့်ချမှုက ကမ္ဘာမြေပေါ်တွင် ကောင်းကင်ဘုံက သန့်ရှင်းသော ခမည်းတော်၏ဘုန်းတော်၊ မေတ္တာတော်နှင့် ဦးတည်ချက်တို့ကိုပေါ်လွင်စေပါသည်။

မှန်ပါသည်၊ လူသားတစ်ဦးအနေဖြင့် ခရစ်တော်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖန်ဆင်းခဲ့သော ကမ္ဘာမြေကြီးပေါ်သက်ဆင်း ကြွရောက်တော်မူခဲ့ပါသည်။ နှစ်ပေါင်းသုံးဆယ့်သုံးနှစ်တိုင်အောင် ဘုရားသခင်နည်းတူ ဘုန်းရှိသောခရစ်တော်က ဘုရားသခင်အနေဖြင့် လူသား



များအား ဘယ်လိုနေထိုင်စေလိုသည်ကို ပြသခဲ့ပါသည်။ လူဇာတိကိုခံယူခဲ့သော ခရစ်တော်သည် ဘုရားသခင် မဖြစ်စေချင်တာ၊ မကျူးလွန်စေချင်သည်များကို မကျူးလွန်ခဲ့ပါ။ ဤကာလအတောအတွင်း ခရစ်တော်သည် ကောင်းကင်ဘုံတွင်ရှိသော သူ့ခမည်းတော်အတွက်အစဉ်အမြဲအသင့်ရှိနေခဲ့ပါသည်။ ထို့ကြောင့် ခမည်းတော်က သားတော်အပေါ်ကြည့်သောအခါ အပြစ်အနာအဆာကင်းသည့် လူသားတစ်ဦးအဖြစ် လူသားများအကြား နေထိုင်နေတာတွေ့ရလို့ 'ကျေနပ်နှစ်သိမ့်မှု'အပြည့်အဝရှိနေပါသည်။

**ဒုစရိုက်မှကင်းခြင်း၊ အပြစ်တရားမှကင်းခြင်း၊ စုံလင်ပြည့်ဝခြင်း။** သေရ တော့မည့်သူခိုးနှင့် ရောမဘုရင်ပိလတ်မင်းတို့က ခရစ်တော်၌ ဒုစရိုက်ကင်းစင်ကြောင်း ပြောကြပါသည်။ ပေတရု၊ ယောဟန်နှင့် ပေါလုတို့က ယေရှုသည် အပြစ်တရားမှ ကင်းစင်သည်ဟု ပြောကြပါသည်။ ကောင်းကင်ဘုံက သန့်ရှင်းသောဖခင်က ခရစ်တော်သည် စုံလင်ပြည့်ဝခြင်း အတိဖြစ်သည်ဟု မှတ်ချက်ချခဲ့ပါသည်။ ဒုစရိုက်မှကင်းခြင်း၊ အပြစ်ကင်းခြင်း၊ စုံလင်ပြည့်ဝခြင်းတို့နှင့် ပြည့်စုံသောယေရှုခရစ်သည် လူသားတို့အတွက် အသက်အသေခံခဲ့ခြင်းက ကျွန်ုပ်တို့ တစ်ယောက်စီကို ချစ်မြတ်နိုးသောကြောင့်ဖြစ်ပါသည်။

## *အကန့်အသတ်မရှိသောချစ်ခြင်းမေတ္တာ*

မြင်ယောင်ကြည့်ပါ၊ ခရစ်တော်ကို ကားစင်တင်သည့်နေ့ ပထမဆုံး (Good Friday) နေ့။ တုန်လှုပ်ခြောက်ခြားစရာ၊ ပကတိ ကြောက်စရာပင်။ လက်ဝါးကပ်တိုင်ပတ်ပတ်လည်တွင် အထိတ်တလန့်အော်ဟစ်ပြောဆိုငိုကြွေးမြည်တမ်းနေကြသော လူအုပ်ကြီးကြားတွင် သင်ကိုယ်တိုင်ရောက်နေသလို မြင်ယောင်ကြည့်ပါ။ စိတ်တုန်လှုပ်ခြောက်ခြားစရာ မြင်ကွင်း

ပင်။ ရာဇဝတ်သားနှစ်ယောက်ကို ယေရှု၏ဘေးတစ်ဘက်တစ်ချက်မှာ ကားစင်တင်ထားသည်ကိုဖြစ်၏။ သတိပြုစရာမှာ သူတို့နှစ်ဦးသည် ဘုရားရှေ့မှာရော၊ လူရှေ့မှာပါ ဒုစရိုက်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် သေဒဏ်ပေးခြင်းခံရတော့မယ်။

အပြစ်လုံးဝမရှိသောယေရှုသည် ဒုစရိုက်သားနှစ်ယောက်ကြားမှာ ကားစင်အတင်ခံနေရသည်။ ဆန့်ကျင်မှုက ထင်းထင်းကြီးပေါ်လွင်နေပါတကား။ ယေရှုက ဒုစရိုက်ကင်းစင်၏။ အပြစ်သားနှစ်ယောက်က ဒုစရိုက်သားများ၊ ထို့အပြင် ယေရှုသည် လူသားတွေရှေ့မှာ ဒုစရိုက်လည်းကင်း၊ အပြစ်လည်းကင်းသလို သန့်ရှင်းသော ဘုရားသခင်ရှေ့မှာ စုံလင်ပြည့်ဝမှုလည်း ရှိပါသည်။ . . . *ဘုရားသခင်သည် ခရစ်တော်* . . . *(၂ကော ၅း၁၉)* လက်ဝါးကပ်တိုင်ပေါ်ကို . . . *အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်ကဲ့သို့. . (၁ပေ ၁း၁၉)* အပြစ်ရှိလူသားတွေအတွက် ခရစ်တော်အသက်အသေခံခြင်းက ဘုရားသခင်၏လူသားတို့အပေါ်ထားသည့် မေတ္တာစေတနာကို ဆန္ဒပြုခြင်းပင်။

သူခိုးများမှာမူ သေသွားကြသော်လည်း သေချာသည်မှာ ယေရှုသည် ရှင်ပြန်ထမြောက်ခဲ့ပါသည်။ အစောပိုင်းက ယေရှုသည် မိမိအား ဝေဖန်သူများကို အခိုင်အမာမိန့်တော်မူသည်မှာ၊ . . . *ငါသည် ကိုယ်အသက်ကို စွန့်၍ နောက်တဖန်ယူဦးမည်ဖြစ်သောကြောင့်၊ ငါ့အသက်ကို အဘယ်သူမျှ မလုမယူ. . . ကိုယ့်အသက်ကို စွန့်ရသောအခွင့်နှင့် နောက်တဖန် ကိုယ်အသက်ကို ယူပြန်ရသောအခွင့်သည် ငါ၌ရှိ၏ (ယော ၁၀း၁၇-၁၈)*။ တစ်ဖန် တပည့်များကို မိမိ၏ချစ်ခြင်း မေတ္တာ အမြင့်ဆုံးအဆင့်ထိ ရောက်ရှိတော့မည့်အကြောင်းကို ယေရှုက ရှင်းပြရာတွင် . . . *ကိုယ့်အဆွေတို့အဘို့အလို့ငှာ ကိုယ်အသက်ကိုစွန့်ခြင်း မေတ္တာထက် သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှ မရှိ (ယော ၁၅း၁၃)*။

တမန်တော်ပေါလုက ခရစ်တော် ပြန်လည်ရှင်ပြန်ထမြောက်တော်



မူပြီး ထပ်မံအတည်ပြုပြောသည်မှာ "ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက်". . . *အဘယ်ကြောင့်နည်းဟူမူကား "ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူ (ခရစ်တော်) ကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည် အကြောင်းတည်း" (၂ကော ၅း၂၁)*။

ရာစုနှစ်ပေါင်းများစွာ ကုန်လွန်ပြီးနောက် အံ့ဖွယ်ခရစ်တော်က အပြစ်ရှိသောလူသားတို့ကိုယ်စား အသက်အသေခံခဲ့သည်ကို အဓိပ္ပာယ်ပြည့်စုံသော စကားလုံးများဖြင့် ဤသို့ဖွင့်ဆိုထားပါသည်။

> သင်သည်ကား ကျွန်ုပ်အတွက်ဖြောင့်မတ်ခြင်းတရား ဖြစ်ပေ၏
> ကျွန်ုပ်မှာမူ သင့်အတွက် အပြစ်တရားပင် ဖြစ်ခဲ့လေပြီ
> သင်ကကျွန်ုပ်၏ အပြစ်တွေကို ခံယူတော်မူပြီး
> သင်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်အားပေးခဲ့လေပြီ
> သင်မဟုတ်သောသူ သင်ဖြစ်ခဲ့လေသည်ကား
> ကျွန်ုပ်မရှိခဲ့သည့် အသွင်ကိုရှိလာဖို့ ပြုပြင်ပေးခြင်းပေတည်း။

## ***စပါးစေ့ တစ်စေ့***

ယေရှုသည် အသတ်ခံရတော့မည့်အကြောင်းကိုသိပြီးနောက် တပည့်တော်တို့အား နှလုံးသားထဲကစကား၊ ခံယူချက်များကို ထုတ်ပြောသည်မှာ. . .

> *ငါသည် ယခုစိတ်နှလုံးပူပန်ခြင်းရှိ၏။ အဘယ်သို့ ငါလျှောက်ရမည်နည်း။ ထိုအချိန်မှာ အကျွန်ုပ်ကို ကယ်တင်တော်မူပါ၊ အဘဟု လျှောက်ရမည်လော။ အကြောင်းရှိ၍သာ ထိုအချိန်*

*သို့ရောက်လာပြီ။ အိုအဘ၊ ကိုယ်တော်၏ နာမတော်ကို ချီးမြှောက်တော်မူပါဟု မိန့်မြွက်တော်မူ၏။* ထိုသို့ စိတ်ရော ကိုယ်ပါ အသည်းနှလုံးထဲကပါ ဘုရားသခင်၏ဘုန်းတော် အတွက် ပေါ်ထွက်လာသော ကတိကဝတ်ကြောင့်၊ သူ့ခမည်း တော်က အောင်မြင်မှုအတွက် ကြွေးကြော်လိုက်သည်မှာ *ငါ ချီးမြှောက်ခဲ့ပြီ၊ တဖန်ချီးမြှောက်ဦးမည် (ယော ၁၂း၂၇-၂၈)*။

"ကားစင်တင်တဲ့သွေးထွက်သံယို ကြောက်မက်စရာနေရာမှာ ဘယ်လိုများ ဘုရားသခင်ရဲ့ဘုန်းတော်ကို ထွန်းတောက်စေပါ့မလဲ"ဟု မေးခွန်းထုတ်နိုင်ပါသည်။

ခမည်းတော်နှင့်သားတော်တို့ တစ်ဦးနှင့်တစ်ဦး မေးမြန်းဆက် သွယ်ကြခြင်း၏ အဓိကအကြောင်းအရာ ဘယ်ကစတင် ပေါက်ဖွားလာ သည်ကို ကျွန်ုပ်တို့စဉ်းစားဆင်ခြင်ကြည့်စို့။ ခရစ်တော်က သူ၏တမန် တော်များအား မည်သို့ဆုံးမစကားပြောခဲ့သည်ကို ပြန်ဆန်းစစ်ကြည့်ကြစို့၊

*ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသော စပါးစေ့သည် မပျက်လျှင် တခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသော အသီးတို့ကို သီးတတ်၏ (ယော ၁၂။ ၂၄)*။

မှန်ပါသည်၊ ယေရှုကဲ့သို့စုံလင်သူအနေဖြင့် ကောင်းကင်ဘုံသို့ ကားစင်ပေါ်မတက်ရဘဲ တိုက်ရိုက်မသွားနိုင်ဘူးလားဟု မေးနိုင်ပါသည်။ သေခြင်းတရားဟာ (ယေရှု)အပေါ် မကျရောက်နိုင်ပါ။ လူသားများ အကြားမှာ သူတစ်ဦးသာ ဒုစရိုက်မှကင်းခြင်း၊ အပြစ်တရားမှ ကင်းခြင်း၊ စုံလင်ခြင်း အစရှိသည်တို့ဖြင့် ပြည့်စုံသောကြောင့်ဖြစ်ပါသည်။ သို့သော် သူက ဘုရားသခင်၏နာမတော်ကို ဖော်ပြလိုခြင်းကြောင့် သင်နှင့်ကျွန်ုပ်



တို့ကို ကောင်းကင်ဘုံတွင် မိမိနှင့်အတူနေနိုင်ဖို့ လက်ဝါးကပ်တိုင်တွင် အပြစ်သား၊ ဇာတိပကတိလူသားပမာ အသေခံခဲ့ပါသည်။ အံ့သြစရာ ပင်၊ ဆန်းကြယ်မြင့်မြတ်သည့် ချစ်ခြင်းမေတ္တာကို ဤသို့ ထူးထူးခြားခြား ပြခဲ့ပါသည်။

အကယ်၍သာ သူမသေခဲ့ပါက၊ ယေရှုအနေဖြင့် ဝိညာဉ်ပိုင်းဆိုင် ရာအလုပ် တစ်ခုမျှပြီးပြတ်အောင် လုပ်ခဲ့သည်ကို ပြစရာမရှိသဖြင့် ကောင်းကင်ဘုံကို ယူသွားစရာမရှိသလို သင်နှင့်ကျွန်ုပ်တို့လည်း အပြစ် ဒဏ်တွေကြောင့် မဆုံးနိုင်သည့် အန္တရာယ်ကပ်အတွင်းမှာပင် တဝဲလည် လည် ဖြစ်နေမည်မှာ မလွဲဧကန်ပင်။

ယခုတော့ ယေရှုကလူသားတို့၏အပြစ်ကိုခံ ယူသွားသည်ကို သင် ဘယ်လိုတုံ့ပြန်သည်ဆိုသည့်အပေါ်မူတည်ကာ သင့်ကိုယ်ပိုင်ကံကြမ္မာကို သင်ကိုယ်တိုင်ဖန်တီးနိုင်ပြီဖြစ်ပါသည်။ မယုံနိုင်စရာမှာ အချို့လူတို့သည် အခုအချိန်တိုင်၊ ယေရှုကအသက်ပေးပြီး ကျွန်ုပ်တို့ကို အပြစ်မှခွင့်လွှတ် သည့်အမှုပြုခဲ့သည်ကို လက်မခံလုံးဝငြင်းပယ်ကြပြီး၊ တခြားလူများက ယေရှုသည် မိမိ၏အသက်ကို စွန့်ပြီးလူသားတို့ အပေါ်ထားသည့် မေတ္တာ ပြခဲ့သည်ကို ဘက်မလိုက်သည့်သဘောထားမျိုး ပြနေကြပါသည်။ လူတစ်ယောက်အနေဖြင့် ကိုယ်ထိလက်ရောက် ငြင်းပယ်ခြင်းဖြစ်စေ၊ ယေရှုကို မည်သို့မျှ သဘောမထား အရာမသွင်းသူဖြစ်ပါစေ သက်ရောက် မှုမှာ အသက်တာ၊ အလင်းနှင့်မေတ္တာတို့ ထာဝစဉ်ခွဲထုတ်ခြင်း ပင်ဖြစ် ပါလိမ့်မည်။ ယခုကဲ့သို့ ကြောက်စရာ ပကတိ အခြေအနေကို ထင်း ထင်းကြီး ဖော်ပြထားသည်မှာ၊

သေခြင်းတရားကြောင့် သေရမှာဘဲ၊
မဟာသေခြင်း သေရမှာ မုချ
ထာဝရသေခြင်းကိုသေရမှာ အမှန်၊

အမြဲသေရမယ်၊
ဒါပေမယ့် ဘယ်သောအခါမျှ မသေနိုင်ပါ။

သို့ရာတွင် ကျေးဇူးကြီးလှပါသည်။ ဘုရားသခင်၏ချစ်ကြင်နာမှုကြောင့် ယေရှုကို သင့်မှာ အပြစ်ရှိကြောင်း၊ သို့သော် ထိုအပြစ်အတွက် မည်သို့မျှ ပေးဆပ်ခြင်း မပြုနိုင်တာကို ဝန်ခံခြင်း၊ ယေရှုကိုယ်တော်တိုင် ကားစင်ပေါ်မှာ သင့်အပြစ်ကို ဆေးကြောဖို့ အသေခံခဲ့သည်ကို ယုံကြည်ခြင်း၊ မိမိပြုခဲ့သောအပြစ်ကိုကျောခိုင်းကာ ယေရှုကို မိမိအပြစ်များအတွက် အသက်အသေခံခဲ့လို့ ကျေးဇူးတင်ပြီး ယေရှုကို မိမိ၏အသက်တာနှလုံးသားထဲမှာ ရှိနေဖို့ ဖိတ်ခေါ်ခြင်းပြုမည်ဆိုပါက သခင်ယေရှုကိုယ်တိုင်ကတိပေးတာသည်မှာ၊

*ငါသည် ခမည်းတော်ထံမှထွက်၍ ဤလောကသို့ ကြွလာပြီ။ တဖန် ဤလောကမှ ထွက်၍ ခမည်းတော်ထံသို့ သွားဦးမည် . . . ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန် လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာသင်တို့ ကို ငါ့ထံသို့ သိမ်းဆည်းမည်။ (ယော ၁၆း၂၈ နှင့် ၁၄း၃)*

အနာဂတ်တွင် သင့်အတွက်ယုံကြည်စိတ်ချရမှုမှာ ထာဝရအသက်တစ်ခုတည်းကိုသာ ကောင်းကင်ဘုံမှ ရမည်မဟုတ်၊ ပစ္စုပ္ပန်၌လည်း အကယ်စင်စစ် ကျက်သရေအပေါင်းနှင့် ပြည့်စုံခြင်းကို သခင်ယေရှု ခရစ်အပေါ်ယုံကြည်ပြီး ချစ်မြတ်နိုးသူတိုင်း ရယူနိုင်ပါသည်။ လူအပေါင်းတို့ကို ဘုရားသခင်ပေးခဲ့သည့် ကတိတော်မှာ

*ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍၊ ထိုအသက် သည်လည်းသားတော်၌ပါ၏။ သားတော်ကိုရသော*



*သူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကိုမရသောသူမူကား အသက်ကိုမရ . . . (၁ယော ၅း၁၁-၁၂)*

ထာဝရအသက်သည် သခင်ယေရှုခရစ်တွင်ပါရှိ၏။ လူသားတို့နှလုံးတွင် ကိုယ်တော်ကိန်းအောင်းပါရှိသည့် အချိန်မှစပြီး ထာဝရအသက်စတင်သည်။

## ***ကြီးမားလှသောတန်ဖိုး***

ကျွန်ုပ်တို့သိထားပြီးသည့်အတိုင်း ဘုရားသခင်နှင့်ထာဝရ နေထိုင်ဖို့ရန် အသက်တာမှာ လိုအပ်သည်မှာ ကျွန်ုပ်တို့၏ပြဿနာအရင်းခံဖြစ်သော အပြစ်တရားကိုဖြေရှင်းဖို့လိုပါသည်။ ကျွန်ုပ်တို့၏ အပြစ်တရားအတွက်အဖြေကို ခရစ်တော်အသက်အသေခံသည့်အချက်တွင် ရှာတွေ့နိုင်ပါသည်။ ကိုယ်တော်၏မြင့်မြတ်သန့်ရှင်းတော်မူခြင်း၊ တရားမျှတတော်မူခြင်း၊ ချစ်ခြင်းမေတ္တာဖြင့် ပြည့်စုံတော်မူခြင်းစသည်တို့သည် (Cross of Christ) ယေရှု၏လက်ဝါးကပ်တိုင်တွင် အားလုံးဆုံစည်းကြပါသည်။ ဤနေရာတွင်ပင် သန့်ရှင်းတော်မူခြင်းကို ထာဝစဉ်ထိန်းသိမ်းခဲ့ပါသည်၊ တရားမျှတခြင်းကို သက်သေထူခဲ့ပါသည်၊ အပြစ်တွင်းထဲနစ်နေသည့် လူသားများအပေါ်ထားသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် သင်နှင့် ကျွန်ုပ်တို့ကို တယုတယ ထွေးပိုက်ခဲ့ပါသည်။

အော်စဝေါ ချိန်းဘား(စ)ရဲ့ *My Utmost for His Highest* နေ့စဉ်ခွန်အားစာအုပ်တွင် သတိပေးဂုဏ်ပြုထားတာက၊

ဘုရားသခင် လူသားတို့အပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာကြောင့် "ဘုရားသခင်က အလွန်ချစ်ကြင်နာသနားတတ်တာမို့ ငါတို့အပြစ်ကို ဖြေလွှတ်လိမ့်မယ်"ဆိုသည့် ကြည်နူးဖွယ်ရာ

အမြင်နှင့်ပတ်သက်ပြီး သတိထားစေလိုပါသည်။ ဤအမြင်က ဓမ္မသစ်ကျမ်းထဲတွင် မည်သို့မျှ မတွေ့နိုင်ပါ။ ခရစ်တော်၏ လက်ဝါးကပ်တိုင်မှ တစ်ဆင့်သာလျှင် ဘုရားသခင်က အပြစ်ကိုခွင့်လွှတ်ပြီး ပြန်လည်သိမ်းပိုက်မှု ပြုပါသည်။ တစ်ခြားနည်းလမ်းမရှိပါ။ ကျွန်ုပ်တို့ ဤဝိသေသကို နားလည်ပြီး မှန်တယ်ဟု လက်ခံထားသော်လည်း ရိုးရိုးနှင့်သံသယကင်းရှင်းသော ယုံကြည်မှုအားဖြင့် အပြစ်တရားမှ ခွင့်လွှတ်ခြင်းရဖို့ အခွင့်အလမ်းရှိသလို၊ ဘုရားသခင်က မည်မျှကြီးမားသည့် တန်ဖိုးနှင့် ကျွန်ုပ်တို့ကို ရွေးနှုတ်ထားသည်ဆိုသည်ကို မေ့နိုင်ကြသည်” ဆိုခြင်းကို အထူးသတိထားဖို့ လိုပါသည်။

ဝီလီဟို(လ်) ၏ တစ်ကိုယ်ကောင်းမဆန်သည့် ပြုမူမှုကို ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးသော်လည်း ဂေါလဂေါသကုန်းမှာ ဘုရားသခင်ကြံ့ကြံ့ခံပြီး လူသားတို့ကိုချစ်သဖြင့် ပြုခဲ့သောအမှုနှင့် မည်သည့်လူသား၏ပြုမူချက်ကမှ မယှဉ်နိုင်ပါ။ ဘုရားသခင်၏နက်နဲလှသောချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အနေဖြင့် နားလည်ဖို့ ခက်ခဲလှပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က အသက်သွင်းပေးခြင်းကြောင့် ရေးသားဖြစ်ပေါ်လာတဲ့ “သမ္မာကျမ်းစာ”အားဖြင့် ဘုရားသခင်ကိုယ်တော်တိုင် မိမိ၏စွန့်လွှတ်ခြင်းနှင့် ပြည့်စုံသည့်ချစ်ခြင်းမေတ္တာအကြောင်းကို ဖွင့်ပြခဲ့ပါသည်။ ထိုကြီးမားလှသော ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့၏အကန့်အသတ်ရှိနေသောအသိဉာဏ်နှင့် သဘောပေါက်ဖို့ မလွယ်ပါ။ သို့ရာတွင် သေသေချာချာ ပြန်လည်ပြီး သုံးသပ်သည့်အခါ ကိုယ်တော့်မေတ္တာ၏အတိမ်အနက်၊ အကျယ်အဝန်းကို နည်းနည်းပါးပါးသဘောပေါက်နားလည်နိုင်ပါလိမ့်မည်။

ခရစ်တော်လက်ဝါးကပ်တိုင်မှာ ကျွန်ုပ်တို့အပြစ်အတွက်



အသက်အသေခံခဲ့ရာတွင် နစ်နာခံစားမှု သုံးမျိုးသုံးဆင့်ရှိခဲ့ပါသည်။

(၁) လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှု၏ခန္ဓာကိုယ်သည် ပြင်းစွာသောဝေဒနာကို ခံစားခဲ့ရပါသည်၊ (၂) လက်ဝါးကပ်တိုင်ပေါ်တွင် ကိုယ်တော်၏ချစ်ခြင်းမေတ္တာသည် အဆုံးစွန်ကိုရောက်ခဲ့ပါသည်၊ (၃) နောက်ပြီး အဆိုးဝါးဆုံးဝေဒနာမှာ လက်ဝါးကပ်တိုင်ပေါ်မှာ ခမည်းတော်ဘုရားနှင့် တစ်စည်းတစ်လုံးထဲရှိခဲ့စဉ်ကလို ဘုန်းတန်ခိုးအလင်းနဲ့ ငြိမ်းချမ်းခြင်းကို မခံစားရတော့ခြင်းတို့ဖြစ်သည်။။

မှန်ပါသည်၊ လက်ဝါးကပ်တိုင်ပေါ်မှာ ယေရှုခံစားခဲ့ရသည်မှာ လူသားတစ်ဦးအနေဖြင့် နားလည်နိုင်ဖို့မလွယ်ပါ။ သူ့အနေဖြင့် ကာယ၊ စိတ်ခာတ်နှင့် အထူးသဖြင့်ဝိညာဉ်ရေးရာ ခံစားမှုများကို သုံးသပ်ကြည့်လျှင် ကျွန်ုပ်တို့အနေဖြင့် ယေရှု၏အပြစ်သားတွေအပေါ်ထားသည့် ချစ်ခြင်းမေတ္တာအတိမ်အနက်ကို အမြင်သစ်နှင့် သိနားလည်နိုင်ပါပြီ။

**ရုပ်ပိုင်းခံစားချက်**၊ တန်ဖိုးမဖြတ်နိုင်သည့် ကမ္ဘာကျော်ပန်းချီကားတစ်ကားကို ဖျက်ဆီးခြင်းနှင့် ဟောင်းနွမ်းပေကျံနေသည့်စက္ကူတစ်ရွက်ကို ဆုတ်ဖြဲပစ်တာ မည်သို့မျှ နှိုင်းလို့ မရပါ။ မည်သို့ပင်ဖြစ်စေ သေဆုံးသွားသော ပြည့်စုံတဲ့သူ ယေရှုခရစ်ကို ဘယ်လိုအတိုင်းအတာမျိုးနှင့်မျှ လူတစ်ဦးတစ်ယောက်သေဆုံးရတာနှင့် နှိုင်းယှဉ်၍ မရ။

ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားသည့်ဗျာဒိတ်အရ၊ ခရစ်တော်သည် ရုပ်ခန္ဓာပျက်စီးခြင်းနှင့် ပတ်သက်ပြီး ခံစားရမည်ဟု ဆိုပါသည်။ ထိုအထဲတွင် ခရစ်တော်သည် လူတို့ကဲ့သို့ ရုပ်ပိုင်းပျက်စီးမည်မဟုတ်။ . . . *လူသားမဟုတ်သကဲ့သို့ အဆင်းအသရေပျက်ခြင်း (ဟေရှာ ၅၂း၁၄)*။ သို့ရာတွင် ဟေဗြဲဘာသာကတစ်ဆင့် အခြားဘာသာသို့ပြန်ဆိုရာတွင် နဂိုမူလဘာသာကဲ့သို့ ထိရောက်သော အဓိပ္ပာယ်ဖွင့်ဆိုမှု မရကြောင်းကို တွေ့ရှိရပါသည်။ ဘုရားသခင်က ဖွင့်ဟပြောဆိုရာတွင် သူ၏အချစ်ဆုံးသောသားအနေဖြင့် ပြင်းထန်စွာအနှိပ်စက်ခံရသည်ဖြစ်၍ လူရုပ်ပင်

မပေါ်တော့ဟု ဆိုပါသည်။ ဤသို့ရုပ်ခန္ဓာချို့ယွင်းပျက်စီးစေမည့် အဖြစ်အပျက်ကို ခရစ်တော်ကိုယ်တိုင်ပင် မိန့်တော်မူခဲ့၏။

*ငါတို့သည်ယေရှုရှလင်မြို့သို့ယခုသွားကြ၏။ လူသားသည် ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့လက်သို့ ရောက်လိမ့်မည်။ ထိုသူတို့သည် သေပြစ်ကိုစီရင်၍ တပါးအမျိုးသားတို့ လက်သို့အပ်နှံကြလိမ့်မည်။ သူတို့သည်လည်း လူသားအား ပြက်ရယ်ပြုခြင်း၊ ရိုက်ပုတ်ခြင်း၊ တံတွေးနှင့်ထွေးခြင်း၊ အသေသတ်ခြင်းကိုပြုကြလိမ့်မည်. . . (မာ ၁၀၊ ၃၃ မှ ၃၄)။*

အမှန်တကယ်ဖြစ်ရပ်မှာ ဤသို့ဖြစ်၏။ ထိုနောက် ရှင်မာကုက မျက်မြင်သက်သေများ၏ ပြောဆိုချက်ကို ရှင်းပြသည်မှာ၊ *ခေါင်းတော်ကိုကျူလုံးနှင့်* ***ရိုက်ခြင်း၊ တံထွေးနှင့်ထွေးခြင်း****၊ ရှေ့တော်မှာ ဒူးထောက်၍ ပြပ်ဝပ်ခြင်းကိုလည်းပြုကြ၏။ ထိုသို့ ကိုယ်တော်ကို* ***ပြက်ရယ်ပြု****သည်နောက်၊* ***လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်း****ငှာ ထုတ်သွားကြ၏ (မာ ၁၅း၁၉-၂၀)။*

ရောမသားတို့က သားရေစိမ်းအပြားများနှင့် အနားတွင် ချွန်ထက်သည့် ခဲသား သို့မဟုတ် အရိုးအလုံးအခဲများ တပ်ထားသည့် ကြာပွတ်ဖြင့် ယေရှုကို ရိုက်နှက်နှိပ်စက်ကြသောကြောင့် ယေရှု၏ကျောနှင့် ရင်တွင် အသားအရေများ စုတ်ပြတ်ကုန်ပါသည်။ ထိုအတွက်ကြောင့် ဆာလံကျမ်းထဲ၌ အနာဂတ်ဟောကိန်းအတိုင်း မေရှိယပြောခဲ့သည်မှာ . . . *စုဝေးသောလူဆိုးတို့သည် ဝန်းရံလျက်နေ၍၊ အကျွန်ုပ်၏လက်ခြေတို့ကို ထိုးဖောက်ကြပါပြီ။ ကိုယ်အရိုးရှိသမျှတို့ကို အကျွန်ုပ်ရေတွက်နိုင်ပါ၏။ သူတို့သည် အကျွန်ုပ်ကို ကြည့်မြင်၍ အားရလျက်နေကြပါ၏ . . (ဆာ ၂၂း၁၆-၁၇)*။ မှန်ပါသည်။ အရာရာပြည့်စုံခြင်းရှိသော ယေရှုကိုယ်တော်



သည် နာကျင်လှသည့် ဝေဒနာကိုခံစားပြီး သေဆုံးပါသည်။ ကိုယ်ကာယကို ရက်ရက်စက်စက် ဖျက်ချေနှိပ်စက်ခြင်းခံရသည့် ယေရှုသည် လူရုပ်မပေါ်သလိုဖြစ်သွားခဲ့ရပါပြီ။ ဤဖော်ပြချက်များက သင့်ကို ဘုရားသခင်က မည်မျှချစ်တယ်ဆိုတာ နားလည်ဖို့ ကြိုးစားကူညီပါသလား။

**စိတ်ခံစားရမှု** - ကားစင်ပေါ်တွင် ခရစ်တော်ကာယဝေဒနာခံစားရတာကို လူသားတို့ နားလည်ဖို့မလွယ်လှသော်လည်း ဤသည်မှာ ခရစ်တော်အနေနှင့် တကယ်တန်း ခံစားရချက် တစ်ခုသာရှိပါသေးသည်။ ကာယဝေဒနာသည် ကိုယ်တော်၏စိတ်ဓာတ်၊ ဝိညာဉ်စသည်ခန္ဓာကိုယ်အတွင်း ဆိုးဆိုးဝါးဝါးခံစားနေရမှုနှင့်နှိုင်းစာလျှင် အပေါ်ယံခံစားရမှုတစ်ခုသာဖြစ်ပါတယ်။ လက်ဝါးကပ်တိုင်ပေါ်တွင်လည်း ယေရှုသည် ပြင်းထန်သောစိတ်ဓာတ်နှင့် သက်ဆိုင်သည့် ခံစားရမှုကို ထိတွေ့ခံစားခဲ့ရပါသေးသည်။ ယောဟန်က ကျွန်ုပ်တို့အဖို့ ထိုအလွန်ဆိုးဝါးပြီး စိတ်အနှောင့်အယှက်ဖြစ်ရသည့်အချိန်ကို မှတ်တမ်းတင်ထားခဲ့တာလေသည်မှာ . . .

*ယေရှုထံသို့ရောက်၍ အသက်မရှိကြောင်းကို မြင်လျှင်ခြေကို မချိုးဘဲ၊ စစ်သူရဲတယောက်သည် နံဘေးတော်ကိုလှံနှင့် ထိုးဖောက်၍သွေးနှင့်ရေသည် ချက်ချင်းထွက်လာ၏။ (ယော ၁၉း ၃၃-၃၄)*

ကျွန်တော်ကြားဖူးသော ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများပြောသည်မှာ သွေးနှင့်ရေရောပါလာသဖြင့် ယေရှုသည် နှလုံးရောဂါနှင့် သေဆုံးရသည်ဟု သူတို့ယုံကြည်ကြကြောင်းပင်။ တစ်ချို့ နှလုံးရောဂါပါရဂူများ၏ ရှင်းပြချက်များအရ ယေရှု၏နှလုံးသည် ပြင်းပြင်းထန်ထန်ပေါက်ကွဲ သွားချိန်တွင် နှလုံးနှင့်အနီးဆုံးတွင်ရှိနေသော ဖောင်းပွနေသည့် ရေအိတ်ထဲကို နှလုံးထဲမှ သွေးများ ယိုစိမ့်ဝင်သွားနိုင်ပါသည်။ ထို့ကြောင့်

စစ်သားကလုံနှင့် ယေရှုရဲ့နံကြားထဲကို ထိုးသွင်းလိုက်ချိန်မှာ သွေးနှင့်ရေရော ပြီးထွက်လာခဲ့ခြင်းဖြစ်ကြောင်း ပြောပြပါသည်။ တိကျများပြားလှသည့် ယေရှုအသတ်ခံရမည့် အကြောင်းကြိုတင်ဟောကိန်းများထဲတွင် ဆာလံ ၆၉ ၌ ကျွန်ုပ်တို့ဖတ်ရသည်မှာ . . . *ကဲ့ရဲ့ခြင်းအားဖြင့် အကျွန်ုပ်သည် စိတ်ပျက်၍ အလွန်ပူဆွေးခြင်းရှိပါ၏ (ဆာ ၆၉း၂၀)*။ မှန်ပါသည်၊ မယုံနိုင်လောက်အောင် ယေရှုအနေ၏စိတ်ခံစားရမှုကြောင့် အမှန်တကယ် သူ၏ချစ်တတ်သောအသဲနှလုံးကြေကွဲခဲ့ရပါသည်။

ယေရှု၏ချစ်တတ်သောနှလုံးသားထဲတွင် လူသားအပေါင်းတို့ ခံစားနေရသည့် ဒုက္ခအစုစုသည် ပေါက်ကွဲထွက်လာပါတော့သည်၊ ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တောတွင်မူ - *"သန့်ရှင်းစင်ကြယ်၍ အညစ်အကြေးနှင့် ကင်းလွတ်လျက် အပြစ်ရှိသောသူတို့နှင့် မဆက်ဆံ"*(ဟေဗြဲ ၇း၂၆)။ မစဉ်းစားသင့်၊ ဖော်ပြမရေးသားသင့်သော ညစ်ပတ်ခြင်းတို့နှင့် ရောနှောနေသည့် လောကငရဲတွက် သခင်ယေရှုသည် နှလုံးကွဲသည့် ဒဏ်ရာနှင့် သေဆုံးခဲ့ရပါတော့သည်။

ဘုရားသခင်က သင့်ကို မည်မျှချစ်ချစ်သည်ကို ဤအကြောင်းအရာကို ထောက်ရှုပြီး နားလည်သင့်ပါပြီ။

**ဝိညာဉ်ရေးရာခံစားချက်** - သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် မြည်တမ်းငိုကြွေးခဲ့သည်မှာ၊ *အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း*။ *(မ ၂၇း၄၆)* အကျွန်ုပ်တို့ သိပြီးဖြစ်သည့်အတိုင်း ကျွန်ုပ်တို့၏အပြစ်တရားကြောင့်လည်းကောင်း၊ လူသားဖြစ်သော ကျွန်ုပ်တို့၏သဘာဝအတိုင်း လက်ခံထားသည့် အပြစ်ပြုတတ်မှုကြောင့်လည်းကောင်း၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝ တည်းဖြစ်နိုင်ခြင်းမှ ကင်းကွာခဲ့ကြပါသည်။ ကောင်းကင်ဘုံက အကူအညီမရခဲ့ပါက



ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာနှင့်ပတ်သက်ပါက လုံးဝဆုံးရှုံးနေကြမည်ပင်။ သန့်ရှင်းသောဝိညာဉ်တော်သည် သခင်ယေရှုကို မယုက်တင်သေးသော အပျိုစင်၏ဝမ်းတွင်းမှာ သန္ဓေယူစေပြီး၊ သူ့တစ်သက်တာလုံး အပြစ်လုံးဝကင်းစင်ခဲ့ပါတယ်၊ ခမည်းတော်က လက်ဝါးကပ်တိုင်ပေါ်တွင် စွန့်ခဲ့ရာ ယေရှုက သင်နှင့် ကျွန်ုပ်တို့အပြစ်ကို ခံယူမည်ဆိုသည့်အကြောင်း တစ်ခုတည်းနှင့် အသက်ကို စွန့်ခဲ့ပါတယ်။ ယေရှုအကျွန်ုပ်တို့ အပြစ်များအတွက် သေဆုံးရချိန်တွင် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလောက်အောင် ဝိညာဉ်ရေးရာခံစားရခြင်းမှာ ခမည်းတော်နှင့်ကွေကွင်းရခြင်းပင်ဖြစ်ပါသည်။

သားတော်က သင်နှင့်ကျွန်ုပ်တို့၏အပြစ်များကို ခံယူဖို့ ပြင်ဆင်ပြီးသည့်အခါတွင် သန့်ရှင်းသောဝိညာဉ်တော်၊ သန့်ရှင်းသောခမည်းတော်တို့သည် သန့်ရှင်းစွာ ခရစ်တော်နှင့်အတူရှိနေခြင်းမှ ခွဲခွာသွားဖို့ လိုအပ်လာသည့်အတိုင်း ခွဲခွာသွားပါတော့သည်။

ယေရှုအနေနှင့် ဖော်ပြမပြောနိုင်လောက်အောင် 'သမ္မာကျမ်းစာအရ ခမည်းတော်သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဟူသော သုံးပါးတစ်ဆူ'အဖြစ်ထာဝရတည်ရှိရာက ယေရှုသည် လက်ဝါးကပ်တိုင်ပေါ် အသက်စွန့်ရချိန်၊ ထာဝရဘုန်းတော်ပျောက်ပျက်ရသည်မှာ ဝိညာဉ်ဆိုင်ရာဆုံးရှုံးမှုပင်ဖြစ်သည်။ ဤသည်မှာ ဝိညာဉ်ရေးရာပျက်ပြုန်းရခြင်းပါ။

ထာဝရအလင်းဖြစ်သော ဘုရားသခင်သည် ယေရှုလက်ဝါးကပ်တိုင်ပေါ်ရှိနေစဉ်က၊ မှောင်မိုက်သည့် အပြစ်တရားနှင့် ယှဉ်တွဲမနေနိုင်ခဲ့ပါ။ ထို့ကြောင့် ယေရှုသည် သင်နှင့်ကျွန်ုပ်တို့၏အပြစ်များအတွက် အသက်ကိုစွန့်ခဲ့ချိန်တွင် ဤဆိုးဝါးညစ်ညမ်းလှသည့် ကမ္ဘာကြီးသည် သုံးနာရီခန့်ကြာအောင် အမှောင်ထုက ဖုံးလွှမ်းသွားခဲ့ရခြင်းသည် အံ့သြဖွယ်ကောင်းသည်ဟု မပြောနိုင်ပါ။

လူသတ္တဝါရဲ့အပြစ်တွေအတွက် ခရစ်တော်အသက်ပေးခဲ့တဲ့
အခါ နေမင်းဟာ အလင်းဂုဏ်ရောင်ကို အမှောင်ထုမှာ
ဖွက်ထားတာ မဆန်းပါ။

*အိုက်ဇက်ဝက်(တ်) (၁၆၇၄ ၁၇၄၈)*

ထိုနောက် ဘုရားသခင်၏ကြီးမြတ်လှသောဘုန်းတော်ကြောင့်၊ ယေရှုအနေနှင့် ကိုယ်တော်၏ကိုယ်ကာယတွင် ရှင်ပြန်ထမြောက်စေခြင်းဖြင့် ခမည်းတော်နှင့် ယေရှုထာဝရဝိညာဉ်ရေးရာဆက်သွယ်မှု တစ်လုံးတစ်ဝတည်း ပြန်လည်ဖြစ်စေပါတော့သည်။ မှန်ပါသည်၊ သခင်ယေရှုသည် ကာယ၊ ဝိညာဉ်သက်တော်တို့နှင့်အတူ မြင့်မြတ်သည့် ဘုန်းတော်ကို ထာဝရ ပြန်လည်ရရှိပါတော့တယ်။ ထိမျှမကပါ၊ ယေရှုရရှိသည့် ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်သူတစ်ဦးခြင်းကလည်း ရနိုင်ပါသည်။ ယေရှုကို လက်ဝါးကပ်တိုင်ပေါ်တွင် လူသားတို၏အပြစ်များကို ဆေးကြောပေးခဲ့သော ကျေးဇူးတော်ကိုသိပြီး ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ်ကိုယ်တိုင်ခံယူသူတိုင်းသည် ယေရှုကဲ့သို့ပြန်လည်ရှင်သန်နိုင်သည့် အခွင့်ကို ရပါလိမ့်မည်။ တမန်တော်ရှင်ပေါလုက ဤကဲ့သို့ရေးထားခဲ့ပါသည်။

*သို့သော်လည်း ကရုဏာတော်နှင့် ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်၊ ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ ရောက်ရ၏။ ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။ (ဧ ၂း၄-၆)*



တမန်တော်ရှင်ပေါလုက *ခရစ်တော်သည် သေခြင်းမှ အဦးဆုံးထမြောက်၍ (တ ၂၆း၂၃)* လို့ကြေညာပြောဆိုခဲ့စဉ်က၊ သူ့အနေဖြင့် အချို့သောသူများသည် ကာယအနေနှင့် သေဆုံးသွားပြီးဖြစ်ရာက တစ်ဖန် ကိုယ်ကာယပါ ပြန်လည်ရှင်ပြန်ထမြောက်လာသည်ကို သိနှင့်ပြီးဖြစ်ပါသည်။ သို့ရာတွင် ပေါလုက ယေရှုသည် ပထမဆုံးသူဖြစ်သည်ဟု ဆိုပါသည်။ ယေရှုသည် အဦးဆုံး၊ သေရာမှ ကာယနှင့် ဝိညာဉ်ပါ ထာဝရရှင်ပြန်ထမြောက်လာခဲ့သူဖြစ်ပါတယ်။

လူအများက သခင်ယေရှု ကာယ၊ စိတ္တဝေဒနာခံစားရမှုကို ဝိညာဉ်ဘက်ဆိုင်ရာ ခံစားရမှုထက် ပိုပြီးအလွယ်တကူ သိမြင်ထောက်ပြနိုင်ကြပါသည်။ သို့သော်လည်း ကိုယ်တော်အပြင်းထန်ဆုံး ခံစားရသည့်ဝေဒနာမှာ သူ၏အဖနှင့်ရင်းနှီးခြင်းမှ ထာဝရဖြတ်တောက်ခံရခြင်းသာ ဖြစ်ပါလိမ့်မည်။

အချိန်ဆိုတဲ့ဝေါဟာရ မပေါ်ပေါက်မီ၊ ယေရှုက စကြဝဠာကြီးကို မဖန်ဆင်းမီကပင် ဘုရားသခင်သိပြီးဖြစ်သည်မှာ ဘုရားသခင်နှင့်ါ အပြစ်သားများရင်းနှီးမှုကို ပြန်လည်ရှင်သန်ဖို့ မြင့်မားလှသည့် ပေးဆပ်မှုကိုပြုရမယ်ဆိုခြင်းပင်ဖြစ်သည်။ သုံးပါးတစ်ဆူဖြစ်တော်မူတဲ့ ထာဝရမေတ္တာတော်ရှင်ဘုရားသခင်ဆုံးဖြတ်ချက်ချခဲ့သည်မှာ မိမိအနေဖြင့် ပြောမပြနိုင်သည့် ကာယ၊ စိတ္တနဲ့ ဝိညာဉ် ဝေဒနာများကို သင်နှင့် ကျွန်ုပ်အတွက် ခံစားပြီး ရင်းနှီးမှုကို တည်ဆောက်မည် ဖြစ်ပါသည်။ ချား(လ်)စ်ဝက်စလီ (၁၇၀၇ ၁၇၈၈)က နားမလည်နိုင်လောက်အောင် ကြီးမားလှသည့် ဘုရားသခင်၏မေတ္တာတော်ကို ရည်ညွှန်းလျှက် ဤသို့စပ်ဆိုခဲ့ပါသည်။

အံ့ဖွယ်ချစ်မေတ္တာ၊ ဘယ်ဖြစ်နိုင်ပဲ့၊ အကျွန့်သခင်ဘုရား၊ ကျွန်ုပ်
အတွက် အသေခံတာ။

ဤသည်ကိုကြည့်ခြင်းဖြင့် ဘုရားသခင်အနေနှင့် သင့်ကို မည်မျှ မေတ္တာထားသည်ကို နားလည်လောက်ပါပြီ။

## သေမင်းကို အသေသတ်လိုက်ခြင်း

ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဆရာကြီး ဒေါက်တာစဲန်း(ဂ)စတားသည် ကျွန်တော်တွေ့ဖူးသူတွေထဲတွင် စကားပြောအကောင်းဆုံးဆရာတစ်ဦးဖြစ်ပါတယ်။ သူ့စကားသည် အလွန်ချိုသာပြီး အာဝဇ္ဇန်းကောင်းသည့်အလျောက် ကယ်တင်ရှင်ယေရှုခရစ်တော်၏ဂုဏ်တော်ကိုချီးမွမ်းရာတွင် ဆရာကြီးက အားပါးတရဝမ်းမြောက်ဝမ်းသာ ဟောပြောလေ့ရှိပါသည်။ သို့ရာတွင် ဘဝ၏အလှည့်အပြောင်းက ဆရာကြီးကိုသရော်ခဲ့ပုံမှာ ခံတွင်းကင်ဆာကြောင့် စကားမပြောနိုင်ဖြစ်ခဲ့ရပါတော့သည်။ ဆရာကြီးသည် ဝေဒနာခံစားနေရာက သေဆုံးခါနီး 'ခရစ်တော်ရှင်ပြန်ထမြောက်သည့် တနင်္ဂနွေ ပွဲတော်နေ့' (**Easter Sunday**) တွင် လက်ဟန်ဖြင့် သူ့သမီးဆီက ခဲတံနှင့် စက္ကူတောင်းပြီး စာရေးပြောလိုက်သည်မှာ "'ခရစ်တော်ရှင်ပြန်ထမြောက်ခဲ့ပြီ'လို့ အလွန်အမင်း အော်ပြောချင်ပေမယ့် လျှာမရှိလို့ မပြောနိုင်တာက၊ လျှာရှိရက်နဲ့ ပြောချင်တဲ့စိတ်မရှိတာထက် မွန်မြတ်လှပါတယ်" ဟူသတည်း။

ယေရှုခရစ်တော်သည် ဖန်ဆင်းရှင်ဘုရားဖြစ်သည့်အလျောက် အသက်ကို ဘာမှမရှိတဲ့အထဲက ထုတ်ယူနိုင်ခဲ့ပါသည်။ ယေရှုသည် ကယ်တင်ရှင်ဘုရားဖြစ်တာကြောင့် သေခြင်းကို အောင်နိုင်ပြီး (သေတွင်းမှ) အသက်ကိုရှင်ပြန်ထမြောက်စေခဲ့ပါသည်။ အသက်ကို ဖန်ဆင်းသော အရှင်အား အဘယ်သင်္ချိုင်းဂူထဲတွင် သေစေနိုင်မည်နည်း။

ကောရိန္သုမြို့က ယုံကြည်သူများထံရေးသားပေးပို့တဲ့စာမှာ တမန်တော်ပေါလုသတိပေးပြောကြားသည်မှာ သူတို့တွေအနေနှင့် အပြစ်



တရားမှ ကယ်တင်ခြင်းခံရသည့် အကြောင်းရင်းခံအချက်များမှာ *ငါသည်ကိုယ်တိုင်ခံယူသည့်အတိုင်း* (စောင့်ထိန်းခြင်း၊ ယုံကြည်မှုရှိခြင်း၊ အားထားခြင်း) စသည်တို့က *ခရစ်တော်သည်ကျမ်းစာလာသည့်အတိုင်း ငါတို့အပြစ်ကြောင့်အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ကျမ်းစာလာသည့် အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။(၁ကော ၁၅း ၃-၄)* ယခုအခါတွင်၊ ယုံကြည်သူတိုင်း အံ့ဖွယ်ကောင်းသည့် "ကျွန်ုပ်တို့၏အပြစ်များအတွက် ခရစ်တော်အသေခံခဲ့ပြီး၊ တစ်ခါရှင်ပြန်ထမြောက်ကာ၊ ကျွန်ုပ်တို့အား၊ အသက်တာအသစ်ပေးခဲ့သည်" ဆိုသည့် အချက်ပေါ် အားထားသမှုပြုကြရပါသည်။

သင့်အနေဖြင့်"သခင်ယေရှု ကားစင်ပေါ်တွင် အသတ်ခံရပြီးချိန်မှ သုံးရက်အကြာရှင်ပြန်ထမြောက်သည်အထိ သခင်ယေရှု ဘာဖြစ်ခဲ့ပါသလဲ" ဒီမေးခွန်းမျိုးကို မျှော်လင့်ထားတဲ့အတိုင်း ဘုရားသခင်က အဖြေကို ထုတ်ခဲ့ပါသည်။

> *တက်ကြွတော်မူသည်ဟုဆိုသော်၊ အစဦးစွာမြေကြီးအောက်အရပ်သို့ ဆင်းသက်တော်မူကြောင်းကိုရည်မှတ်၍ ဆိုသည်မဟုတ်လော။ ဆင်းသက်တော်မူသောသူသည် အခြားသောသူမဟုတ်၊ အလုံးစုံကို ပြည့်စုံစေခြင်းငှာ၊ ခပ်သိမ်းသောသူတို့၏အထွဋ်ကိုလွန်၍ တက်ကြွတော်မူသောသူဖြစ်သတည်း။*
>
> *(ဧ ၄း၉-၁၀)*

မှန်ပါသည်၊ သမ္မာကျမ်းစာ၌ ဆိုထားသည်မှာ ကောင်းကင်ဘုံကို တက်ကြွတော်မမူမီ ယေရှုကိုယ်တော်သည် အမှန်တကယ်ပင် *မြေကြီးအောက်အရပ်သို့* ဆင်းသက်တော်မူပါသည်။ အောက်အရပ်သို့ သက်ဆင်းတော်မူပြီးနောက် ယေရှုကိုယ်တော်သည် ဓမ္မဟောင်းကျမ်းပါ သန့်ရှင်းသူများ (ယုံကြည်ခြင်းဖြင့်သေဆုံးခဲ့သူများ) အား ကိုယ်တော်၏အောင်မြင်

မှုလမ်းတလျှောက် ဦးဆောင်ခါကောင်းကင်ဘုံသို့ ကြွမြန်းသွားခဲ့ပါတော့သည်။ ယနေ့တွင် ယုံကြည်သူတိုင်းအတွက် ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေမည့် အားရဝမ်းမြောက်ဖွယ် ကတိပေးချက်မှာ သေခြင်းသည်အမှန်တကယ်ကောင်းကင်ဘုံကို ရောက်စေမည့် တံခါးမ ကြီးပွင့်သွားခြင်းပင်။ မှန်ပါသည်။ ခရစ်တော်သည် ကာယနှင့် ဝိညာဉ် အားဖြင့် ကျွန်ုပ်တို့ကိုယ်စား သေခြင်းကို အနိုင်ယူသွားခဲ့ခြင်းမှာ အံ့သြစရာပါပင်။

*အိုသေမင်း၊ သင်၏လက်နက်သည်၊ အဘယ်မှာရှိသနည်း။*
*အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း။*
*သေမင်း၏လက်နက်၊ ဒုစရိုက်အပြစ်ပေတည်း။ ဒုစရိုက်အပြစ်၏တန်ခိုးကား၊ ပညတ်တရား ပေတည်း။ ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသောဘုရားသခင်၏ကျေးဇူးတော်သည်ကြီးလှစွတကား။ (၁ကော၊ ၁၅း၅၅-၅၇)*

## သေမင်းကို အနိုင်ယူခဲ့ခြင်း

ဘုရားသခင် လူ့ဇာတိကိုခံယူခဲ့သည့် အကြောင်းရင်းက သင်နှင့်ကျွန်ုပ်တို့၏အပြစ်များအတွက် အသေခံဖို့ အကြောင်းရင်းတစ်ခုတည်း မဟုတ်ပါ၊ *သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာဝင်း (ဟေဗြဲ၂း၁၄)*။

ဒါဝိဒ်က ဂေါလျတ်၏ဓားကိုသုံးပြီး ဂေါလျတ်ကို တိုက်ခိုက်သတ်ဖြတ်ခဲ့သကဲ့သို့ ယေရှုက စာတန်၏လက်နက်ဖြစ်သည့် 'သေခြင်း' ကို အသုံးချပြီး စာတန်ကို အပြီးအပိုင် နှိမ်နင်းအနိုင်ယူခဲ့ပါပြီ။ ယေရှုသည်လူမိန်းမ၊ လူယောက်ျားများကို ထာဝရသေခြင်းနှင့် ဝိညာဉ်ဆိုင်ရာအနှောင်အဖွဲ့ကပါ လွတ်မြောက်စေခဲ့ပါပြီ၊ သူသည် ဘုရားသခင်စေလွှတ်



ခြင်း ခံရသူ၊ လူသားတို့ကို ချုပ်နှောင်ထားသည့် အနှောင်အဖွဲ့က တစ်ဦးတည်းသောလွတ်မြောက်သူဖြစ်ပါတယ်။

ယေရှုသည် လူ့ဇာတိ၊ လူပကတိ အသွေးအသားကိုခံယူပြီး သေခြင်းဖြင့် စာတန်ကို အနိုင်ယူနှိမ်နင်းခါ သင်္ချိုင်းမှ ပြန်လည် ရှင်ပြန်ထမြောက်ခဲ့ပါသည်။ နောက်ပြီးကိုယ်တော်သည် ကောင်းကင်ဘုံကို တက်ကြွတော်မူကြောင်း မှတ်သားခဲ့ရပါပြီ၊ *. . . ယေရှုသည်၊ ငါတို့အတွက်၊ ထိုအတွင်းအရပ်ထဲသို့ ရှေ့ဆောင်၍ ဝင်သောသူဖြစ်တော်မူ၏ (ဟေဗြဲ ၆း၂၀)*။ ဦးစွာပထမ ***ဒုစရိုက်ကင်း၊ အပြစ်တရားကင်း၊ စုံလင်ပြည့်ဝသောလူသား***တစ်ဦးမှာ ကောင်းကင်ဘုံထဲ ဝင်ရောက်သွားခဲ့ပါပြီ။ လက်ဝါးကပ်တိုင်တွင် ကိုယ်တော်အသက်အသေခံခြင်းဖြင့် လူသားများကို ကောင်းကင်ဘုံသို့ ဝင်ရောက်နိုင်ရန် လမ်းဖွင့်ပေးခဲ့ပါပြီ၊ အံ့သြစရာပါပင်။

## ချစ်ခြင်းမေတ္တာ၏ လက်ဆောင်

သခင်ယေရှုသည် ကောင်းကင်ဘုံသို့သွားသည့်လမ်းကို ဦးစွာပထမဖန်တီးပေးခဲ့ခြင်းမှာ အံ့သြဝမ်းမြောက်ဖွယ်ရာဖြစ်ပါပေ၏။ ယခုအခါမှာမူ ကိုယ်တော်ရဲ့အောင်မြင်မှု လမ်းကြောင်းကို လူသားများလိုက်၍ လျှောက်လှမ်းနိုင်ကြပါပြီ။ အံ့သြစရာကောင်းသည့် နောက်အချက်တစ်ခုကမှာ သခင်ယေရှုက သူမသေခင်မီ ကိုယ်တော်ချစ်တော်မူသည့် ကမ္ဘာပေါ်ရှိ ယုံကြည်သူလူသားအားလုံးကို ကတိပေးသည်မှာ သူကောင်းကင်ဘုံကို တက်ကြွပြီးသည့်နောက်မှာ သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်လိုက်ပါမည် ဆိုခြင်းပင်။

ယေရှုက မိမိတပည့်များအား –

*ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည့်အတိုင်း အသက်*

*ရေထွက်ရာစမ်းရေတွင်း ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတ့ံသော ဝိညာဉ်တော်ကို ရည်မှတ်၍မိန့်တော်မူ၏။ ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မမူသေး။ (ယော ၇း၃၈-၃၉)*

*ငါ့ကိုစေလွှတ်တော်မူသောသူထံသို့ ယခု ငါသွားရမည်ဖြစ်၍. . ငါသည် ခမည်းတော်ကိုတောင်း၍၊ ခမည်းတော်သည် သစ္စာတရားတော်ကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသောဥပဓ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှာ သင်တို့အားပေးတော်မူမည်။ ငါသွားလျှင် သင်တို့ အကျိုးရှိလိမ့်မည်။ အကြောင်းမူကား။ ငါမသွားလျှင် ဥပဓ္ဈာယ်ဆရာသည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။. . . ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ (ယော ၁၆း၅။ ၁၄း၁၆၊ ၁၇၊ ၁၆း၇၊ ၁၄)*

ကျွန်ုပ်တို့ သိပြီးခဲ့သည်မှာ ဘုရားသခင်၏ဘုန်းတော်သည် သားတော်သေဆုံးရာတွင် ပို၍ထင်ရှားခဲ့ပါသည်။ ယခုတစ်ဖန် သင် မေးခွန်းထပ်ပြီးထုတ်နိုင်သည်မှာ၊ "ခရစ်တော်အနေနဲ့ သန့်ရှင်းသောဝိညာဉ်တော်ကို သင်နဲ့ကျွန်ုပ်တို့ထံကို စေလွှတ်ခြင်းဖြင့် မည်ကဲ့သို့ ဘုန်းတော်ထင်ရှားစေနိုင်မှာလဲ"ဆိုတာပါပဲ။

ဤမေးခွန်းကို တစ်ပိုင်းတစ်စ ဖြေဆိုထားသည်မှာ ဘုရားသခင့်မေတ္တာတော်ကို ခံယူရရှိထားကြသည့် ယုံကြည်သူတိုင်း၏အသက်တာအပေါ် ခရစ်တော်ဘုန်းတော်ထင်ရှားနေခြင်းပင်။ သမ္မာကျမ်းစာက၊ *ငါတို့အားပေးအပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရား*



*သခင်၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့ သွန်းလောင်းတော်မူ၏ (ယော ၅း၅)*။ လူသားတို့အပေါ် ဘုရားသခင်၏ရင်မှဖြစ်သောမေတ္တာသည် လူသားအချင်းချင်း ချစ်ခင်ကြင်နာမေတ္တာထားမှုတို့ထက် ပိုမိုမြင့်မားစေသော အထွတ်အထိပ်တွင်တည်ရှိပြီး သန့်ရှင်းသောဝိညာဉ်တော်အနေဖြင့် တကယ်ပင်တည်ရှိစေဖို့ စွမ်းဆောင်ခဲ့ပါသည်။ ကိုယ်တော်လက်ဝါးကပ်တိုင်ပေါ်တွင် ပြုခဲ့သည်ကို ယုံကြည်ခြင်းအပြည့်အဝစွာ သင်တုံ့ပြန်ခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်အနေနှင့်သခင်ခရစ်တော်က သင်မှတဆင့် အခြားသောသူများကို မေတ္တာပွားစေပါသည်။ အံ့ဖွယ်ကောင်းလှပါသည်။

ခရစ်တော်သည် သင့်အပြစ်များအတွက် အသေခံခဲ့သည်ဆိုခြင်းကို ယုံကြည်ဖို့နှင့် သင့်နှလုံးစိတ်ဝမ်းထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် ဘုရားသခင်၏ခွင့်လွှတ်ကယ်တင်တတ်သည့် မေတ္တာများကို ခံစားနိုင်ရစေမည့် ကိုယ်တော်ပေးသည့် အာမခံချက်ကိုရစေပါမည်။

သင့်ရင်တွင်း၌ သခင်ခရစ်တော်ရှိနေခြင်းဖြင့် သင့်တစ်သက်တာအမှုတော်ဆောင်ဖို့ အခွင့်ကိုရစေခါ၊ သင့်အနေနှင့် ချစ်ခြင်းမေတ္တာကင်းမဲ့နေသော ဤကမ္ဘာပေါ်တွင် ကိုယ်တော်၏မေတ္တာကို ဖြစ်စေပါလိမ့်မည်။

တစ်ခါက နာမည်ကျော်ဂျာမန်ဓမ္မဆရာကြီးတစ်ဦးကို ဘုရားသခင်အပေါ် လေးနက်သည့်ထင်မြင်ချက်တစ်ခုပေးဖို့ ပြောသောအခါ၊ **"ယေရှုငါ့ကိုချစ်ပေသည်၊ ကျမ်းစာအားဖြင့် သိရသည်"**ဆိုသော ဓမ္မသီချင်းကို အားပါးတရ သီဆိုပြလေသည်။

မှန်ပါသည်၊ ဘုရားသခင် ကျွန်ုပ်ကို အမှန်တကယ်ချစ်ပါသည်။ မှန်ပါသည်၊ **အမှန်တကယ် ဘုရားသခင်** သင့်ကို ချစ်ပါတယ်။

ချစ်ခြင်းမေတ္တာ အစီအစဉ်ချမှတ်တဲ့ ကယ်တင်ခြင်းကို
ကျေးဇူးတော်အားဖြင့် ယူဆောင်လာခဲ့ဖို့
ဘုရားရှင်က မဟာကရုဏာမှုကို ကျော်လွှားပေးခဲ့တာ
ကရာနီကုန်းပေါ်မှာ။

ကြီးမားတဲ့ကြင်နာမှု    အခမဲ့ကျေးဇူးတော်
ဆထက်ထမ်းပိုး တန်ဖိုးကြီးခံစားရတဲ့ ခွင့်လွှတ်ခြင်း
ဝိညာဉ်ကိုပိတဲ့ ဝန်ထုပ်တွေ  လွှတ်ပြေခဲ့တာ
ကရာနီပါ. . . ။



**သုံးသပ်ရန်**

၁။ သင် တစ်ဦးတစ်ယောက်ကို ချစ်ကြောင်း မည်သို့သက်သေပြနိုင်ပါမည်လဲ။ အပြောနဲ့လား၊ အလုပ်နဲ့လား။

၂။ ဘုရားသခင်က သူချစ်မေတ္တာကို ဘယ်လို သက်သေပြပါသလဲ။

၃။ ဘုရားသခင်ရဲ့မေတ္တာကို ဘယ်လိုတုံ့ပြန်ပါမည်လဲ။

*ရင်ဖိုစရာကောင်းလှတဲ့ ပတ်ဝန်းကျင်အခြေအနေနဲ့ပြည့်လျှံနေတဲ့*
*ခွဲစိတ်ကုသခန်းထဲက ဆရာဝန်တိုင်းဟာ*
*သွေးကို အသက်နဲ့ သတ်မှတ်ဖို့ ကြိုးစားနေကြပါတယ်။*
*ဒီနှစ်ခုဟာ ခွဲခြားမရပါဘူး တစ်ခုပျက်ရင် နောက်တစ်ခု ပျက်မှာပါပဲ။*
*ဒေါက်တာပေါ်ဘရန်း*





# *အသက်၏အရင်းအမြစ်ကား အဘယ်မှာနည်း*

အချိန်က ညသန်းခေါင်ယံကို အလျှင်အမြန်ချဉ်းကပ်နေပါသည်။ ကျွန်တော်တို့ ဇနီးမောင်နှံ အပါအဝင် တစ်ရာခန့်ရှိသော ရထားစီးမည့် ခရီးသည်များသည် ပါရီမြို့ 'ဂါရေစိန့်လာစရေ' ဘူတာရုံကြီးအတွင်း တစ်ဆယ့်ရှစ်နာရီကြာ ငြီးငွေ့ဖွယ်ခရီး ရှည်ကြီးကို စောင့်ဆိုင်းနေရင်းက ရထားတွဲရှိရာကိုသွားနိုင်ဖို့ တံခါးဝတွင် နေရာယူထားကြပါသည်။

ကျွန်တော်တို့ပတ်ဝန်းကျင်က ခရီးသည်အများစုကတော့မှာ လူငယ်လူရွယ်များဖြစ်ကြပါသည်။ ဒေါ်ရသီနှင့် ကျွန်တော်သည် ခရီးသွားဖော်များနှင့် ရောနှောနေရာက သတိထားမိလိုက်မိသည်မှာ သူတို့သည် ဥရောပတိုက်ရှိနိုင်ငံပေါင်းစုံက ခရီးသွားလူငယ်တွေဖြစ်မည်ဟု မှန်းဆလို့ ရပါသည်။ တစ်ချို့လူငယ်လေးတွေက သူတို့၏ကျောပိုးအိပ်ကို ခေါင်းအုံးပြီး ရတုန်းရခိုက်အချိန်ကလေးမှာ အိပ်နေကြကာ ကျန်အဖော်များကအသားညှပ်ပေါင်မုန့်စားသူကစား၊ ရေသန့်ပုလင်းမော့သူကမော့နှင့် အိပ်ဖန်စောင့် တာဝန်ယူနေတာမြင်ရပါတယ်။

မီးရထားစောင့်နေစဉ် ဤလူငယ်အတော်များများနှင့် ကျွန်တော်တို့လင်မယား စကားပြောရယ်မောရင်းက ရင်းနှီးလာတာနှင့်အမျှ ဟန်မဆောင်တော့ဘဲ သူတို့ကလေးတွေထံက မရေရာသေးသည့် ဘဝကိုရှာရင်း အစပျောက်နေကြသည်ကို မြင်တွေ့ရပါတော့သည်။ ဤသို့ဖြင့် စကားကောင်းလာပြီး၊ ကျွန်တော်တို့နှင့် ခရီးသွားရာတွင်အတူပါနေကျဖြစ်

သည့် ယေရှုခရစ်တော်အကြောင်း စကားစပျိုးလိုက်ပါတော့သည်။

ကျွန်တော်တို့စကားပြောရင်းက အငြိမ်မနေတတ်ဘဲ စွန့်စားမှုကိုတောင့်တတတ်သည့် လူငယ်အချို့သည် ပွင့်ပွင့်လင်းလင်း ကျွန်တော်တို့နှင့် ပြောလာသည်မှာ စစ်မှန်ပြီးအဓိပ္ပာယ်ရှိသည့် သူတို့တောင့်တနေကြသည့် ဘဝအကြောင်းပင်ဖြစ်ပါသည်။ တစ်ချို့က ရှေ့မြို့တစ်မြို့မှာ တွေ့မယ်ဟု မျှော်လင့်ကြပြီး၊ တစ်ချို့က နောင်တွေ့ရမည့် မိတ်ဆွေကို မျှော်လင့်ထားသလို၊ အချို့ကတော့ မရှက်မကြောက်ဘဲ နောင်တစ်ချိန် စိတ်ကြွဆေးသုံးတဲ့အခါ၊ အရက်သောက်တဲ့အခါစသည်မှာ တွေ့မယ်လို့ မျှော်လင့်ထားကြကြောင်း ဖွင့်ဟပြောဆိုခဲ့ကြသလို၊ အချို့ကတော့ သေရမယ့်ရောဂါဆိုးကူးစက်ခံရမှာကို အထူးစိုးရိမ်ကြောက်လန့်နေကြကြောင်း သိခွင့်ရလာပါတယ်။

အာဖရိကတိုက်တွင် ဤကပ် ရောဂါဆိုးကို'လူပိန်သေးရောဂါ'ဟု ခေါ်ကြသည်။ ဆေးပညာအဆိုမှာ ရောဂါပိုးတစ်မျိုးဖြစ်တဲ့ 'HIV (human immuno-deficiency virus) Positive' လို့ခေါ်ပါတယ်။ သွေးစစ်ကြည့်လို့ သည်ရောဂါပိုးတွေ့ပါက AIDS ဆိုသည့် ကပ်ရောဂါဆိုးဖြစ်နေပြီမို့ ကုရာနတ္ထိဆေးမရှိဟု ဆိုနိုင်ပါသည်။ ကြောက်စရာ ကောင်းလှသည့် သည်ရောဂါရနေပြီဆိုတာသိရလျှင် ဘယ်သူမဆို တမဟုတ်ခြင်း ဆိုသလို စိတ်ကျသည်အထိ၊ ထိခိုက်သွားနိုင်ပါသည်။ ကမ္ဘာတစ်ဝန်းလုံး လူတွေသိကြသည်မှာ AIDS ရောဂါသည် ပြင်းပြင်းထန်ထန် ခံစားရသည့် 'သွေးရောဂါ' တစ်မျိုးပင်။ ဘဝတွင် ရှင်သန်နိုင်ဖို့ သန့်ရှင်းသည့် သွေးသည် အလိုအပ်ဆုံးဖြစ်သော်လည်း ညစ်ညမ်းသည့်သွေးက ရှင်သန်သည့်ဘဝကို ဆုံးရှုံးစေဖို့ပဲ ဖြစ်ပါလိမ့်မည်။

ကျွန်တော့်အနေနှင့်ဝန်ခံရလျှင်၊ ဘဝမှာရှင်သန်နိုင်ဖို့ သွေးသည် အလိုအပ်ဆုံးဖြစ်တာကို သိပေသော် ကျွန်တော့အဖို့ သွေးကို စက်ဆုပ်ရွံရှာဖွယ်ရာတစ်ခုအဖြစ်မြင်နေမိပါသည်။ တစ်ခါက ကျွန်တော်၏စက်ဆုပ်ရွံရှာမှု



ကို ကျော်လွှားနိုင်ဖို့ လန်ဒန်ဆေးရုံတစ်ခုကဖိတ်၍ ခွဲစိတ်ကုသခြင်းကို သွားရောက်ကြည့်ခဲ့ဖူးပါတယ်။ ခွဲစိတ်ခန်းကို ရောက်ခဲ့သော်လည်း လူနာအား ခွဲစိတ်နေခြင်းကိုမြင်ရသောအခါ မေ့မသွားအောင် ကိုယ့်ကိုယ်ကို မနည်းထိန်းခဲ့ရဖူးပါသည်။ သည်အခြေအနေကို သတိပြုမိသည့် မိတ်ဆွေဆရာဝန်က အပြင်ထွက်သွားဖို့ အကြံပေးလာသောအခါ နှစ်ခါမပြောရဘဲ ခွဲစိတ်ခန်းအပြင်ကို ထွက်ခဲ့ရပါတော့သည်။

မည်သို့ပင်ဖြစ်စေကာမူ တစ်ဦးတစ်ယောက်၏သွေးစိမ်းရှင်ရှင်ကို မြင်ရချိန်တွင် ဖြစ်ပေါ်လာတတ်သည့် အခြေအနေကို အပထားပြီး၊ သွေးထွက်လွန်နေသည့် လူတစ်ယောက်၏အသက်ကိုကယ်ဖို့ရန် သွေးသွင်းပေးခြင်းပါပင်ဖြစ်သည်။ အခုအခါမှာ အံ့ဖွယ်ကောင်းတဲ့ ဆေးပညာတိုးတက်မှုကြောင့် ကျန်းမာနေသူတစ်ဦးဆီက ရောဂါကင်းသောသွေးကို ထုတ်ယူပြီး ဘဝဆုံးတော့မယ့် လူမမာကိုယ်တွင်းကို သွေးသွင်းကုသနည်းဖြင့် အသက်ကယ်နိုင်ပါပြီ။

ဆေးပညာသုတေသနတွေမလုပ်သေးသည့် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဘုရားသခင်က *"အကြောင်းမူကား၊ ကိုယ်ခန္ဓာအသက်သည် အသွေး၌ တည်၏"(ဝတ် ၁၇း၁၁)* ဟု မိန့်တော်မူခဲ့ပါသည်။ ဒေါက်တာပေါဘရန်းက "အီလက်ထရောနစ်နည်းပညာတွေနဲ့ လွှမ်းခြုံနေတဲ့ ခွဲစိတ်ကုခန်းထဲက ဆရာဝန်တိုင်းဟာ သွေးကို အသက်အနေနဲ့သတ်မှတ်ဖို့ ကြိုးစားနေကြပါတယ်။ ဒီနှစ်ခုဟာ ခွဲခြားမရပါဘူး တစ်ခုဆုံးရှုံးရင် နှစ်ခုစလုံးကို ဆုံးရှုံးမှာပါပဲ"ဟု ဆို၏။

သို့ရာတွင် လူအများသတိ မထားမိတာသည်မှာ HIV ပိုးကူးစက်မှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်နေထိုင်မှု အခြေအနေအပေါ်က ပေါက်ဖွားလာခြင်းဖြစ်ပြီး လူတိုင်းမှာ သွေးကတစ်ဆင့် ကူးစက်ဖြစ်ပေါ်လာသည့် ရောဂါတစ်မျိုးရှိနေသည်မှာ ကြာပါပြီ။ အဘယ်ကြောင့်ဆိုသော် . . . *ဘုရားသခင်သည် မြေတပြင်လုံး၌ နေရသောလူအမျိုးမျိုးတို့ကို*

*တသွေးတည်း နှင့်ဖန်ဆင်းတော်မူ၍(တ ၁၇း၂၆)*၊ ဤသို့ သေလောက်သည့် သွေးညစ်ညမ်းမှု ဝေဒနာခံစားရခြင်းသည် လူသားတိုင်း ခံစားရသည့် ဝေဒနာဖြစ်သည်။ သမ္မာကျမ်းစာက ဤသို့သွေးသားညစ်ညမ်းရသည့် အရင်းအမြစ်သည် အာဒံကတစ်ဆင့် လာခဲ့ကြောင်း သိရပါသည်။

*ရှေးဦးစွာသောလူအာဒံသည်. . (၁ကော ၁၅း၄၅)* အပြစ်ပြုချိန်ကစပြီး လူသားမျိုးဆက်များ၊ အသားအရောင်ကွဲသည်ဖြစ်စေ၊ အရပ်ဒေသသို့မဟုတ် နေရာဌာနကွဲသည်ဖြစ်စေ သေဒဏ်ချမှတ်ခံကြရသည်သာ ဖြစ်ပါတော့သည်။ ကျမ်းစာထဲတွင် တိတိကျကျဆိုထားတာသည်မှာ *လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည် (၁ကော ၁၅း၂၂)* မှန်ပါသည်၊ **AIDS** သည် သွေးကတစ်ဆင့် ကိုယ်တွင်းသို့ ဝင်ရောက် ကူးစက်လာသလို အာဒံပြုသောအပြစ်က လူသားမျိုးဆက်တွင် ကူးစက်ပြန့်ပွားခြင်းဖြစ်သည်။ အာဒံသာ အပြစ်မပြုခဲ့ပါက ဘယ်သူမှ ဝေဒနာခံစားရခြင်း၊ အသက်သေဆုံးရခြင်းစသည်များ မခံစားရဘဲ လူဘဝမှ ကောင်းကင်ဘုံကို ရောက်သွားမည်ဖြစ်သည်။ သို့သော်လည်း ထိုသို့ဖြစ်မလာခဲ့ချေ။

ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ယေရှုကိုဖွားမြင်သည့်အခါ အသက်ဆက်ပေးနိုင်သည့်သွေးကို လူသားမျိုးနွယ်အတွင်း ပေးသွင်းခဲ့ပါသည်။ ဖြစ်ရပုံမှာ ကောင်းကင်တမန်တော်တစ်ပါးဖြစ်သည့် ဂါဗြေလက မာရိကို ကိုယ်ဝန်ရှိလာပြီး သားယောကျ်ား မွေးဖွားလာလိမ့်မည်ဟု ပြောခဲ့ပါသည်။ ထိုသားကို ယေရှုဟု ခေါ်ကြလိမ့်မည်၊ ယောကျ်ားနှင့် ရုက်တင်ခြင်း မရှိသေးသည့် အပျိုစင်မိန်းကလေးအား ကိုယ်ဝန်မည်သို့ရှိလာမည်ကိုလည်း ရှင်းပြခဲ့ပါသည်။

*သန့်ရှင်းသောဝိညာဉ်တော်သည်သင့်၏အပေါ်မှာသက်ရောက်တော်မူ၍၊ အမြင့်ဆုံးသောဘုရား၏ တန်ခိုးအာနုဘော်တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ (လု ၁း၃၅)*



သန့်ရှင်းသောဝိညာဉ်တော်၏မျိုးစေ့နှင့် အပျိုစင်၌ရှိသည့် ဗီဇကို ရှင်သန်စေခြင်းဖြင့် အံ့ဖွယ်အဖြစ်ဖြစ်စေခဲ့ပါသည်။ ဤအံ့ဖွယ်ဖြစ်စဉ်မှာ ဘုရားသခင်က လူ့ဇာတိကို ယူခဲ့ခြင်းပင်ဖြစ်သည်။ တစ်ဖန်မာရိဝမ်းတွင်းမှ ကလေးကြီးထွားလာသည်နှင့်အမျှ ကိုယ်တော်ဘုရား၏ အဖိုးမဖြတ်နိုင်သော သန့်ရှင်းစင်ကြယ်သည့် အသွေးတော်သည် သန္ဓေသားအတွင်းလည်းပတ် လာပါတော့သည်။*

---

*အမ်အာဒီဟန်း၊ အမ်ဒီ (M.R. DeHann, M.D.)၏'သွေးတွင်ပါရှိသည့် ဒြပ်ပေါင်းတို့နှင့်ပတ်သက်၍ သွင်ပြင်လက္ခဏာများ' "The Chemistry of the blood" မှာ ခန္ဓာဗေဒ၊ မီးယပ်သားဖွားပညာရပ်နှင့် သူနာပြုဆိုင်ရာသုတေသနစာတမ်းများ ကကိုးကားကောက်နှုတ်ပြီး ဖော်ပြသည်မှာ၊ ''မိခင်က သူ့သန္ဓေသားဖွံ့ဖြိုး ကြီးထွားနိုင်ဖို့ အာဟာရကိုပေးစွမ်းနိုင်ပေမယ့် သန္ဓေသား၌ရှိနေသည့် သွေးကို တော့ သန္ဓေသားကိုယ်တိုင် ထုတ်ယူပါသည်။ ပဋိသန္ဓေတည်ချိန်ကစပြီး ဖွားမြင်ချိန်တိုင်အောင် မိခင်ထံမှ သွေးတစ်စက်မျှ သန္ဓေသားထံ သယ်ဆောင် ပေးခြင်း မရှိခဲ့''ဟူ၏။ ဒေါက်တာဒီဟန်း၏ရေးသားချက်ကို သုံးသပ်ပြောဆိုရာတွင် ဒေါက်တာရောဘတ်အီးကိုး(လ)မန်က ဒေါက်တာဒီဟန်း အမြင်မှာ ယောကျ်ားတစ်ဦး၏သုတ်သွေးမျိုးစေ့ကတစ်ဆင့် သန္ဓေသားအနေနှင့် သွေးကို ရရှိသည် မို့ ပဋိသန္ဓေဆောင်သည့် မိခင်၏သွေးနှင့် မပတ်သက်ဟု ဆိုခြင်းကို အခြားဆေးသုတေသနပညာရှင်တို့အနေဖြင့် သင့်တော်သည့် အဆုံးအဖြတ်ပေးဖို့ လိုပါလိမ့်မည်ဟု အဆိုပြုခြင်းကို ဒေါက်တာဒီဟန်းက ဒါကို ပြဿနာတစ်ရပ် မဖြစ်စေလိုပါ။ အမှန်မှာ ယေရှုကို ဘုရားသခင်က သန္ဓေတည်စေခဲ့ခြင်းမို့ သမ္မာကျမ်းစာတွင် မျိုးရိုးလိုက်ပြီး အပြစ်ရှိသည့် ယုဒလူမျိုးများ၏အပြစ်သည် သွေးထဲမှာပါလာသည်ဆိုသည်ကို ထည့်စဉ်းစားရန် လိုမည်မထင်ပါ။

လူ့သွေးသည် ဒြပ်ပေါင်းတစ်ခုဖြစ်သည်မို့အလွန်တရာရှုပ်ထွေးလှပါသည်။ ဆေးပညာသုတေသနပြုသူတို့က အသက်ဆက်ပေးနေသည့် ဤသွေးကို ယနေ့တိုင်သုတေသနပြု၍ မဆုံးနိုင်ကြသေးပါ။ သွေး၏ ခန္ဓာကိုယ်တွင်းလုပ်ဆောင်မှုတွေကို နားလည်နိုင်လွယ်သည့် စကားဖြင့် ပြောရလျှင် ခန္ဓာကိုယ်ကို သန့်စင်စေခြင်း၊ အသက်ရှင်နိုင်ဖို့ ဖြည့်တင်းပေးခြင်းနှင့် ရောဂါမဝင်ရောက်စေဖို့ ကာကွယ်ပေးခြင်းတို့ ဖြစ်ပါသည်။ ဤသည်တို့ထက် ထူးခြားဆန်းကြယ်တာသည်မှာဘုရားသခင်က သင်နှင့် ကျွန်ုပ်တို့အတွက် အံ့ဖွယ်ရာကောင်းသည့် ဖြည့်ဆည်းပေးထားသည်များ ရှိပါသည်။ သည်အချက်ကြောင့် ဘုရားပေးသည့် အသွေးတော်သည် အထက်က ပြောခဲ့သလို စစ်မှန်ပြီးအဓိပ္ပာယ်ရှိသည့်ဘဝကို ရှာသူတွေ အဖို့ပင်ဖြစ်သည်။ အပြစ်ပြုထားသူများအဖို့မှာမူ ဘုရားသခင် ပေးထားသော အသွေးတော်သည် အပြစ်ကိုဆေးကြောဖို့ပစ္စည်းတစ်ခုဖြစ်သည်။ ဝိညာဉ်ရေးရာတွင်လမ်းစပျောက်နေသူအဖို့ ကိုယ်တော်၏ တန်ဖိုးကြီးလှသော အသွေးတော်သွင်းပေးခြင်းဖြင့် ကြီးမားသည့် ဘဝကို ရစေပါလိမ့်မည်။ ဝိညာဉ်ရေးတွင် မှန်သည့်လမ်းပေါ် လျှောက်နေသူအဖို့ ယေရှု၏အသွေးတော်သည်စာတန်၏တိုက်ခိုက်မှုကို အကာအကွယ်ပေးနေပါလိမ့်မယ်။ သည်တန်ဖိုးကြီးလှသည့်အသွေးတော်အကြောင်းကို(၁ပေ ၁း၁၈၊ ၁၉) တွင် ဤသို့ဆိုထားပါသည်။

> *မိစဉ်ဘဆက်ကျင်လည်ခဲ့သောအချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊ ရွှေငွေအစရှိသော ဖောက်ပြန်ပျက်စီးတတ်သော ဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မဟုတ်။ အဘယ်အပြစ်မှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သောသိုးသူငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့်ရွေးတော်မူသည်ကိုသိမှတ်ကြလော့။*



## ဆေးကြောသန့်စင်စေနိုင်သော သွေး

တစ်ခါက သတင်းစာတစ်စောင်ထဲတွင် အမြတ်ကြီးစားပို့ဆောင်ရေး လုပ်ငန်းတစ်ခုက ကျန်းမာရေးမထိခိုက်ရအောင်ဆောင်ရွက်ရမည့်ကိစ္စကို လျော့လျော့ပေါ့ပေါ့နဲ့ လုပ်ခဲ့ခြင်းကို ဖတ်မိပါသည်။ အမြတ်များများ ရနိုင်ဖို့အတွက် သည်လုပ်ငန်းရှင်က ပစ္စည်းသယ်ယာဉ်တစ်စီးကို အရည်/အငွေ့သယ်နိုင်အောင်ပြောင်းလဲပြီး အပြန်အလှန်အဆိပ် အတောက်ဖြစ်စေသောပစ္စည်းနှင့် အစားအသောက်ပစ္စည်းများကို တရားမဝင် တလှည့်စီသယ်ယူပို့ဆောင်ခဲ့ပါသည်။ ထို့ကြောင့် စားသုံးသူများ အဆိပ်သင့်ပြီး အကြီးအကျယ် နာမကျန်းဖြစ်ခဲ့ကြရပါတော့သည်။

လူ့ကိုယ်ခန္ဓာထဲတွင် ဘုရားသခင်စီမံပေးထားသော သယ်ယူပို့ဆောင်ရေးလုပ်ဆောင်မှုမှာ အစာအာဟာရများကို ကလာပ်စည်းများဆီ ပို့ဆောင်ပြီး တစ်ချိန်ထဲတွင် မလိုအပ်သည့်ပစ္စည်းများကို စွန့်ပစ်ရသည့် လုပ်ဆောင်မှုကိုပါ တစ်ခါတည်းလုပ်ဆောင် ပေးပါသည်။ ဘုရားသခင်၏တိကျသော ဖန်ဆင်းမှုကြောင့် ရောနှောညစ်ညမ်းမှု မရှိစေရဘဲ သွေးကြောအတွင်း ပို့ဆောင်သယ်ယူမှုပြုနိုင်ပါတော့သည်။ အံ့ဖွယ်ကောင်းသည်မှာ ကလာပ်စည်းတစ်ခုသည် သွေးကြောတစ်ခုနှင့် ဆံချည်မျှင်တမျှ သေးငယ်သည့် အကွာအဝေးထက် မပိုလှပါ၊ ထိုအနေမျိုးတွင် ကလာပ်စည်းထဲမှ အဆိပ်သင့်ပစ္စည်းကို မဖယ်ရှားနိုင်ပါက ရလဒ်မှာ သေခြင်းပင်ဖြစ်၏။

ဘုရားသခင်က ကျွန်ုပ်တို့၌ ရောနှောညစ်ညမ်းနေသည့်အပြစ်ကို ဖယ်ထုတ်ရာတွင် အထက်ကဥပမာအတိုင်းပင်ဖြစ်၏။ ထိုသို့သန့်စင်သည့်အခါ ယေရှု၏တန်ဖိုးရှိလှသည့် အသွေးတော်ကို အသုံးပြုရပါသည်။ *ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့၊ ငါတို့သည် အလင်း၌ကျင်လည်လျှင်၊ အချင်းချင်း မိဿဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏သားတော်ယေရှုခရစ်၏ အသွေးတော်သည် ငါတို့ အပြစ်ရှိသမျှကိုဆေးကြော*

*တော်မူ၏ (၁ယော ၁း၇)*။ ဘုရားသခင် ဆက်၍မိန့်တော်မူသည်မှာ ကျွန်ုပ်တို့၏အပြစ်များကို အခြားသောနည်းလမ်းဖြင့် အပြစ်လွှတ်နိုင်ခြင်း မရှိပါ၊ အကြောင်းဆိုသော်၊ *. . . အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ (ဟေဗြဲ ၉း၂၂)* ။

## ***အသက်ကို ပေးနိုင်သည့်သွေး***

အသက်ဆက်နိုင်ဖို့ သွေး၏လုပ်ဆောင်ပေးသော နောက်အလုပ်တစ်ခုမှာ လိုအပ်သည့် ရေနှင့်အာဟာရဖြစ်စေသော ပစ္စည်းများကို ခန္ဓာကိုယ်အနှံ့ ပို့ပေးခြင်းပင်။ ဤလုပ်ဆောင်မှုကို သွေးက မဆောင်ရွက်နိုင်ခဲ့ပါကကလာပ်စည်းနှင့်အသားမျှင်များသည် ရေနှင့်အာဟာရဓာတ်ပစ္စည်း မရသည့်အတွက် သေသွားနိုင်ပါသည်။ သွေးသာလယ်ပတ်မှု မရှိခဲ့လျှင် ခန္ဓာကိုယ်ပျက်စီးသွားပါလိမ့်မည်။ သေချာသည်မှာ သွေးကြောင့် အသက်ရှင်နေရခြင်းဖြစ်သည်။

ယေရှုကိုယ်တော်က မိမိ၏အသွေးနှင့်ပတ်သက်ပြီး ပြောခဲ့သည့် အခါ တပည့်များကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်မှာ၊

*လူသား၏အသားကို မစား၊ အသွေးကိုမသောက်လျှင် သင်တို့၌ အသက်မရှိ။ ငါ၏အသားကိုစား၍ ငါ၏အသွေးကိုလည်း သောက်သောသူသည် ထာဝရအသက်ကိုရ၏။ ထိုသူကို နောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်။ ငါ၏အသားသည် စားစရာကောင်း၏။ငါ၏အသွေးလည်းသောက်စရာကောင်း၏။ (ယော ၆း၅၃-၅၅)*

ယေရှုကဆက်၍ မိမိဆိုလိုသည့်အဓိပ္ပာယ်ကို ရှင်းပြရာတွင်၊ . . . *ငါ၏အသားအသွေးကို သောက်စားသောသူသည် ငါ၌တည်၏။ ထိုသူ၌လည်း ငါတည်၏* (ယော ၆း၅၆)။ အလွန်ဝမ်းမြောက်ဖွယ်ကောင်း



သောဝိညာဉ်ရေးနှင့်သက်ဆိုင်သည့် ရှင်းလင်းပြဆိုချက်ဖြစ်ပါသည်။ ယေရှု၏အသွေးတော်နှင့် အပြစ်သားများကို ရွေးနှုတ်ကယ်တင်ခြင်းပြုသည်ဟု ဆိုခြင်းဖြစ်၏။ ကိုယ်တော်၏အသွေးတော်ကြောင့်သာ ယခုကျွန်ုပ်တို့ ကိုယ်တော်ရွေးနှုတ်ကယ်တင်ခြင်း ခံ့ပါပြီ။ သခင်ယေရှုရှင်းပြခဲ့သည့် သူ့အသွေးတော်ကို သောက်သုံးခြင်း၏အဓိပ္ပာယ်အမှန်ကို ကိုယ်တော်က *"ထိုသူ၌လည်း ငါတည်၏"*ဟု မိန့်တော်မူခဲ့သည့်အတွက် အလွန်အားရဝမ်းမြောက်ဖွယ်ကောင်းလှပါပေသည်။

ယေရှုရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်ကို မိမိတို့ကိုယ်တိုင်လည်း ခံစားနိုင်မည်ကို ယုံကြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ထောက်ခံပြောဆိုနိုင်သည်မှာ 'ရှင်ပြန်ထမြောက်သောယေရှု ငါ၌တည်၏'ဖြစ်ပါသည်။ လူများက ကျေးဇူးတော်ချီးမွမ်းခြင်းဆိုင်ရာပွဲတော်မင်္ဂလာတွင် ပေါင်မုန့်နှင့် စပျစ်ရည်ကို သောက်သုံးရာတွင် ရိုးစင်းသော်လည်း ကျေးဇူးတော်ချီးမွမ်းခြင်းနဲ့ သက်သေခံခြင်းသင်္ကေတကို ပေါ်လွင်စေပါသည်။ အံ့သြစရာပင်။ **

ယေရှုအသွေးတော်မြတ်၏အသက်ရှင်စေနိုင်သော တန်ခိုးသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် အသစ်မွေးဖွားလာသူ၏ အသက်တာတွင် အံ့သြဖွယ်ထင်ရှားလျက်ရှိပါသည်။ မှန်ပါသည်၊ လူသားတိုင်းတောင့်တနေသောစစ်မှန်ပြီး အဓိပ္ပာယ်အရှိဆုံးသောအရာမှာ အသွေးတော်ကို စီးဝင်စေခြင်းပင်ဖြစ်ပါသည်။

---

** များစွာသောသူတို့က ယနေ့အထိ ပွဲတော်မှာ ပေါင်မုန့်နှင့် စပျစ်ရည်သောက်သုံးခြင်းဖြင့် ခရစ်တော်၏အသွေးအသားအသွင်သို့ ပြောင်းလဲလာမည်ဆိုသော ယုံကြည်ချက်မှာ အလွန်ဝမ်းနည်းစရာကောင်းလောက်အောင် မှားယွင်းနေပါ တည်။ ကိုယ်တော့်အလိုမှာ ယုံကြည်သူတို့အနေဖြင့် သူတို့ထံတွင် ကိုယ်တော်တည်ရှိနေသည်ကို သိမှတ်ဖို့ပင်။

## *ကာကွယ်မှုကို ပေးနိုင်တဲ့ သွေး*

လူ့အသွေး၏အံ့ဖွယ်စွမ်းဆောင်ချက် နောက်တစ်ခုရှိပါသေးသည်။ အသက်ပေးနိုင်သည်သာမက ကာကွယ်မှုကိုပါ ပေးနိုင်သည့် သွေးပင်။

တစ်ခါက အိန္ဒိယနိုင်ငံတွင် ပုလိပ်ရောဂါဖြစ်ကြောင်းသိရလျှင် တစ်ကမ္ဘာလုံး ဤကပ်ရောဂါကို ကြောက်လန့်တုန်လှုပ် သွားပါတော့သည်။ အိန္ဒိယမှ စတင်ထွက်ခွာလာသော ဂျက်လေယာဉ်များကို ပိုးသတ်ဆေးဖြန်းကာ၊ တစ်ချို့လေယာဉ်တင်မက ခရီးသည်တွေကိုပါ ရောဂါမကူးစက်နိုင်စေရန် ခေတ္တခဏသီးသန့်ခွဲထားပြီး ဆေးစစ်ဆေးမှု ခံစေပါသည်။ ထိုမျှမက လိုအပ်သည်ဟုထင်ပါက အိန္ဒိယမှ ပျံသန်းလာသောလေယာဉ်များကို ခေတ္တခဏပိတ်ထားပါသည်။

ပုလိပ်ရောဂါ အန္တရာယ်မှသာမဟုတ်။ လူကို အမြဲမပြတ် အန္တရာယ်ပြုနေသော အာဂန္တုရောဂါပိုးများ၊ အသက်ကိုအန္တရာယ်ပြုနိုင်သည့် ရောဂါပိုးများက တိုက်ခိုက်နေပါသည်။ သို့သော် ခန္ဓာကိုယ်တွင်းက အံ့သြစရာကောင်းသည့်သွေးက ဤရောဂါပိုးများကို တိုက်ဖျက်နိုင်သည့် ထူးခြားသောစနစ်ရှိပါသည်။ အဆိပ်အတောက်ကို ချေဖျက်သည့်ပစ္စည်းနှင့် ခန္ဓာကိုယ်တွင်း ကျူးကျော်ဝင်ရောက်လာသော ဗက်တီးရီးယားပိုးများကို ခုခံနိုင်သောပစ္စည်းများ သွေးကြောအတွင်းတွင် ရှိပါသည်။ ယခုပြောသကဲ့သို့ ကျူးကျော်လာပါက သွေးထဲမှ (white blood cells) ခေါ် သွေးဖြူဥကလာပ်စည်းများက ကူးစက်မှုမရှိရအောင် ဦးစွာတိုက်ဖျက်ပါသည်။ ဤသို့တိုက်ဖျက်ရာတွင် ကလာပ်စည်းများကို ပွားများလာစေပြီး တိုက်ဖျက်ခြင်းဖြစ်ပါသည်။

အံ့ဖွယ်ကောင်းလောက်အောင် သခင်ယေရှု၏အသွေးတော်သည် လူသားတို့၏သွေးကဲ့သို့ ခရစ်ယာန်သာသနာတော် ရှင်သန်နိုင်ရေးမှာ ကာကွယ်ပေးသော အစွမ်းသတ္တိပါရှိနေပါသည်။ ယုံကြည်သူများကို



စာတန်၏တိုက်ခိုက်မှုမှ ကာကွယ်ပေးနေသည်မှာ ယေရှု၏အသွေးတော်ပင်။ ဘုရားသခင်၏လူသားများနှင့် စာတန်တိုက်ပွဲပြီးဆုံးသည့် အချိန်မှာ *“သူတို့သည်သိုးသူငယ်၏အသွေးအားဖြင့်၎င်း၊ မိမိတို့သက်သေခံချက်နှုတ်ကပတ်တရားအားဖြင့်၎င်း အောင်မြင်၍၊ အသေခံသည့်တိုင်အောင်ကိုယ့်အသက်ကို မနှမြောကြ (ဗျာ ၁၂း၁၁)*။ သင်လည်း မာရ်နတ်၏တိုက်ခိုက်မှုမှ သခင်ယေရှု၏တန်ဖိုးမဖြတ်နိုင်သော အသွေးတော်က ကာကွယ်ပေးခြင်းကို ရနိုင်ပါလိမ့်မည်။

ယေရှု၏စာတန်အပေါ် အောင်မြင်မှုရမည့်အကြောင်းကို ကြိုတင်ဟောထားသည်မှာ အာဒံနှင့် ဧဝတို့ကို မာရ်နတ်က သွေးဆောင်ဖျက်ဆီးခြင်းနောက်မှာဖြစ်ပါသည်။ သည်နောက် ဘုရားသခင် ကတိပြုခဲ့သည်မှာ မိန်းမ၏မျိုးစေ့ကြောင့် ပျက်စီးခြင်းကိုရောက်ရပါလိမ့်မည်ဟု စီရင်တော်မူ၏။ *“သင်နှင့်မိန်းမကို၎င်း။ သင်၏ အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကို၎င်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည်သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟုမိန့်တော်မူ၏ (က ၃း၁၅)*။ မိန်းမ၏မျိုးစေ့က စာတန့်ဦးခေါင်းကို ခွဲပါလိမ့်မည်။ သို့ရာတွင်မြွေက မေရှိယ၏ဖနောင့်ကို ဦးစွာပေါက်ခဲ့ပါပြီ။ မှန်ပါသည်၊ သခင်ယေရှုခရစ်တော်ကိုယ်တိုင်၊ မိန်းမ၏မျိုးစေ့ကြောင့် အသွေးတော်ထွက်ခဲ့ရပါသည်။

*သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏*
*တန်ခိုးကို ချိုးဖွဲ့ဖျက်ဆီးခြင်းငှါ၎င်း (ဟေဗြဲ ၂။ ၁၅)*

မရေရာသေးသောဘဝကိုရှာရင်း အစပျောက်နေပြီး အယောင်ဆောင် လှည့်ဖြားမှုနောက်သို့လိုက်နေသော ပါရီမြို့၊ ဂါရေစိန့်လာစရေဘူတာရုံကြီးထဲက ကျောင်းသားများနှင့်မတူဘဲ များပြားစွာသောသူတို့သည် စစ်မှန်ပြီး အဓိပ္ပာယ်ရှိသည့် ဘဝကို တွေ့သွားကြပါပြီ။ မကြာခင်က

ဒေါ်ရသီနှင့် ကျွန်တော်စစ်မှန်ပြီး အဓိပ္ပာယ်ရှိသည့် ဘဝကို ရရှိသွားပါပြီဆိုသော ယူဂန်ဒါပြည်သူပြည်သား တစ်ရာခန့်နှင့် တွေ့ခွင့် ရရှိခဲ့ပါသည်။ ယေရှုခရစ်၏တန်ဖိုးကြီးလှသောအသွေးတော်မှာ ယူဂန်ဒါပြည်သူပြည်သားများ တွေ့ရှိခဲ့သော နှလုံးသားကို သန့်စင်စေခြင်း၊ အသက်ဆက်ပေးခြင်းနှင့်မာရ်နတ်ကို တွန်းလှန်တိုက်ခိုက်နိုင်သည့် အစွမ်းပင်ဖြစ်သည်ဟူ၏။ သူတို့တွေအနေဖြင့် မှန်ကန်စွာထောက်ခံကြေညာနိုင်သည်မှာ သူတို့အတွက် အတိတ်ကအဖြစ် အပျက်များ မရှိတော့ဘဲ အသစ်များသာဖြစ်လာပါတော့သည်။

ကင်ညာနိုင်ငံ၊ ယူဂန်ဒါသံရုံးက ဖြစ်လာတော့မည့် အန္တရာယ်ကို သတိပေးခဲ့သော်လည်း ဘုရားသခင်အလိုတော်ရှိသည့်အတိုင်း ကျွန်ုပ်တို့ဇနီးမောင်နှံ ယူဂန်ဒါကို ခရီးထွက်လာခဲ့ကြပါသည်။ ဘုရားသခင်က ကျွန်တော်တို့နှင့် ယူဂန်ဒါသင်းအုပ်ဆရာများ၏ဆွေးနွေးပွဲကို ရက်ရှည်စေခဲ့ပါသည်။ နောက်မှ ကျွန်တော်တို့သိရသည်မှာ ကိုယ်တော်က အပြန်လေယာဉ်ခရီးကိုလည်း ကြိုတင်စီစဉ်ထားခဲ့ပါသည်။ (ထို့ကြောင့် ကျွန်တော်တို့ စီးခဲ့သောလေယာဉ်သည် အင်တဗေကို စစ်ဖက်က အာဏာထပ်ပြီး မသိမ်းခင် နောက်ဆုံးထွက်ခွာသည့် လေယာဉ်ဖြစ်ပါသည်။)

အင်တဗေလေဆိပ်ကို ရောက်သည်နှင့်တစ်ပြိုင်နက်တည်း သတိထားမိသည်မှာ တင်းမာမှုနှင့် စိုးရိမ်ကြောက်လန့်မှုများက လွှမ်းမိုးခြင်းပင်။ ရှုပ်ထွေးပြီး ဆူပူအော်ဟစ်နေသည်မှာလည်း ပြောမပြနိုင် လောက်အောင်ပင်။ ရှားရှားပါးပါး ထိုအရပ်က ကားတစ်စီးနှင့် ကျွန်တော်တို့ လေဆိပ်မှ ဗုံးဒဏ်ကြောင့်ချိုင့်များ၊ တွင်းများပြည့်နေသောလမ်းအတိုင်း မောင်းလာရာ မကြာမီလေးမှာပင် ရိုင်းစိုင်းလှသောစစ်သားတစ်စုက သေနတ်များနှင့်ချိန်ပြီး ကားကို တားပါတော့သည်။ သူတို့သည် အစိုးရ ဘက်တော်သားတွေလား၊ အစိုးရကိုတိုက်ခိုက်နေသူတွေလား၊ သို့တည်းမဟုတ် စစ်ဝတ်စုံဝတ်ထားသည့် လူဆိုးတွေလားဆိုသည်ကို မည်သူမျှ သိဟန်မတူ



ပါ။ အံ့ဩစရာကောင်းလောက်အောင်ကျွန်ုပ်တို့ကားမောင်းသူမှာ သူတို့လူမျိုးစုထဲကမှန်းသိသွားကြသည့်အတွက် မလွှတ်ချင် လွှတ်ချင်နှင့် သွားခွင့်ပြုလိုက်ပါတော့သည်။

ကျွန်တော်တို့ကို ခေါ်သွားခဲ့သည့်နေရာမှာ ကြောက်လန့်နေသည့် လူနေရပ်ကွက်အတွင်းမှ အလင်းရောင်မရှိ ညစ်ပတ်ပေရေနေသော အဆောက်အဦးကလေးတစ်ခုဆီသို့ဖြစ်ပါသည်။ သင်းအုပ်ဆရာများနှင့်သူတို့၏ဇနီးများ ရောက်လာကြသောအခါ ပတ်ဝန်းကျင်အနိဋ္ဌာရုံကို ကျွန်တော်တို့ မေ့သွားကြပါပြီ။ ထာဝရဘုရားသခင်ကိုယ်တော်တိုင်ပါရှိပြီး ကြီးမားတော်မူသောဘုန်းတန်ခိုးတော်နှင့် ကျွန်တော်တို့ အားလုံးကို ကျေးဇူးပြုလျက်ရှိပါသည်။ ဤကဲ့သို့ ယူဂန်ဒါမှ အစည်းအဝေးများသည် ကျွန်တော်တို့အတွက် အသက်ရှင်သောဘုရားသခင်နှင့်အတူရှိပြီး အစည်းအဝေးလုပ်ရသည်ဖြစ်၍ မမေ့နိုင်လောက်အောင်ပင် အမှတ်ရနေကြမည်ဖြစ်ပါသည်။

သင်းအုပ်ဆရာများနှင့် သူတို့၏ဇနီးများသည် တည်ငြိမ်စွာအာရုံစိုက်ကြရင်း မသက်မသာထိုင်ရသည့် ခုံတန်းလျားများပေါ်တွင် တစ်နေကုန်တစ်နေခန်းထိုင်ပြီး ကျွန်တော်နှင့် ဒေါ်ရသီတို့ ဘုရားသခင်၏မှန်ကန်သောစကားများကို သမ္မာကျမ်းစာဖတ်ပြီး ဝေငှကြခြင်းကို နားထောင်ခဲ့ကြပါသည်။ ကျွန်တော်သင်ပြနေချိန်မှာ ဒေါ်ရသီက သင်ပုန်းဟောင်းကြီးတစ်ခုပေါ်တွင် မှတ်သားစရာကောက်နှုတ်ချက်များကို ရေးပေးသည်ကို သူတို့ အမြတ်တနိုး စုဆောင်းသိမ်းဆည်းထားကြသည့် စာရွက်များပေါ်လိုက်လံရေးသားမှတ်ယူကြပါသည်။ ထိုအချိန်မှာပင် တခါးပေါက်ဆီမှ ဝရုန်းသုန်းကား ဆူညံသံကြားလိုက်ရပြီး အရက်မူးနေသော သေနတ်ကိုင်ကာကွယ်ရေးအဖွဲ့သားနှစ်ဦးအထဲဝင်ရန်ကြိုးစားရာ တစ်ဦးကို အဝတွင်ထိန်းသိမ်းနိုင်သော်လည်း ကျန်တစ်ဦးမှာ အခန်းတွင်းသို့ တိုးဝင်လာခဲ့ပြီး ဒေါ်ရသီ၏နှလုံးသားတည့်တည့်ကို သေနတ်နှင့် ချိန်ထားလိုက်ပါတော့

သည်။

ဒေါ်ရော်သီက "ကဲ. . . ကျွန်မတို့အားလုံး ဒီလူယေရှုကိုသိနိုင်ဖို့ ဆုတောင်းပေးကြရအောင်"လို့ တည်ငြိမ်စွာပြောလိုက်ပါသည်။

ထိုတစ်ခဏအချိန်ကလေးကို၊ ကျွန်တော့အနေဖြင့် တစ်ကမ္ဘာထင်နေစဉ်မှာပင်၊ စကားပြန်က ကျွန်တော့ဘက်လှည့်ပြီး "သေနတ်ကိုင် ဒီအမူးသမားက 'ဒီအမျိုးသမီးကြီးရဲ့ဘုရားကို ကျုပ်သိခြင်လိုက်တာ' လို့ပြောလိုက်တာ ကျွန်တော်ဖြင့် ယုံတောင်မယုံနိုင်ပါဘူး" ဟု တအံ့တသြပြောလာပါသည်။

စကားပြန်က ပြောနေချိန်တွင် ကျွန်ုပ်တစ်သက်တာ၌ မေ့မရနိုင်သည့် မြင်ကွင်းမှာ အရက်မူးနေသည့်သေနတ်ကိုင်သူသည် သေနတ်ပြောင်းကို အောက်နှိမ့်ချ၊ သူ့လက်ကသေနတ်ကို လွှတ်ချပြီး ဒူးညွတ်လိုက်သည်ကို မြင်လိုက်ရပါတော့သည်။ ဤမြင်ကွင်းမှာ ကောင်းကင်တမန်က သေနတ်ကိုင်အမူးသမားကို ဒူးညွတ်စေခဲ့သည်လား၊ အစည်းအဝေးအတွင်း ကျွန်ုပ်တို့နှင့်အတူရှိနေသော ဘုရားသခင်၏အံ့သြစရာ တန်ခိုးတော်ကြောင့်လား၊ သေနတ်ကိုင် အမူးသမားကိုယ်တိုင်ကြင်နာသနားစိတ်ဝင်လာပြီး သူ၏နှလုံးသားက စေခိုင်း၍ဒူးညွတ်လိုက်သလားဆိုသည်ကို ကျွန်ုပ်အနေဖြင့် မသိနိုင်ပါ။

တွေ့ဆုံဆွေးနွေးပွဲအစီအစဉ်ထဲတွင် မပါသော ဤအချက်ကို အခွင့်ကောင်းတစ်ခုအဖြစ်သိလိုက်သဖြင့် ဒေါ်ရသီက "ကျွန်မနဲ့လိုက်ပြီး ဒီဆုတောင်းချက်ကို လိုက်ဆိုဆုတောင်းပါ" ဟု ပြောပြီး သူ့ကိုယ်သူ ဘာလုပ်ရမှန်းမသိဖြစ်နေသည့် အမူးသမားကို တစ်ဆင့်ပြီး တစ်ဆင့် ဆုတောင်းချက်ဖြင့် လက်ဝါးကပ်တိုင်ခြေရင်း၊ အပြစ်သမားများကို အပြစ်မှလွှတ်ကယ်တင်သည့် ကယ်တင်ရှင်ထံကို ခေါ်သွားခဲ့ပါသည်၊ သူသည် စစ်မှန်သောဘဝကို ယေရှု၏အသွေးတော်မှတစ်ဆင့် တွေ့ရှိသွားခဲ့ပါပြီ။

အဘယ်ကြောင့် ယခုကျွန်တော် ဤအတွေ့အကြုံကို ဝေမျှနေပါ



သလဲ၊ အကြောင်းမှာ ဤမေ့မရနိုင်သော တွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် ဖြစ်ပေါ်လာမည့်အကြောင်း ကြောင့်ပင်ဖြစ်ပါသည်။

ကျွန်တော်တို့ လူစုလူဝေးထဲက လူအတော်များများသည် ကျူးကျော်ဝင်ရောက်လာခဲ့သော လက်နက်ကိုင် လူရမ်းကားကို ကြောက်လန့်သူရော၊ မုန်းတီးသူပါ ရှိနိုင်ပါလိမ့်မည်။ မကြာသေးမီက သူတို့၏အသက်ကို ခြိမ်းခြောက်ခံခဲ့ရသူများလည်း ဤအထဲတွင်ပါဝင်နေပါသည်။ တက်ရောက်လာသော တရားဟောဆရာတစ်ဦးမှာ ကာကွယ်ရေးအဖွဲ့ဝင်များက သူ့ကို အသေပစ်သတ်ရာတွင် ကံအားလျော်စွာ အသက်မသေသော်လည်း လက်ချောင်းကလေးများ ပြတ်ထွက်သွားရပါသည်။ ယနေ့တွင်မူ သခင်ယေရှုကို ရင်းနှီးပြီး ကိုယ်တိုင်မေတ္တာထားတတ်သူများဖြစ်ကြသဖြင့် ယေရှုကို ယနေ့မှ သိခွင့်ရသူကို ရင်းနှီးခင်မင်စွာ ပွေ့ဖက်နှုတ်ဆက်ခဲ့ကြပါသည်။

ထိုနောက် သူတို့သည် တူရိယာမပါဘဲသာယာနာ ပျော်ဖွယ်အာဖရိကန်သံစဉ်နှင့် သီချင်းဆိုကြပါတော့သည်။ ကျွန်ုပ်အနေနှင့် တအံ့တသြဖြစ်ခဲ့ရသည့် တေးစာသားများမှာ . . .

အို ယေရှု၏ အသွေးတော်၊
အို ယေရှု၏ အသွေးတော်၊
အို ယေရှု၏ အသွေးတော်၊
ကျွန်ုပ်၏ အပြစ်များကို ဆေးကြောပေးပါ၏။

အကယ်၍သာ ကမ္ဘာပေါ်မှ ခေါင်းဆောင်များ ထိုနေ့က ကျွန်ုပ်တို့နှင့် အတူတူရှိနေခဲ့ပါက ဘုရားသခင်၏တိုင်းရင်းသားအုပ်စု၊ လူမျိုးစု၊ နိုင်ငံပေါင်းစုံက ပဋိပက္ခများကို ဘုရားသခင်ဖြေရှင်းပုံကို အမှန်တကယ် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ကြရမည်ဖြစ်ပါသည်။

*လက်ဝါးကပ်တိုင်မှာသွန်းသော အသွေးတော်အားဖြင့် ရန်ကို*

*ငြိမ်းစေ၍၊ ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့စေခြင်းငှာဝင်း အလိုရှိတော်မူ၏။ (ကော ၁း၂၀). . အထက်က ဘုရားသခင်နှင့်ကွာ ရှင်း၍၊ ဆိုးညစ်သော အကျင့်ကို ကျင့်သဖြင့် စိတ်နှလုံး၌ ရန်သူဖြစ်သော သင်တို့ကို၊ ကိုယ်ခန္ဓာတော်၌ အသေခံတော်မူသောအားဖြင့်၊ ယခု မိဿဟာရဖွဲ့စေတော်မူ၏ (ကော ၁း၂၁)*။

မှန်ပါသည်၊ ဘုရားသခင်နှင့် မှန်ကန်သည့် ဆက်ဆံရေးရရှိပြီးသူများ အဖို့“. . . *အသွေးတော်အားဖြင့်. . . ထိုသခင်အားဖြင့်. . . အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင်. . . ငါတို့သည် ဘုရားသခင်နှင့် မိဿဟာရဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍မြော်လင့်စရာရှိ၏” (ရော ၅း၉-၁၀)*။



**<u>သုံးသပ်ရန်</u>**

၁။ သင့်အနေဖြင့် တန်ဖိုးရှိသည့် အသက်တာကိုတကယ်ပင် အလိုရှိပါသလား? ယေရှုက ထိုအရာနှင့်ပတ်သက်၍ပြောသည်မှာ၊ *ငါမူကား၊ သိုးတို့သည်အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှါ လာသတည်း” (ယော ၁၀၊ ၁၀)*။

၂။ ကျမ်းစာတွင် လူ၏ခန္ဓာကိုယ်အတွင်း မည်သည့် နေရာတွင် အသက်ကိုတွေ့နိုင်ပါသလဲ? (ဝတ် ၁၇း၁၁ တွင် ကြည့်ပါ)။

၃။ ယေရှုခရစ်တော်၏ တန်ဖိုးမဖြတ်နိုင်သော အသွေးတော်၏ ထာဝရအဓိပ္ပာယ်ရှိပုံကို ရှင်းပြပါ။

အသွေးတော်၏ဆေးကြောနိုင်သည့် တန်ခိုးကိုယုံကြည်ပါသလား?

အသွေးတော်၏အသက်ကိုပေးနိုင်သည့် တန်ခိုးကို ယုံကြည်ပါသလား?

အသွေးတော်၏ ကာကွယ်မှုပေးနိုင်သော တန်ခိုးကို ယုံကြည်ပါသလား?

သခင်ယေရှုက၊ *ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည်သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည် (ယော ၁၁း၂၅-၂၆)*။

*ပန်းချီဆရာရဲ့အပြစ်အနာအဆာကင်းတဲ့ ပန်းချီကားတစ်ချပ်၊ ကြည်လင်ရွှန်းမြတဲ့လူ့မျက်နှာ၊ ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ တောတောင်ရေမြေ**သဘာဝရှုခင်း –***

***ဒါတွေကို သောတအာရုံနဲ့ ခံစား၍မရနိုင်ပါ***

*ကျွအာရုံဖြင့်သာ ပြည့်ပြည့်ဝဝခံစားနိုင်ပါတယ်။*





## *ကျွန်တော့်အနေနဲ့ ဘုရားသခင်၏ မိသားစုဝင်တစ်ဦး ဘယ်လိုဖြစ်လာနိုင်ပါသလဲ*

၁၉၄၀ခုနှစ်ဦးပိုင်းတွင် မျက်စိခွဲစိတ်ကုသမှုနှင့် ပတ်သက်၍ အထူးတိုးတက်လာခဲ့ပါသည်။ ဤတိုးတက်မှုကြောင့် မျက်မမြင်တစ်ဦး၏ မျက်ကြည်လွှာကို သေဆုံးပြီးခါစလူတစ်ဦး၏(ရောဂါကင်းသော) မျက်ကြည်လွှာနှင့် အစားထိုးကုသပေးနိုင်ခဲ့ပါတယ်။ ဆရာကြီးစဲန်း(ဂ)စတားက ကျွန်တော်တို့ကို ပထမဦးဆုံးအောင်မြင်စွာ မျက်ကြည်လွှာ အစားထိုးကုသခံယူရရှိသူတစ်ဦးအကြောင်းကို ပြောပြပါသည်။

ဆရာကြီးစဲန်း(ဂ)စတားဟာ နေမထွက်မီ မိတ်ဆွေနှစ်ဦးနှင့် သာယာလှသောအင်္ဂလန်နိုင်ငံ၏ Surrey Downs သို့ ထွက်ခွာလာကြခဲ့ပါသည်။ တစ်ဦးသောသူက မွေးရာပါမျက်မမြင်အမျိုးသမီးတစ်ဦး၊ နောက်တစ်ဦးက မျက်မမြင်အမျိုးသမီးကို ခွဲစိတ်ကုသပေးခဲ့သည့် ဆရာဝန်တို့ဖြစ်ကြပါသည်။ မျက်စိခွဲစိတ်ပြီးနောက်တွင် လူနာ၏မျက်စိနှစ်လုံးကို ပတ်တီးအထပ်ထပ်ဖြင့် အလင်းရောင်ကို ကာကွယ်ပေးထားပါသည်။ နောက်တဖြည်းဖြည်းခွာ ချပေးလိုက်ပါသည်။ အမျိုးသမီးမှာ အလင်းရောင်ကိုအာရုံတွင် အနည်းငယ်ခံစားရရှိမိပြီး အလွန်စိတ်လှုပ်ရှားနေပါတော့သည်။ နေမထွက်မီအချိန်ကလေးတွင် စက္ခုအာရုံကို တစ်ခါမှမခံစားရသေးသည့် အမျိုးသမီး၏မျက်စိပေါ်က ကျန်ရှိနေသည့် ပတ်တီးများကို

ဖြုတ်ပေးလိုက်ပါတော့သည်။

ထိုနေ့က နေထွက်ချိန်တွင် အရှေ့ဖက်မိုးကုတ်စက်ဝိုင်းတစ်ခုလုံးကို ဖြာပြီးသွားသည့် အလင်းရောင်လောက် တင့်တယ်လှပကျက်သရေရှိတာ မရှိတော့ဟု ထင်ရပါသည်။ အရှေ့ဘက်တစ်ခွင်လုံးက မြင်ကွင်းသည် ဖြန့်ချထားသော ပန်းချီကျော်တစ်ဦး၏လက်ရာတစ်ခု ပမာမြင်တွေ့ရပြီး သဘာဝကသစ်ပင်သစ်ရွက်၊ အလင်းအမှောင်တို့နှင့် ရောပြီး တန်ဆာဆင်ထားသကဲ့သို့ဖြစ်နေပါတော့သည်။ နေတက်လာတာနှင့်အမျှ အရိပ်များလည်း ကြို့လာပြီး ကျေးငှက်များကလည်း နှင်းရည်ပက်ဖြန်းထားသည့် မြက်ခင်းစိမ်းစိမ်းပေါ်တွင် နေ့ဦးစာလိုက်ရှာ စားသောက်နေတာကိုလည်း မြင်တွေ့နိုင်ပါပြီ။ မြင်ကွင်းတစ်ခုလုံးက သူ့တစ်သက်တာတွင် ပထမဆုံးစက္ခုအာရုံကို ထိတွေ့ခံစားရသည့် အမျိုးသမီးတစ်ဦးအတွက် အဆန်းတကြယ်၊ လှပထူးဆန်းစွာ ပြင်ဆင်ပေးထားသလိုဖြစ်နေပါတော့သည်။ ဝမ်းသာလွန်းသဖြင့် သူမပါးပြင်ပေါ်တွင် မျက်ရည်များ ကျဆင်းလာကာ တအံ့တသြပြောလိုက်သည် "ရှင်တို့ ကျမကိုကြိုးစားပြီး ပြောခဲ့သလိုပါပဲ၊ ဒါပေမယ့် ကျမ ဘယ်လိုမှ ဒီလောက်အံ့သြစရာကောင်းလိမ့်မယ်လို့ မတွေးမိခဲ့ပါဘူး"တဲ့။ နောက်ပြီးသူမသည် မလှုပ်မယှက်ထိုင်နေပြီး ဘုရားသခင်ဖန်ဆင်းထားသော မြင်ကွင်းရှေ့မှာ ငေးငိုင်နေပါတော့သည်။

အနီရောင်ကို တစ်ခါမှမတွေ့ဘူးသူတစ်ယောက်ကို သင့်အနေဖြင့် မည်သို့ရှင်းပြနိုင်မည်နည်း၊ သို့တည်းမဟုတ် နေဝင်ချိန်၏ရှုမောဖွယ်ရာ မြင်ကွင်းကို စက္ခုအာရုံမခံစားနိုင်သူတစ်ဦး နားလည်ခံစားစေရန် သောတအာရုံက မည်သို့တတ်နိုင်မည်နည်း။ မဖြစ်နိုင်။ စက္ခုအာရုံ ကင်းမဲ့နေသူတစ်ဦးအဖို့ မြင်ကွင်းကို သောတအာရုံအားဖြင့် ခံစားတတ်ရန်ဆိုသည်မှာ မလွယ်လှသလို အဓိပ္ပာယ်လည်း မရှိ။ သဘာဝကို ပြည့်ပြည့်စုံစုံ မြင်နိုင်အောင် ချယ်မှုန်းထားသည့်ပန်းချီကားတစ်ခု၊ တောက်ပရွှန်းလက်ခြင်းနှင့်ပြည့်စုံသည့်လူ့မျက်နှာ၊ ရင်သပ်ရှုမောဖွယ်ကောင်းလှသည့်



သဘာဝရှုခင်းစသည်တို့ကို ဘယ်လိုနည်းနှင့်မျှ စုံလင်အောင် သောတအာရုံနှင့် မခံစားနိုင်ပါ၊ မျက်မြင်ခံစားမှုလိုပါသည်။

ဤအခက်အခဲမျိုးကို တွေ့နိုင်တာတစ်ခုမှာ ယုံကြည်သူတစ်ဦးက ဝိညာဉ်ရေးရာနှင့်ပတ်သက်သည့် ပြည့်စုံမှုကို မယုံကြည်သူတစ်ဦးအား ရှင်းလင်းပြောပြသည့်အခါမျိုးတွင်ဖြစ်ပါသည်။ တစ်ခါက အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ ဂိုင်းဆေးရုံ (Guy's Hospital)တွင် နောက်ဆုံးနှစ်ရောက်နေပြီဖြစ်သော ဆေးကျောင်းသားလေးတစ်ဦးကို ဘုရားသခင်၏ အံ့သြစရာမေတ္တာကို ကျိုးစားရှင်းပြရာတွင်၊ ထိုကျောင်းသားကသူ့အနေနှင့် သဘောပေါက် နားမလည်နိုင်ဟု ဆိုပါသည်။ ကျွန်တော်က သူအနေနှင့် သဘောပေါက်နားမလည်သည်ကို သံသယမရှိပါ၊ ကျွန်တော်လည်း တစ်ချိန်က မဲမှောင်နေသောအခန်းထတွင် နေနေရသူတစ်ဦးကဲ့သို့ ဝိညာဉ်ရေးရာတွင် အမှောင်ကျနေခဲ့ရပါသည်၊ "ဒါပေမယ့် အခု ကျွန်တော်က အမှောင်က ကင်းလွတ်ပြီး ဘုရားသခင်ရဲ့မေတ္တာအလင်းရောင်ရတဲ့အပြင်ဘက်မှာ ရောက်နေပါပြီ"ဟု ဒေးဗစ်ကို ပြောပြပါသည်။ ကျွန်တော်က"ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကို ဒေးဗစ်အနေနဲ့ နားလည်ဖို့ မင်းအနေနဲ့ အမှောင်ချထားတဲ့ အခန်းထဲကထွက်ပြီး ကိုယ်တော်ရဲ့ အလင်းရောင်ရှိရာကို လာရမယ်"ဟု ပြောသောအခါ၊ ဒေးဗစ်သည် ဒူးထောက်ပြီး ဘုရားသခင်ထံ မိမိ၏အပြစ်များကို ခွင့်လွှတ်ဖို့ရန်နှင့် သူ့အသက်တာအတွင်း ကိုယ်တော်အတူရှိနေဖို့ ပတ္ထနာပြုပါတော့သည်။ ဒေးဗစ်သည် ဒူးထောက်ရာက ထလာပြီး "ကျွန်တော့အနေနဲ့ ဒီလောက် အံ့သြစရာကောင်းလိမ့်မယ်လို့ မတွေးမိခဲ့ပါဘူး"ဟု ပြောခြင်းကို ကျွန်ုပ်အနေနှင့် မေ့ပျောက်နိုင်မည် မဟုတ်ပါ။

စက္ခုအာရုံဖြင့် ဘုရားသခင်၏ဖန်ဆင်းမှုကို ခံစားနိုင်ကြရသလို၊ ဝိညာဉ်အာရုံဖြင့် တန်ခိုးတော်၊ လူသားတို့အပေါ်ထားရှိသည့် ကိုယ်တော်၏မေတ္တာစသည်တို့ကို ခံစားရရှိခြင်းဖြင့် ဘုရားသခင်ကိုယ်တော်တိုင်ရှိ

မှုကိုသိစေပါသည်။

သခင်ယေရှု ကောင်းကင်ဘုံကို တက်ကြွသွားပြီးနောက် လောဒိကိမြို့သူမြို့သားများ၏ဝိညာဉ်ရေးရာနှင့်ပတ်သက်ပြီး တုန်လှုပ်ဖွယ်ရာအကြောင်းများကို တမန်တော်ရှင်ယောဟန်မှတစ်ဆင့် ဖော်ပြသည်မှာ *သင်ကလည်း. . . မျက်စိကန်းခြင်း. . . ကို မသိပါတကား၊(ဗျာ ၃း၁၇)*။ မျက်စိကန်းနေသူတစ်ဦးသည် မိမိ၏ဒုက္ခဆင်းရဲကို မသိနိုင်သည်ကို သင်တွေးကြည့်မိနိုင်ပါသလား။ လောဒိကိမြို့နေသူများ၏ ဝိညာဉ်ရေးရာတွင်ကန်းနေတာကို ထုတ်ဖော်ပြပြီးနောက် ကိုယ်တော်ပေးခဲ့သော ကုထုံးမှာ . . . *သင်၏မျက်စိမြင်စေခြင်းငှာ၊ မျက်စဉ်းခတ်လော့. . . (ဗျာ ၃း၁၈)*။ ဤကုထုံးသည် အလွန်အရေးပါအရာရောက်လှသည့် ကုထုံးတစ်ခုဖြစ်သည်။ ဝိညာဉ်ရေးရာအမြင်ကန်းနေခြင်းအတွက် လိုအပ်သည်မှာ ဝိညာဉ်ရေးရာခွဲစိတ်ကုသမှုဖြစ်ပါသည်။ ကုသမှုအပိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ဖြစ်ပါသည်။

သင့်အနေဖြင့် ဦးစွာပထမ အမိဝမ်းက မွေးဖွားခဲ့ခြင်းမှာ ကာယအမှုဖြစ်၏။ ထိုကာယအမှုမှာ ဝိညာဉ်ရေးရာအမြင်နှင့် နားလည်မှုမပါခဲ့ပါ။ သင့်အနေဖြင့် ဝိညာဉ်ရေးရာမျက်ကန်းဘဝမှ. . . *ဘုရားသခင်၏ဘုန်းတော်ကို သိသောဉာဏ်၏အရောင် (၂ကော ၄း၆)* ရနိုင်ဖို့မှာ သင့်အနေဖြင့် ဒုတိယအကြိမ်မွေးဖွားဖို့လိုပါသည်။ ယေရှုကနိကောဒင်ကို ဤသို့မိန့်တော်မူပါသည်။

> *ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ **ဒုတိယမွေးခြင်းကိုခံရမည်ဟု’** ငါဟောပြောသည်ကို အံ့သြခြင်းမရှိနှင့်(ယော ၃း၆-၇)*။. . . . .
> *ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရ. . . (ယော ၃၊ ၃)*



ထို့ကြောင့်သင့်အနေဖြင့် ဘုရားသခင်၏နိုင်ငံတော်ကိုမြင်ရစေရန် ဒုတိယမွေးခြင်းကို ခံယူရပါမည်။

ဘုရားသခင်က အခြားအခြားသောလူသားများနည်းတူ၊ မွေးကတည်းကပင် သင့်ဘဝအတွက် ပြင်ဆင်ပေးထားသော်လည်း ဝိညာဉ်ရေးရာတွင် ကင်းလွတ်နေသော အခြေအနေရှိနေပါသည်။ ဤသည်ကိုကျေနပ်လောက်အောင် ဖြည့်ဆည်းပေးဖို့ရန် သင်ကိုယ်တိုင်ခံယူတတ်ဖို့ရန်လိုပါသည်။ ဝိညာဉ်ရေးရာမကင်းကွာရအောင် သင်ကိုယ်တိုင်ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ကို မိမိအတွင်း၌ တည်နေစေဖို့ ကြိုးစားရပါမည်။ ကိုယ်တော်ကို သင့်ဘဝ၏ ကယ်တင်ရှင်အဖြစ်လက်ခံပြီးသည့်အခါတွင် ကိုယ်တော်၏ရည်ရွယ်ချက်နှင့် လိုအပ်ချက်အပြည့်ရှိသော အပြစ်သားတို့အတွက် အသေခံခဲ့ခြင်းဟူသော ကျေးဇူးကသင့်ဘဝတွင် တည်နေပါလိမ့်မည်။ ကိုယ်တော်သည် သင့်အပြစ်များကိုဆေးကြောဖို့အတွက်သာ အသေခံခဲ့ခြင်းမဟုတ်၊ ကိုယ်တော်အသေခံခဲ့ခြင်းဖြင့် သင့်နှလုံးသားထဲ၌ သန့်ရှင်းသောဝိညာဉ်တော် ထာဝစဉ်တည်နေဖို့ရန် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော် သင့်နှလုံးသားထဲမှာ တည်နေရန်အတွက် သင့်အပြစ်များကို ဦးစွာခွင့်လွှတ်ဖို့လိုပါသည်။

အာဖရိကနိုင်ငံတစ်နိုင်ငံက ယုံကြည်သူလူငယ်လေးတစ်ဦးနှင့် စကားလက်ဆုံကြစဉ် သတိထားမိသည်မှာ သူ့တိုင်းပြည်မှလူငယ်များနှင့် ခရစ်တော်၏သတင်းကောင်းကိုမျှဝေဖို့ စိတ်အားထက်သန်နေကြောင်းဖြစ်သည်။ လာမည့်အပတ်ထဲတွင် ကျွန်တော့်အနေနှင့် တရားဟောဆရာများကို ကျမ်းစာသင်တန်းပေးရန်ရှိသောကြောင့် ထိုလူငယ်ကလေးကို ဖိတ်ခေါ်လိုက်ပါသည်။ သင်တန်းပေးရမည့်အရပ်မှာ မိုင်ရာပေါင်းအတော်အလှမ်းဝေးသဖြင့် ထိုလူငယ်လေးနှင့် ကျွန်ုပ်တို့ တွေ့ဖို့ရန်လမ်းကြမ်းသော်လည်း ဘတ်(စ်)ကား စီးပြီးလာဖို့ အကြံပေးလိုက်ပါသည်။ ဝီလျံသည် ခရီးပန်းသော်လည်း ဘုရားသခင်နှင့် နှုတ်ကပတ်တော်

အကြောင်းကို ကြားရကာ ဝမ်းမြောက်လျက်ရှိပါတော့သည်။ ဝီလျံက ကျပ်ကျပ်တည်းတည်း တိုးဝှေ့စီးရသော ဘတ်(စ)ကားကို အပျော်လိုက်စီးခြင်း မဟုတ်ပါ။ ခရီးဆုံးတွင် ရမည့်အတွေ့အကြုံက အဓိကဖြစ်ပါသည်။

ထိုအတိုင်းပင် သခင်ယေရှုသိတော်မူသည်မှာ သင်နှင့် မိတ်သဟာယဖြစ်နိုင်ဖို့ရန် တစ်ခုတည်းသောနည်းလမ်းမှာ ကိုယ်တော်က သင့်နှလုံးသားကို အပြစ်တရားမှ ဆေးကြောရန်ဖြစ်ပါသည်။ သင့်အပြစ်များကို ခွင့်လွှတ်ရန်မှာ လိုအပ်ချက်တစ်ရပ်ဖြစ်သော်လည်း ခရစ်တော်၌ သင်အသက်တာသစ်နှင့် သင်၏စွမ်းရည်တို့ဖြင့် ဘုရားသည်နှင့် မိတ်သဟာယဖြစ်ရန်မှာ သင့်အတွက် ကိုယ်တော်အဖြစ်စေချင်ဆုံးသောဆန္ဒဖြစ်ပါသည်။ သင့်အနေနှင့် ထိုထက်လျော့နည်းပြီး ကျေနပ်နိုင်ပါသလား။ စင်စစ်ခရစ်တော်နှင့် စိတ်ရောကိုယ်ပါ ရင်းနှီးမှုရှိနိုင်ဖို့အတွက် သင့်ကို ဖန်ဆင်းခဲ့ခြင်းဖြစ်၏။

ခရစ်တော် သင့်နှလုံးသားအတွင်းမှာတည်ရှိနေခြင်းကိုသိမှုက ယခုအချိန်မှစပြီး သင့်အနေနှင့် ထာဝရအသက်ကိုရပြီဟု သိမှတ်ရန်ပင်ဖြစ်၏။ မိမိနှလုံးသားထဲမှာ ခရစ်တော်ရှိနေခြင်းဖြင့် ကိုယ်တော်၏အသက်တာသည် သင့်အသက်တာတွင်းသို့ ဝင်ရောက်ရှိနေပြီဖြစ်ပါတော့သည်။

> *သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၏၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကိုမရသောသူမူကား အသက်ကိုမရ။ (၁ယော ၅း၁၁-၁၂)*

ထို့ကြောင့်၊ ကျွန်ုပ်၏မိတ်ဆွေဒေးဗစ်သည် သခင်ခရစ်တော်ကို သူ့အပြစ်များမှ ခွင့်လွှတ်ဖို့ရန်နှင့် သူ့အသက်တာတွင် သူနှင့်အတူပါရှိဖို့ရန် လျှောက်ထားပြီးနောက်တွင် “ကျွန်တော့် အနေနဲ့ ဒီလောက်



အံ့သြစရာကောင်းလိမ့်မယ်လို့ မတွေးမိခဲ့ပါဘူး”ဟု ဆိုလေသည်။

## ဘယ်လိုပြုပြင်ပြောင်းလဲနိုင်ပါသလဲ

ပေတရုက ခရစ်တော်သေဆုံးရခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ဟောပြောရာတွင် ကြားရသူလူအပေါင်းတို့က ဘုရားသခင်သည် သူတို့ကို ကယ်တင်မည့် ကယ်တင်ရှင်မှာ မည်သူဆိုသည်ကို သိစေလိုသည်ဟု မှတ်သားမိကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က ထိုသူတို့ကို သိစေခဲ့သလို သင့်ကိုလည်း သိစေလိုပါသည်။ ပေထရုက ထိုသူအပေါင်းတို့ကို ခရစ်တော်ကိုယ်တော်သခင် (‘ထာဝရဘုရား’ ‘ကြွသရေလအမျိုး၏ဘုရားသခင်’) မေရှိယတည်းဟူသော ဘုရားသခင် ဖြစ်သည်ဟုပြောဆိုခဲ့ပါသည်။ ယခုကဲ့သို့ ယေရှုမည်သူဖြစ်သည်ဆိုတာကို နားလည်လာခြင်းက ယုံကြည်ခြင်းကို ပိုမိုခိုင်မာလာစေပြီး ကယ်တင်ခြင်းအမှု အမှန်တကယ် လိုအပ်နေပြီဖြစ်ကြောင်း သိလာကြပါပြီ။ ထိုသူတို့ ယခုလို နားလည်လာခြင်းဖြင့် အစကသူတို့အနေနှင့် ပစ်ပယ်ခြင်း၊ ဖာသိဖာသာပြုခဲ့ခြင်းစသည့် အမှုတို့ကို တုံ့ပြန်မှုပြုခြင်းအနေနှင့် သူတို့၏ စိတ်နှလုံးပူပန်မှုကိုပြပြီး မေးမြန်းကြသည်မှာ *ညီအစ်ကိုတို့၊ အဘယ်သို့ ပြုရပါမည်နည်း (တ ၂း၃၇)* ဟူသတည်း။

ပေတရု၏အဖြေမှာ ဦးစွာပထမ သူတို့အပြစ်များအတွက် နောင်တရကြရန် တိုက်တွန်း၏။ နောင်တမရဘဲ အမှန်တကယ် ယုံကြည်မှု မရှိနိုင်။ ဤသည်မှာ ‘ဟန်ဆောင်မှု’ သို့တည်းမဟုတ် ‘စိတ်ကူးယဉ်’မျှသာ ဖြစ်ပါလိမ့်မည်ဟု ဆိုပါသည်။ ယုံကြည်ချက်ကို ပြန်လည်တည်ဆောက်ခြင်း၌ လိုအပ်သည်မှာ မိမိ၏ယုံကြည်ချက်၊ ရပ်တည်ချက်တို့ကို ပြုပြင်ပြောင်းလဲဖို့ဖြစ်ပါသည်။

သင်အနေဖြင့် ယေရှုလက်ဝါးကပ်တိုင်ပေါ်တွင် သင့်အဖို့ အသက်

အသေခံသည့်အတွက် ရိုးသားစွာကျေးဇူးတော်ချီးမွမ်းခဲ့ခြင်းဖြင့်၊ ဘုရားသခင်အပေါ် သင်ထားရှိခဲ့သောသဘောထားရပ်တည်ချက်သည် အံ့ဩလောက်အောင် ပြောင်းလဲသွားခဲ့ပါပြီ။ ဤတွင် သန့်ရှင်းသောဝိညာဉ်တော်တော်က သင်၌ ဝိညာဉ်ရေးရာပြောင်းလဲမှုလိုအပ်လာသည့်အတိုင်း ဝိညာဉ်ရေးရာနှင့်ပတ်သက်သည့် ခွဲစိတ်မှုပြုလုပ်ခဲ့ခြင်းဖြင့် သင်၏စိတ်နှလုံးထဲမှ အရာဟူသမျှကို အမြင်တစ်မျိုးနှင့်မြင်လာပါသည်။ အမှန်မှာ စိတ်၏ပြောင်းလဲမှုရှိ၍သာ နောင်တရခြင်းဖြစ်သည်။ စစ်မှန်သော အသစ်တစ်ဖန် မွေးဖွားခွင့်ရသည့် အတွေ့အကြုံမှတစ်ဆင့် ဘုရားသခင်နှင့် အပြစ်ကို ခွဲခြားသိမြင်သော စိတ်နှလုံးရရှိပါလိမ့်မည်။

**ဘုရားသခင်နှင့်ပတ်သက်၍**– နောင်တရခြင်း (စိတ်ပြောင်းလဲခြင်းတစ်ရပ်) ဟူသည်မှာ ဘုရားသခင်နှင့်ပတ်သက်၍မမှန်သော အယူအဆတို့ကိုပစ်ပယ်ခြင်းဖြစ်ပါသည်။ အာဖရိကတိုက်မှ လူအများစုသည် ရှေးဟောင်းအယူဝါဒဖြစ်သည့် နတ်ကိုးကွယ်ခြင်းကို စွန့်ပစ်ပြီးနောက်၊ ယေရှုကိုခံယူကိုးကွယ်ရာတွင် တစ်ချိန်က သူတို့ကိုးကွယ်ခဲ့ကြသည့် နတ်ရုပ်တုစသည်တို့ကို ပေါ်ပေါ်ထင်ထင်ပင် မီးရှို့ဖျက်ဆီးပစ်ခဲ့ကြသည်မှာ ကျွန်ုပ်ကိုယ်တွေ့ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများထဲမှ အချို့သည် သမ္မာကျမ်းစာပါ စစ်မှန်သည့် ဘုရားသခင်ကို ခံယူကိုးကွယ်ခြင်းဖြင့် လူမှုရေးနှင့်ပတ်သက်ပြီး အပစ်ပယ်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း အသက်အန္တရာယ်ကိုပင် ရန်ရှာခံရခြင်းတို့ကို အကြီးအကျယ် တွန်းလှန်ပယ်ရှားခြင်း ပြုခဲ့ကြရပါသည်။ ယုံကြည်မှုကိုတည်ဆောက်ရာမှာ ယေရှုသာလျှင် ကယ်တင်ရှင်ဘုရားဖြစ်ကြောင်း ခိုင်မာသည့်ခံယူချက် ရှိဖို့လိုပါသည်။

**အပြစ်တရားနှင့် ပတ်သက်၍-** ယုံကြည်ခြင်းနှင့် သင်သည် ကယ်တင်ခြင်းအတွေ့အကြုံရခဲ့ပါက သင့်အပြစ်များအတွက် ဝမ်းနည်းကြေကွဲခြင်းနှင့် အရှက်ရခြင်းတို့ကို သင်သိမှတ်ပါလိမ့်မည်။ နောင်တ



ရလျှင် အပြစ်တရားနှင့် ပတ်သက်၍ မေ့ပျောက်ပစ်ဖို့ ကြိုးစားလိုခြင်း၊ ဆင်ခြေတက်ဖို့မကြိုးစားလိုခြင်းနှင့် မိမိ၏ဖြောင့်မတ်ခြင်းသည် မိမိကို ကယ်တင်နိုင်လိမ့်မည်ဟု မျှော်လင့်မထားလိုတော့ခြင်းတို့ကို ဖြစ်စေပါသည်။ သန့်ရှင်းသော ဘုရားသခင်၏ရှေ့တော်မှောက်တွင်မူ . . . *ပြုဘူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့် တူကြပါ၏ (ဟေရှာ ၆၄း၆)* ဖြစ်၏။ သင်ယေရှုကို လက်ခံလိုက်ပြီဆိုလျှင် သင့်ဘဝတွင် ကိုယ်တော်မလိုလားသော အပြုအမူ၊ အလုပ်အကိုင်၊ အရာဟူသမျှကို မပြုဘဲရှောင်လွှဲသွားဖို့ အားစိုက်ကြိုးစားတော့မည်ပင်။

စိတ်ကူးကြည့်ပါ၊ တပ်ကြပ်တစ်ယောက် ခွင့်ယူနေချိန်တွင် စာနှစ်စောင်ကို တစ်ချိန်တည်းမှာ ရသည်ဆိုပါစို့။ တစ်စောင်က သူ့မိတ်ဆွေ၏ မင်္ဂလာဆောင်ဖိတ်စာ၊ နောက်တစ်စောင်က တပ်မှူးထံက တာဝန်ထမ်းဆောင်ရန်သတင်းပို့ဖို့ ခေါ်စာ။ ဒီစာနှစ်စောင်၏ ကွဲပြားချက်က တစ်စောင်ကဖိတ်စာ၊ တစ်စောင်ကဆင့်ခေါ်စာ၊ ဖိတ်စာကို ယဉ်ယဉ်ကျေးကျေးနဲ့ မလာနိုင်ကြောင်း အဖြေပေးနိုင်ပါတယ်၊ ဆင့်ခေါ်စာကိုမူ လိုက်နာဖို့နှင့် သို့တည်းမဟုတ် မလိုက်နာဘဲ ငြင်းဆန်ခင်းဟူသော အဖြေနှစ်ခုအထဲမှ တစ်ခုခုပေးရမည်ဖြစ်သည်။

ဘုရားသခင်က သင့်ကို ချစ်ခြင်းမေတ္တာရှေ့ထားပြီး၊ အပြစ်တရားက သင့်ဘဝကို ဖျက်ဆီးနိုင်သည်မို့ ကိုယ်တော်က နောင်တရှိဖို့ကို မဖိတ်မကြားဘဲ ဆင့်ခေါ်ပြောကြားပါသည်။ ရှင်ပေါလု တက္ကသိုလ်မြို့တော်ဖြစ်သည့် ဂရိမြို့တော်တွင် ဒဿနိကဗေဒပညာရှင်များနှင့် မြို့သူမြို့သားများကို ဧဝံဂေလိတရားဟောပြောအပြီး နိဂုံးချုပ်ခဲ့ပုံမှာ "*ယခုမှာ ကိုယ့်အပြစ်ကို မြင်၍နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏" (တ ၁၇း၃၀)*။ 'ခပ်သိမ်းသောအရပ်၌ရှိသောလူအပေါင်းတို့' ဆိုရာတွင် သင်လည်း အပါအဝင်ဖြစ်ကြောင်းမှတ်ယူပါ။

ဘုရားသခင်နှင့်ပတ်သက်ပြီး မှားယွင်းသည့်ယူဆချက်များကို ရှင်းလင်းပြီးသောအခါ သင့်ကိုယ်ရေးနှင့်သက်ဆိုင်သည့် အပြစ်တရားကို ဖယ်ပြစ်ခဲ့သည်နှင့်အမျှ ယုံကြည်ချက်ဖြင့် ယေရှုကိုယ်တော်ကို ကယ်တင်ရှင်ဘုရားဟု ခေါ်ဆိုခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် သင့်နှလုံးသားထဲတွင် ကိန်းအောင်းပြီးဖြစ်ကာ "*သင်တို့သည် အလိုရှိစေခြင်းငှာ၄င်း၊ အကျင့်ကျင့်စေခြင်းငှါ၄င်း (ဖိ ၂၊ ၁၃)*"၊ ဘုရားသခင်အလိုရှိသည့် မှန်ကန်သောလုပ်ရပ်ကိုလုပ်ကိုင်ပြီးသားဖြစ်ခဲ့ပါပြီ။ ထို့ကြောင့် လိုလိုလားလားဖြင့် နောင်တရလိုမှု၊ မှန်ကန်သော အကျင့်ကိုကျင့်မှု၊ ယင်းနောက် ဘုရားသခင်အလိုကို စွမ်းဆောင်နိုင်ခြင်းတို့နှင့် ပြည့်စုံသူများကို ကတိပေးခဲ့ပါသည်။ သို့မှသာ သင့်ဘဝပြောင်းလဲမှုရနိုင်ပြီး ဘုရားသခင်က သိက္ခာတင်ထားခြင်းအဆင့်ကို ရပါလိမ့်မည်။

မိတ်ဆွေတစ်ဦးအနေနှင့် သင့်ကိုကျွန်ုပ်တိုက်တွန်းလိုသည်မှာ အချိန်မနှောင်းမီ သခင်ယေရှုကိုဆက်ကပ်ခံယူပါ။ ဆိပ်ငြိမ်သည့်နေရာတစ်နေရာတွင် ဒူးထောက်ပြီး ဘုရားသခင်ရှေ့မှာ ဆုတောင်းဝတ်ပြုပါ။ ကြက်တူရွေးကဲ့သို့ ရွတ်ဆိုခြင်းက သင့်အတွက် ဘာအကျိုးမှ ရနိုင်မည်မဟုတ်ပါ။ အရေးကြီးသည်မှာ ယေရှုအပေါ်ယုံကြည်မှုကို ပြနိုင်ဖို့ဖြစ်သည်။ *ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ (ယော၊ ၁၄း၆)* ဟု မိန့်တော်မူပါသည်။ ။

ယခုအခါမှာ သင့်သည် မျက်စိမှိတ်ပြီး စိတ်ရောအသည်းနှလုံးထဲကပါ လိုလိုလားလား ဆုတောင်းပတ္ထနာပြုပါ၊ သို့မဟုတ် ဖော်ပြပါ အကြံပြုထားသော ဆုတောင်းချက်ကို ကိုးကားပြီးတောင်းဆိုနိုင်ပါတယ်။



## ကျွန်ုပ်၏ဆုတောင်းချက်

**ဘုရားသခင်၊ ကျွန်တော်သည် ကိုယ်တော်ကို မသိနားမလည်ခဲ့ပါ၊ ကိုယ်တော်ကိုလည်း မချစ်ခဲ့ပါ။ ဒါပေမယ့် ကိုယ်တော်က ကျွန်တော်ကို သိရုံမက ချစ်ခဲ့ပါသည်။ ကျေးဇူးတင်ပါသည် အဘ။**

**ကျွန်တော်သည် အပြစ်သားမို့ ကယ်တင်မှုရယူရန် ဘာတစ်ခုမျှ မတတ်နိုင်ပါ။ ယခု ကျွန်တော်သည် စစ်မှန်သောယုံကြည်ချက်ဖြင့် သခင်ယေရှု၏ရှေ့မှောက်မှာအပြစ်များကို ခွင့်လွှတ်ပါရန် တောင်းခံပါသည် ကိုယ်တော်။ ကျွန်တော်သည် အပြစ်သားတစ်ယောက်ဖြစ်ပြီး ဤအပြစ်များအတွက်နောင်တရပါသည်။ အို သခင်ယေရှု ကိုယ်တော်၏သန့်စင်စေသော အသက်ရှင်စေနိုင်သော တန်ခိုးတော်များပါဝင်သည့်အသွေးတော်ကို ကျွန်တော့အတွက် သွန်းလောင်းပေးခဲ့သဖြင့် ကျေးဇူးကြီးမြတ်လှပါသည်။ ယုံကြည်ခြင်းအားဖြင့် ထိုတန်ဖိုးကြီးလှသည့် အသွေးတော်၏ကာကွယ်ခြင်းကို ကျွန်တော်ဝင်ရောက်ခိုလှုံပါပြီ။**

**ကျွန်တော့် စိတ်နှလုံးသားထဲကို ဝင်ရောက်ကိန်းအောင်းတော်မူပြီး ကျွန်တော်၏အသက်တာကို စိုးမိုးအုပ်ထိန်းတော်မူပါ။**

**ဤသို့ အသစ်တဖန်မွေးဖွားခြင်းမင်္ဂလာကို ခံစားရသည့်အတွက် ကျေးဇူးတော်ကြီးလှပါသည်အဘ။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်ကြောင့် ဘုရားသခင်၏ သားတော်ဖြစ်သည်ကိုသိရသည့် အခွင့်ထူးခံစားရခြင်းသည် မွန်မြတ်ပါသည်။ ကိုယ်တော်နဲ့အတူ အစဉ်အမြဲအသက်ရှင်ပါတော့မည်ဘုရား။**

*ကိုယ်တော်အား ယုံကြည်သူကို. . . [ကိုယ်တော်ကို အမှီပြုယုံကြည်သူသည်] ရှက်ကြောက်ခြင်း မရှိနိုင်ရာ . . (၁ပေ ၂း၆)*

ယခု သင်ဆုတောင်းပတ္ထနာပြုပြီးကြောင်းကို သူတို့ကို ပြောပြလိုက်ပါ။ မှတ်ထားရမည်မှာ ခရစ်တော် သင့်အသည်းနှလုံးတွင်း၌ ရှိနေပါသည်။ ဤအချက်ကြောင့် ကိုယ်တော့်အတွက် ပြောဆိုနေထိုင်ဖို့ သင်ခွန်အားရပါသည်။

*. . . သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှာ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှာ နှုတ်ဖြင့် ဝန်ခံရ၏။*

*(ယော ၁၀း၉-၁၀)*



**သုံးသပ်ရန်**

၁။ သင့်အနေနှင့် လက်ဆောင်ကောင်းတစ်ခု လက်ခံရတဲ့အခါမှာဝမ်းမြောက်ကျေးဇူးတင်ကြောင်း ဘယ်လို အကောင်းဆုံး ဖေါ်ပြနိုင်ပါသလဲ။
'ကျွန်တော်/ကျွန်မကို ပေးပါ'၊ 'ကျေးဇူးပါ' . . . ဒါပဲလား။

၂။ 'ယုံကြည်ခြင်း'သို့တည်းမဟုတ် 'ခံစားချက်'နှင့် သင်ဟာ ဘုရားသခင်၏သား/သမီးဖြစ်ကြောင်း လုံလောက်သည့် အာမခံချက်ရှိပြီဟု ယူဆပါသလား။
*ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ (ဧ၂း ၈)*

၃။ သခင်ခရစ်တော်အပေါ် ထားရှိသော သင့်ယုံကြည်မှုမှာ အောက်ဖော်ပြချက်တွေပါဝင်ပါသလား။
နောင်တရခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ကိုယ်တော့်အပေါ် အပြည့်အဝ အားကိုးမှုရှိခြင်း။

၄။ ယခုအခါ သင့်အနေနှင့် ဘုရားသခင်ကို သင့်အား ကယ်တင်ခဲ့သည့် အတွက်ကျေးဇူးတင်ပြီး သခင်ယေရှု သင့်အတွက် စွမ်းဆောင်ပေးမှုအတွက်သာ မဟုတ်ဘဲ ကိုယ်တော်သည် မည်သူဖြစ်သည်ကို သိ၍ချီးမွမ်းခြင်းလော။

ဘုရားသခင်သော်လည်းကောင်း၊ ခရစ်တော်သော်လည်းကောင်း မသိမမြင်ဘဲ
မည်သည့်အကြောင်း – မည်သည့်အခြေအနေ – အန္တရာယ် – စမ်းသပ်မှုမှ ကျွန်ုပ်အား
ကျရောက်ထိခိုက်နိုင်မည်မဟုတ်ပေ။ အကယ်၍
ကျွန်ုပ်အပေါ်ကျရောက်ထိခိုက်ခဲ့ပါကလည်း ကျွန်ုပ် လောလောဆယ်
နားမလည်နိုင်သည့် ကြီးမားသောရည်ရွယ်ချက်ရှိမည်ဖြစ်ပါလိမ့်မည်။ သို့သော်လည်း
ကျွန်ုပ်အဖို့ ထိပ်လန့်တုန်လှုပ်ခြင်းကိုလက်ခံမည်မဟုတ်ဘဲ ဘုရားသခင်ထံမှ
ကြီးမားသောအကြံအစည်ဖြင့် ကောင်းချီးမင်္ဂလာချပေးသည်ဟု ခံယူ၍
မည်သို့သောဝမ်းနည်းကြေကွဲမှုဖြစ်မည်မဟုတ်သကဲ့သို့
မည်သို့သောအန္တရာယ်ကိုလည်းအညှို့ခံမည်မဟုတ်သလို
မည်သည့်စမ်းသပ်မှုကိုလည်းအလိုမကျရှိမည်မဟုတ်ပါ – အဘယ့်ကြောင့်
ဆိုသော်ကျွန်ုပ်၏သခင်အလိုတော်ကျစေရန်အတွက် ဝမ်းမြောက်ဝမ်းသာရှိပါမည်။
ဤသည်ကား ယုံကြည်မှု၏အောင်မြင်ခြင်းတစ်ရပ်ဖြစ်ပါသည်။

***အယ်လင်ရက်ပါတ်(စ)***





# *နောက် ဘာလာဦးမလဲ*

ကယ်တင်ခြင်းသည်ကား လုံးဝအနှောင်အဖွဲ့မှ လွတ်ကင်းပါသည်။ မည်သူမျှစွမ်းအားစိုက်ထုတ်ရခြင်းမရှိဘဲ လက်ဝယ်ရရှိလာမည် ဖြစ်ပေသည်။ သခင်ယေရှုက လူသားတို့အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

သင်သာ စစ်မှန်သောစိတ်ဆန္ဒနှင့် အကြံပြုထားသောဆုတောင်းချက် (အလားတူဆုတောင်းချက်တစ်ခု) ဖြင့် ဆုတောင်းခဲ့လျှင် ခရစ်တော်အပေါ် ယုံကြည်ခြင်းကြောင့် သင်သည် ဘုရားသခင်၏စစ်မှန်သည့်ကလေးတစ်ဦး ဖြစ်လာပါလိမ့်မည်။

> *ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏သား ဖြစ်ရသော အခွင့်ကို ပေးတော်မူ၏ (ယော ၁း၁၂)*

သေချာတာသည်မှာ “နောက် ဘာလာဦးမှာလဲ” ဟု သင် မေးလာမည်ဖြစ်သည်။။။

ယေရှုကသေခြင်းတရားအား အောင်နိုင်ဖို့တာဝန်ကို ဖြည့်စွမ်းပြီး ကောင်းကင်ဘုံသို့ ပြန်လည်မတက်ကြွမီ မိမိ၏တပည့်များကို မိန့်ကြားသည်မှာ၊ *“ငါ၌တည်နေကြလော့။ ငါသည်လည်း သင်တို့၌ တည်နေမည်*

*(ယော ၁၅း၄)* ဖြစ်၏။ သခင်ယေရှုစကား၏အနှစ်သာရမှာ ခရစ်ယာန်တစ်ဦး၏အသက်တာတွင် ဘယ်နည်းဘယ်ပုံနေထိုင် ကျင့်ကြံရမည်ဟု ဆိုခြင်းပင်ဖြစ်၏။ ဘုရားသခင်အလိုတော်ရှိတော်မူသည်မှာ ယုံကြည်သူတိုင်းသည် သားတော်၌တည်နေရမည်ဖြစ်ပြီး၊ ကောင်းကင်ဘုံသို့ ရောက်ရှိသည့်တိုင် ဤအတိုင်း ကာကွယ်ထိန်းသိမ်းရမည်ဟု အဓိပ္ပာယ်ရပါသည်။ ပြန်လည်ရှင်ပြန်ထမြောက်တော်မူသည့် သခင်က ယုံကြည်သူတို့၌တည်နေသည်ကို သူတို့၏မိသားစု၊ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်အားလုံးလည်း သိလာစေရန်မှာ မိမိ၏နှလုံးသားတွင် ခရစ်တော်တည်နေခြင်းဖြင့်သာ သိသာစေနိုင်ပါသည်။

ပန်းပဲသမားသုံးသည့် မီးခဲကိုဆွပေးသော 'မီးဆွတံ'ကို မြင်ယောင်ကြည့်ပါ၊ မီးဆွတံသည် မီးတောက်မီးလျှံများ ကြွထနေသော မီးဖိုထဲတွင် ရှိနေပါသည်။ သေသေချာချာကြည့်ပါက မီးဆွတံကလည်း မီးကျီးခဲပမာ ရဲနေသည်ကို မြင်နိုင်ပါသည်။ ထို့ကြောင့် မီးဆွတံထဲတွင် မီးရှိနေသည်ဟုပြောလျှင် မမှားနိုင်ပါ။ ထိုကဲ့သို့ပင် ရေအိုးတစ်ခုထဲတွင် ပန်းကန်လုံးတစ်လုံးရှိနေပါက ထိုပန်းကန်လုံးထဲတွင် ရေရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။

သင်သည် ဒုတိယမွေးဖွားခွင့်ရခဲ့လျှင် သန့်ရှင်းသောဝိညာဉ်က ခရစ်တော် သင့်ကိုယ်တွင်း အမှန်တကယ်တည်ရှိနေရန် ဗတ္တိဇံခံယူပေးပါလိမ့်မည်။ သမ္မာကျမ်းစာ၌ သင့်ကို ကတိအာမခံချက်ပေးထားသည်မှာ၊ . . . *သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏ (ကော ၃း၃)*ဟု ဖော်ပြထား၏။ မှန်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သင့်အနေနှင့် ဒုတိယမွေးဖွားခွင့်ကို ရသည်ဖြစ်၍ ခရစ်တော် သင့်အထဲ၌ ရှိနေပါပြီ။ အံ့ဖွယ်ရာပင်၊ ဒုတိယမွေးဖွားခွင့်ရသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏ ဘုန်းအသရေအားဖြင့် သင့်အထဲ၌တည်နေသော ရှင်ပြန်ထမြောက်တော်မူသည့် ခရစ်တော်



အနေနှင့် ဘုန်းတော်ထွန်းတောက်လာပါတော့သည်။ ယခုအခါတွင် သင့်အနေနှင့် ဝမ်းမြောက်အားရဖြစ်ရန်မှာ. . . *ဘုန်းအသရေကို မြော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း (ကော ၁း၂၇)*။ မှန်ပါတယ်။ ဒုတိယမွေးဖွားသည့် သင့်ကိုယ်၌ ခရစ်တော်တည်နေပါပြီ။ အံ့သြစရာပင်။

သမ္မာကျမ်းစာပါ *"ငါသည် ခရစ်တော်၌တည်၍ ခရစ်တော်သည် ငါ၌တည်၏"* ဟူသော အနှောင်အဖွဲ့က လွတ်စေသော ' သစ္စာတည် - အမ္ဘာဝါကျ' ၏အကျိုးသက်ရောက်မှုကို ဆက်ပြီးစဉ်းစားကြပါစို့။

## ငါသည်ခရစ်တော်၌တည်၏

*ငါတို့ရှိသမျှသည်ဝိညာဉ်တော်တပါးတည်းအားဖြင့် တကိုယ်တည်းထံသို့ ဗတ္တိဇံကိုခံကြ၏။(၁ကော ၁၂း၁၃)*

*ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူ ရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံကြသည်ဟု သင်တို့မသိသလော။-ထိုကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့်၊ ထိုသခင်နှင့်အတူသင်္ဂြိုဟ်ခြင်းကို ခံကြ၏။*
*အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်းအသစ်သောအသက်၌ ကျင်လည်ရကြသတည်း။ (ရော ၆၊ ၃,၄)*

*အကြောင်းမူကား၊ သင်တို့သည် သေသောသူဖြစ်၍သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ (ကော ၃၊ ၃)*

လွန်ခဲ့သောနှစ်အတော်ကြာက သွေးကင်ဆာဝေဒနာသည် သူငယ်လေးတစ်ဦးနှင့် သိကျွမ်းဖူးပါသည်။ ထိုအချိန်တွင် ထိုကလေးမှာ ခုနစ်နှစ်သားအရွယ်သာရှိသေး၏။ သူကလေးသည် သုံးလတစ်ကြိမ် ဆရာဝန်ထံသွားပြီး ကျောရိုးထဲ ဆေးထိုးခံယူရပါသည်။ တစ်ခါသော် ဆရာဝန်က ဒယ်ရဲ(လ်) ကို တခြားကလေးတွေလို မငိုတာ ဘာ့ကြောင့်လဲ၊ မနာလို့လားဟု မေးပါသည်။။ 'အိုနာတာပေါ့လို့' သူကဖြေပါသည်။ နောက်ပြီး ဆက်ပြောသည်မှာ 'ဒါပေမယ့် ဆရာရယ် ဆရာနားလည်အောင် ပြောရရင် ဆေးထိုးအပ်က ကျွန်တော့ကျောရိုးကို မဝင်မီ ခရစ်တော်ရဲ့လက်ကိုဖြတ်ပြီးမှ လာတာမို့ပါ ဟူ၍ဖြစ်၏။ ဝမ်းသာစရာကောင်းသည်မှာ သင် အခုအခါ ခရစ်တော်၌တည်နေသဖြင့် ကိုယ်တော့်အနေနှင့် သင့်အသက်တာအတွင်းတွေ့ကြုံရသည့်အရာ အခက်အခဲဟူသမျှကို ပြည့်စုံလုံလောက်သော ဖြေရှင်းမှုများနှင့် မစခဲ့ပါသည်။ ဤသည်မှာ ယုံကြည်မှုကြောင့်ဖြစ်ပါသည်။

ယေရှုကို ယုံကြည်ခြင်းနှင့် လက်ခံခဲ့သလို မိမိအသက်တာအတွင်းရင်ဆိုင်ရသည့်အရာဟူသမျှကိုလည်း ဤနည်းအတိုင်း သခင်ယေရှုခရစ်အပေါ် ယုံကြည်ခြင်းနှင့် ပြည့်စုံလုံလောက်သည့် ဖြည့်ဆည်းမှုရပါသည်။ တစ်နည်းဆိုလျှင် လက်ဦးပထမလက်ခံထားသည့် ယုံကြည်ချက်ကပင် ဆက်လက်ပြီး ရပ်တည်ချက်ကို တံခါးဖွင့်ပေးလိုက်ပါတော့သည်။ *ထို့ကြောင့် သင်တို့သည် သခင်ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍ . . . ထိုသခင်၌ကျင်လည်ကြလော့ (ကော ၂း၆)။*

သင့်အနေဖြင့် ဒုတိယမွေးခြင်းကိုရသည်နှင့် ဘုရားသခင်က ယေရှု၏ဘဝကို တုပနိုင်မည်ဟု မမြော်လင့်ပါ။ သန်းပေါင်းများစွာသော ခရစ်ယာန်တို့သည် ယေရှုဘဝကိုတုဖို့ကြိုးစားကြပြီး အောင်မြင်မှု မရသည်ကို မချင့်မရဲဖြစ်ကြပါသည်။ သို့ရာတွင် ဘုရားသခင်က ခရစ်ယာန်အသက်တာအတွက် ကိုယ်တော်၏အံ့ဖွယ်ကောင်းသည့် ပံ့ပိုးမှုတစ်ရပ်



အကြောင်းကို ပြောသည်မှာ ကျွန်ုပ်တို့သည် ခရစ်တော်ထံ၌ သေခဲ့ပြီးပါပြီ၊ ခရစ်တော်ထံမှာ သေသည့်အတွက် ပညတ်တရားနှင့် ပတ်သက်သောလိုအပ်ချက်၊ သတ်မှတ်ချက်တို့ကလည်း ကျွန်ုပ်တို့အဖို့ ပျောက်ဆုံးသွားခဲ့ပါပြီ။ ထို့ကြောင့်၊ အတိတ်ကာလနှင့် အနာဂတ်ကာလတွင် မိမိဖာသာကြိုးစားမှုဖြင့် ပညတ်တရား၏လိုအပ်ချက်၊ သတ်မှတ်ချက်တို့ကို ရနိုင်ဖို့မလွယ်တော့ပါ။ မှန်ပါသည်၊ ကျွန်ုပ်တို့ဝိညာဉ်ရေးရာနှင့် သက်ဆိုင်သည့် တစ်သက်တာဖို့ မျှော်လင့်ချက်လည်း ကုန်ဆုံးသွားပါပြီ။ သို့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်ပင်၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်တော်မူသောသခင်ယေရှုခရစ်တော်၏ဘုန်းတော်ကြောင့် ပြည့်စုံလုံလောက်သည့် အကာအကွယ်ရှိသော အသက်ရှင်သန်မှုကို ရရှိခဲ့ပါပြီ။

ကျွန်ုပ်တို့အသက်တာတွင်ကြုံတွေ့ရတတ်သည့် လှည့်ဖြားသွေးဆောင်မှု၊ တွန်းအားပေးမှုစသည်တို့ကို မိမိဖာသာ ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ခက်ပါသည်။ လတ်တလော ယုံကြည်သူဖြစ်လာသူတစ်ယောက်အနေဖြင့် ဒုတိယမွေးခြင်းရပြီးသည့်အခါ ခရစ်ယာန်အသက်တာကို လျှောက်လှမ်းနိုင်ဖို့ တစ်ဦးတည်းတစ်ယောက်တည်း လွယ်မည်မဟုတ်။ ဤသည်နှင့်ပတ်သက်ပြီး သခင်ယေရှုရစ်တော် တိတိကျကျသတိပေးထားသည်မှာ *. . . ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ (ယော ၁၅း၅)*

စင်စစ် မိမိဖာသာကြိုးစားမှုနှင့်ပတ်သက်ပြီး ရှုံးသွပ်မှုတစ်ရပ်သာဖြစ်သည်ဟု တမန်တော်ပေါလုက ဂလာတိပြည်ရှိ ယုံကြည်သူတို့အား တုံးတိတိကြီး ပြောခဲ့ပါသည်။

ဘုရားသခင်၏ပညတ်တော်ဖြစ်သည့် ယုံကြည်ခြင်းဖြင့်သာ ခရစ်ယာန်အသက်တာကို လျှောက်လှမ်းဖို့ဆိုသည်မှာ သွေဖည်ခြင်းကို ပြင်ဖို့ ပေါလုက ဤသို့ပုစ္ဆာထုတ်ပြီးအဖြေကိုရှာခဲ့စေပါသည်။

*ပညတ်တရား၏အကျင့်အားဖြင့် ဝိညာဉ်တော်ကို ခံရကြသလော။ သို့မဟုတ် ယုံကြည်ခြင်းတရားကို ကြားနာခြင်းအားဖြင့် ခံရကြသလောဟူသော အရာတခုကိုသာ သင်တို့၌ ငါသိလို၏။ ဤမျှလောက်ပညာမဲ့ကြသလော။ ဝိညာဉ်တော်ကိုအမှီပြု၍ လုပ်စရှိပြီးမှ၊ ဇာတိကိုအမှီ ပြု၍ပြီးစေကြသလော။ (ဂလာ ၃း၂-၃)*

အမှန်ပင်၊ သူတို့သည် ခရစ်တော်၌ ဘဝအသစ်ကိုရရှိခဲ့ပါပြီ၊ သင့်အနေဖြင့် ယုံကြည်ခြင်းနှင့် ပြုလုပ်ခဲ့သလိုပင်ဖြစ်သည်။ သူတို့လည်း ထိုနည်းတူ ယုံကြည်ခြင်းအပေါ် မှီခိုသမှုပြုပြီး မျှော်လင့်မည်မှာ . . . *တယောက်သောသူတည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက် သာ၍စိုးစံရလတံ့ (ရော ၅း၁၇)။*

ဂလာတိပြည်တွင် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းနေရာ၌ မိမိကိုယ်ကို အားကိုးခြင်းက အစားထိုးလာသည်မှာ ကြေကွဲဖွယ်ဖြစ်ပါသည်။ သို့သော် သင့်အနေဖြင့် အသစ်ရရှိသောသခင်အပေါ် မှီခိုအားထားမည်ဆိုလျှင် ဂလာတိပြည်သားတို့ တွေ့ကြုံသော အတွေ့အကြုံမျိုးကို တွေ့ကြုံရမည် မဟုတ်သောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါ။

## ခရစ်တော်သည် ငါ၌တည်၏

*ငါသည်ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ **ခရစ်တော်သည် ငါ၌ရှင်တော်မူ၏**။*
*(ဂလ ၂း၂၀)။*
*ခရစ်တော်သည် သင်တို့အထဲ၌ ရှိတော်မူလျှင်၊ ကိုယ်ကာယသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း ဝိညာဉ်မူကား*



*ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်ရှိ၏။ ထိုမျှမက၊ ယေရှုကို သေခြင်းမှထမြောက်စေတော်မူသော ဘုရား၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ကျိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သော သင်တို့၏ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်။ (ရော ၈း၁၀၁၁)*

*တပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသောသူတို့သည် သိစေခြင်းငှာ၊ ဘုရားသခင်အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌ တည်တော်မူသောခရစ်တော်ပေတည်း။ (ကော ၁း၂၇)*

*ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည်သင်တို့၏စိတ်နှလုံးအထဲ၌ ကျိန်းဝပ်တော်မူမည့်အကြောင်း . . . (ဧ ၃း၁၇)*

ခရစ်တော်ကျိန်းဝပ်သည့်အသက်တာပေါ် သင်အားထား ယုံကြည်မှုကို သင့်အနေဖြင့်ဖော်ပြရန်၊ "သခင်ယေရှုကျေးဇူးကြီးလှပါပေတယ်၊ ကျွန်ုပ်မတတ်နိုင်ပေမယ့် ကိုယ်တော် မတတ်နိုင်တာမရှိပါဘူး၊ ကိုယ်တော်သာ ကျွန်ုပ်အထဲ၌ ကျွန်ုပ်မှတစ်ဆင့် တည်တော်မူဖို့ ကျွန်ုပ်တောင်းဆိုပါတယ်"။ စင်စစ်ခရစ်ယာန်အသက်တာ၌ အံ့ဖွယ်ကောင်းသည်မှာ ဘုရားသခင်က သင်အောင်မြင်မှုရဖို့ ခရစ်တော်ကိုတာဝန်ပေးခဲ့ခြင်းဖြစ်ပါသည်။ ယေရှုကသာ သင့်အသက်တာတွင်တွေ့ကြုံရမည့် ဘေးရန်အန္တရာယ်ကို

ဖယ်ရှားနိုင်သလို၊ အောင်မြင်မှုရစေဖို့ ကြိုးကြပ်ဆောင်ရွက်ပေးနိုင်မည်ပင်။ ယေရှုမပါဝင်ဘဲ သင်သည် 'ဓမ္မဆရာ'၊ 'တရားဟောဆရာ'၊ 'သာသနာပြုဆရာ' စသည်ဖြစ်နိုင်ပါသည်။ သို့သော်လည်း ခရစ်တော် သင့်နှလုံးသားထဲတွင် တည်တော်မမူဘဲ ခရစ်ယာန်ဖြစ်နိုင်ဖို့ မလွယ်ပါ။

ယေရှုတစ်ဦးတည်းသာ စစ်မှန်သောခရစ်ယာန်အသက်တာကို ရယူနိုင်ပါသည်။ ယခုအခါတွင် ကိုယ်တော့်ဝိညာဉ်သည် ထူးဆန်းအံ့ဖွယ်ရာကောင်းလောက်အောင် သင့်နှလုံးသားထဲတွင် ကျိန်းဝပ်တော် မူပါသည်။ ကိုယ်တော်သည် သင့်နှလုံးသားထဲမှနေပြီး သင်အနေနှင့် မလုပ်ဆောင်နိုင်သည်များကို သင့်အတွက် လုပ်ဆောင်ပေးနိုင်ပါပြီ။ မိမိကိုယ်မိမိ ဖြူစင်စေသူအနေနှင့် ကိုယ်ကျင့်တရားပျက်သည့် လောကတွင် ဖြူစင်သူဖြစ်သလို မိမိကိုယ်မိမိ အရှုံးမရှိအောင်ကြိုးစားတတ်သူအဖို့ ဖြားယောင်းလှည့်စားသည့် လောကထဲတွင် အောင်မြင်မှုကို ရရှိသူဖြစ်ပါတယ်။ ကိုယ်ကျိုးကြည့်သူများသည့် လောကကြီးတွင် မေတ္တာရှေ့ထားသူအနေနှင့် ချစ်မေတ္တာရရှိမည်ပင်။ အမှန်ပင် *ပြန်လည် ရှင်သန်သည့် ဘဝ* ကို ရသည်မှာ သင့်ခရစ်ယာန်ဘဝပါ။

ဘဝမှာကိုယ့်ကိုယ်ကို နှိမ့်ချပြီး သခင်ယေရှုအတွက်အကျိုးတော်ဆောင်ခြင်းဖြင့် ကိုယ်တော်က *ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှာ ကြွလာသတည်း (လု ၁၉၊ ၁၁)* မှာဖော်ပြသလို သင်ကလည်း ကိုယ်တော်ကို ယုံကြည်ခြင်းဖြင့် ကိုယ်တော်က သင်မှတစ်ဆင့် ပျောက်သောသူတို့ကိုရှာပြီး ကယ်တင်နိုင်ပါပြီ။ ယုံကြည်သူတို့အနေဖြင့် မိမိကတဆင့် ကိုယ်တော်က တခြားသူများကို ကယ်တင်နိုင်ပြီဆိုသည်ကို မြင်တွေ့လာသည်နှင့်အမျှ အသက်တာသည် အမှန်တကယ်ပင် ပျော်ရွှင်ဖွယ်အတိဖြစ်လာနိုင်ပါတော့သည်။

မှတ်သားထားရန်မှာ ယေရှု ကောင်းကင်ဘုံသို့ပြန်ကြွသွားသော်လည်း ကိုယ်တော်သည် သင့်ထံမှ ခွဲခွာမသွားသည်မှာ သေချာပါသည်။



ကိုယ်တော်ကောင်းကင်ဘုံသို့ မတက်ကြွမီ တပည့်တွေကို ဤသို့ မှာခဲ့ပါသည်။

> *ခဏကြာပြီးမှ လောကီသားတို့သည် ငါ့ကိုမမြင်ရကြ။ သင်တို့မူကား မြင်ရကြလိမ့်မည်။ ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်။* ***ငါသည် ခမည်းတော်၌ရှိသည်ကိုဎင်း၊ သင်တို့သည် ငါ၌ရှိသည်ကိုဎင်း၊ ထိုနေ့၌ သင်တို့သည် သိရကြလိမ့်မည်***(*ယော ၁၄း၁၉-၂၀*)။

သင်အနေနှင့် "ကျွန်ုပ်တို့ကိုခရစ်တော်မှတဆင့် ဘုရားသခင်ပေးတဲ့ အကူအညီအထောက်အမဟာ ဘဝအတွက်တကယ်ပဲ အသုံးကျပါ့မလား"ဟု မေးခွန်းထုတ်နိုင်ပါသည်။ ဤမေးခွန်းသည် တကယ်ကောင်းသည့်မေးခွန်းဖြစ်ပါသည်။ ဤသည်က မည်သည်ကို ဖော်ပြသနည်းဆိုလျှင် စိတ်ထဲနှလုံးထဲက ယုံကြည်မှုနှင့် မိမိ၏ယုံကြည်မှုကို စမ်းသပ်သည့်သဘောတို့၏နက်နဲသည့် ကွာဟချက်တို့ဖြစ်ပါသည်။ ဤမေးခွန်းက သင်တောင့်တသည့် လက်တွေ့လုပ်ဆောင်နိုင်မည့် ယုံကြည်ချက်ပေါ်တွင် မူတည်ပါသည်။ ရိုးရိုးစင်းစင်းအဖြေမှာ ခရစ်တော်၏ဘဝအောင်မြင်မှုကို ယုံကြည်သူတို့အနေနှင့်'ကျေးဇူးတော်ချီးမွမ်းခြင်း'ဖြင့် ခံစားဖော်ပြရန်ဖြစ်ပါသည်။ စစ်မှန်သည့်ယုံကြည်မှု၏ ထာဝရတုံ့ပြန်ချက်မှာ "ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်"ဖြစ်လေ၏။

ဥပမာပြရလျှင် မိမိ၏အပြစ်များကိုဆေးကြောပေးမှုအတွက် ခရစ်တော်ကို ယုံကြည်ပြီး အကောင်းဆုံးမှာ ကျေးဇူးတော် ချီးမွမ်းခြင်းပင်ဖြစ်ပါသည်။ သင်အလိုရှိသည့်အရာ အလိုရှိသည့်အခါတွင် အတိအကျဖြစ်စေသည့် ကိုယ်တော်၏ဖြည့်စွမ်းမှုကိုလည်း ကျေးဇူးတော်ချီးမွမ်းခြင်းပြုနိုင်ပါသည်။ *ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့*

*နိုင် (ဟေဗြဲ ၁၁း၆)*။ သင့်အနေနှင့် ဘုရားသခင်၏စိတ်တော်နှင့် တွေ့နိုင်ဖို့ လိုလားပါက အရာရာကို ဖြည့်ဆည်းနိုင်စွမ်းရှိသော သခင်ယေရှုကို သင့်ဘဝအသက်တာတွင် ယုံကြည်မှုအပြည့်နှင့်အစဉ်သဖြင့် ကျေးဇူးတင်ရှိဖို့လိုပါသည်။

ခရစ်ယာန်အများစုသည် သူတို့၏ယေရှုခရစ်တော်အပေါ် သစ္စာရှိမှုကြောင့် ဖိနှိပ်ချုပ်ချယ်ခံနေရစဉ် ပေတရုက စာဖြင့်ရေးသားပြီး အလေးအနက်တောင်းဆိုလိုက်သည်မှာ *. . . သင်တို့သည်ကောင်းသောတရားကို* ကျင့်သောသူဖြစ်လျှင် [သီးသန့်ထားစေခြင်း၊ ဘုန်းပွင့်စေခြင်း၊ နှလုံးသားအတွင်း အစဉ်သဖြင့် ဘုရားကိုတည်စေခြင်း] *စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို . . . (၁ပေ ၃း၁၃-၁၅)*။ ဤသမ္မာကျမ်းစာအရ ဘုရားသခင်က အများသိနေကြသည့် လျှို့ဝှက်ချက်ဖြစ်သော မိမိ၏ယုံကြည်ချက်ကြောင့် ဖိနှိပ်ချုပ်ချယ်ခြင်းခံရလျှင် မည်သို့ပြုမူ ဆောင်ရွက်ရမည်ကို မိန့်ဆိုထားခြင်းဖြစ်ပါသည်။ သင့်အသက်တာတွင် ယေရှုသည် ကိုယ်တော်သခင်ဖြစ်ပါစေ။

ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်အား **'**အဒိုနိုင်း**'(Adonai)** အမည်ဖြင့်ခေါ်သည်ကို သင်မှတ်မိပါလိမ့်မည်။ အဒိုနိုင်းဆိုသည်မှာ ကျွန်ုပ်၏အရှင်သခင်ဟု အဓိပ္ပာယ်ရပါသည်။ သည်မှတ်ယူချက်ဖြင့်ပင် ပေထရုက ယုံကြည်သူတို့အား ပြောဆိုဆုံးမရာတွင်၊ *စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့ဟု ပြောဆိုခြင်းဖြစ်ပါသည်*။

သခင်ယေရှုသည် သင့်အသက်တာတွင် အရှင်သခင်ဖြစ်ပါက ကိုယ်တော်နှင့် ထာဝရမိတ်သဟာယဖြစ်ရခြင်းကို ခံစားရပါလိမ့်မည်။ သို့မှသာ သင့်အနေဖြင့် အသက်တာ၏နေ့စဉ်ကြုံရမည့် လိုအပ်ချက်များ၊ အခွင့်အရေးနများအတွက် ကိုယ်တော့်အပေါ် အနှောင်အဖွဲ့မရှိ၊ စစ်မှန်သည့် ယုံကြည်ကိုးစားချက်ရှိလာမည်။ ဂျော့မက်(သ)ဆင် ရေးစပ်သီကုံးသည့် ဓမ္မတေးတွင် ဤသို့တွေ့ရပါသည်။



ကျွန်ုပ်ကို အကျဉ်းချထားပါဘုရား၊
ဒီအခါ ကျွန်ုပ်လွတ်မြောက်သူဖြစ်ပါမယ်။
ကျွန်ုပ်ကိုင်စွဲထားတဲ့ဓားလက်နက်ကိုစွန့်လွှတ်စေပါ
ဒီအခါကျွန်ုပ်အောင်မြင်သူဖြစ်ပါလိမ့်မယ်။

လွတ်လပ်မှုနှင့်ပတ်သက်ပြီး ရေပန်းစားနေသောအယူအဆတစ်ခု၏ကွဲလွဲချက်မှာ စစ်မှန်သည့် လွတ်လပ်မှုဆိုသည်မှာ မိမိလုပ်လိုသည်ကို လုပ်နိုင်ခြင်း မဟုတ်၊ လုပ်သင့်တာကို လုပ်နိုင်တာသာဖြစ်ပါသည်။ တမန်တော်ပေါလုက ဤသို့ပြောထားပါသည်။*ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏ (ဖိ ၄း၁၃)*။

မြောက်ပိုင်းအိုင်ယာလန်ပြည်၌ လွန်ခဲ့သော(၁၈၅၉)ခုနှစ် အတွင်း ခရစ်တော်အပေါ်စိတ်ဝင်စားမှု တိုးတက်လာစေတဲ့လှုပ်ရှားမှုကြောင့် ထောင်ပေါင်းများစွာသောလူတို့သည် ခရစ်တော်ရှေ့သို့ ရောက်ရှိလာကြပါသည်။ ပြောင်းလဲလာသူတို့ မိမိကိုယ်ရေးကိုယ်တာကိစ္စကို ဖွင့်ဟပြောဆိုကြရုံမက လေးနက်တည်ကြည်စွာ ခရစ်တော်အပေါ်လက်ခံမှုကို ဓမ္မတေး **'Committment of Faith'** ကို သီဆို၍ကတိကဝတ်ပြုကြပါသည်။ ထိုအချိန်အခါက၊ လူအများစုသည် ရှင်ပြန်ထမြောက်တော်မူသော ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဘဝသစ်ကိုရခြင်း အတွေ့အကြုံမှတဆင့် တိုင်းပြည်တစ်ဝန်း အကျင့်စာရိတ္တနှင့်ပတ်သက်၍သိသာသော ပြောင်းလဲမှုရရှိခဲ့ပါသည်။

ဖော်ပြပါစာတန်းကို လက်မှတ်ထိုးခြင်းဖြင့် ချီးကျူးထိုက်သောဂုဏ်ရမည်ဟု မဆိုလိုပါ။ သို့ရာတွင် ဤအချိန်အခါ၌ သင်၏ဘုရားသခင်အပေါ်ထားရှိသောသဘောထားကိုအတည်ပြု သက်သေခံရာ ရောက်ပါလိမ့်မည်။

*ထာဝရပဋိညာဉ်တရား၏ အသွေးတော်အားဖြင့်၊ သိုးများကို ထိန်းသောသိုးထိန်းကြီးဖြစ်သော ငါတို့သခင်ယေရှုကို သေခြင်းမှနှုတ်ဆောင်တော်မူသော၊ ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်သည်၊ မိမိနှစ်သက်တော်မူသော အမှုအရာကိုယေရှုခရစ်အားဖြင့် သင်တို့၌ ပြုတော်မူ၍၊ သင်တို့သည် အလိုတော်သို့လိုက်မည့်အကြောင်း၊ ကောင်းသောအကျင့်အမျိုးမျိုး၌ သင်တို့ကို ပြုပြင်တော်မူပါစေသော။ ထိုသခင်ယေရှုခရစ်သည် ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။*

*(ဟေဗြဲ ၁၃း၂၀-၂၁)*



# ကျွန်ုပ်၏ယုံကြည်ချက်ကို သက်သေခံခြင်း

**ကျွန်ုပ်သည် အဘဘုရားသခင်အား ကျွန်ုပ်၏ဘုရားအဖြစ်ခံယူပါမည်။**

*အသက်နှင့်ပြည့်စုံလျက်မှန်တော်မူသောဘုရားသခင်အမှုတော်ကို သင်တို့သည်ဆောင်ခြင်းငှာငင်း . . . ရုပ်တုဆင်းတုတို့ကိုပစ်ပယ်၍. .*

*(၁သက် ၁း၉၁၀)*

**ကျွန်ုပ်သည် ယေရှုခရစ်တော်အား ကျွန်ုပ်၏ ကယ်တင်ရှင်သခင်အဖြစ် ခံယူပါမည်။**

*နောင်တတရားနှင့် အပြစ်လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှာ၊ ထိုသူကိုအစိုးရသော အရှင်အရာ၌ငင်း၊ ကယ်တင်သော သခင်အရာ၌ငင်း၊ ဘုရားသခင်ခန့်ထား၍ မိမိလက်ျာလက်တော်နှင့် ချီးမြှင့်တော်မူပြီ။*

*(တမန်တော်ဝတ္ထု ၅း၃၁)*

**သန့်ရှင်းသောဝိညာဉ်ကိုခံယူခြင်းဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်အပေါ်သက်ရောက်စေပါမည်။**

*အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့အားပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့သွန်းလောင်းတော်မူ၏။*

*(ရောမသြဝါ ၅း၅)*

## ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်အတွက်စည်းမျဉ်းစည်းကမ်းဖြစ်စေပါမည်။

*ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊*
*ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို*
*ပြုစုခြင်းအလို့ငှာပြင်ဆင်သောသူဖြစ်မည့်အကြောင်း၊*
*ဩဝါဒပေးခြင်း၊အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊*
*တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏။*
*(တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၆၊၁၇)*

## ဘုရားသခင်၏လူအပေါင်းတို့အားကျွန်ုပ်၏လူများဟု ခံယူမည်၊

*ကိုယ်တော့အမျိုးသည် ကျွန်မ အမျိုး၊ ကိုယ်တော့ဘုရားသည်*
*ကျွန်မဘုရားဖြစ်ပါစေ။*
*(ရုသဝတ္ထု ၁း၁၆)*

## ကျွန်ုပ်ကို ကျွန်ုပ် သခင်ဘုရားအတွက် အပ်နှံထားသည်၊

*ငါတို့တွင် အဘယ်သူမျှကိုယ်အဘို့အလိုငှာ အသက်မရှင်။*
*အဘယ်သူမျှကိုယ်အဘို့ အလိုငှာမသေ။ အသက်ရှင်လျှင်၊*
*သခင်ဘုရားအဘို့အလိုငှာ ရှင်၏။ သေလျှင်လည်း၊ သခင်ဘုရားအဘို့*
*အလိုငှာသေ၏။ ထိုကြောင့် အသက်ရှင်သည်ဖြစ်စေ၊ သေသည် ဖြစ်စေ၊*
*သခင်ဘုရား ဆိုင်တော်မူ၏။*
*(ရောမဩဝါဒ ၁၄း၇၈)*

## နောက်၊ ကျွန်ုပ် တမင်ရည်ရွယ်ပြီး ပြုလုပ်ပါသည်၊

*အဘယ်သို့သော ဘုရားတို့အားဝတ်ပြုမည် အရာကို ယနေ့ရွေးကြလော့။*
*ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်။*
*(ယောရှုမှတ်စာ ၂၄၊ ၁၅)*



## နောက်၊ ကျွန်ုပ်၏အမှန်ရှိသောစိတ်ဆန္ဒ

*ဘုရားသခင်၏ကျေးဇူးတော်ကိုအမှီပြု၍ လျစ်လျူသောစိတ်နှင့်၎င်း၊*
*ဘုရားသခင်အလိုတော်ရှိသော ကြည်ဖြူခြင်းနှင့်၎င်း၊*
*ငါတို့သည်ဤလောက၌ကျင့်ကြံပြုမူ၍သင်တို့ဆီမှာလည်းထိုသို့အထူးသဖြင့်*
*ကျင့်ကြံပြုမူသည်ဟု ကိုယ်ကိုကိုယ် သိသောစိတ်သည်သက်သေခံသတည်း။*
*(ကောရိန္သုဩဝါဒစာဒုတိယစာစောင် ၁း၁၂)*

## နောက်၊ လွတ်လွတ်လပ်လပ်

*တန်ခိုးတော်ပြသောနေ့ရက်ကာလ၌၊ ကိုယ်တော်၏လူတို့သည်*
*သန့်ရှင်းသောတန်ဆာကိုဆင်လျက်၊ ကြည်ညိုသော စိတ်စေတနာရှိ၍ . . .*
*(ဆာလံကျမ်း ၁၁၀း၃)*

## နောက် အမြဲမပြတ်

*ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူကွာစေမည်နည်း။-*
*အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ်*
*အသေသတ်ခြင်းကို ခံရကြပါ၏။ သတ်ဘို့ရာ ထားသောသိုးငယ်ကဲ့သို့*
*အကျွန်ုပ်တို့ကို သူတပါးမှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်နှင့်အညီ၊*
*ဆင်းရဲငြိုငြင်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်*
*အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံရခြင်း၊*
*ကွပ်မျက်ခြင်းကိုခံရသော်လည်း၊ ထိုအမှုတို့တွင် အဘယ်အမှုတို့သည်*
*ခရစ်တော်ကိုချစ်ခြင်းမေတ္တာတော်နှင့်ငါတို့ကိုကွာစေမည်နည်း။*
*(ရောမဩဝါဒစာ ၈း၃၅)*

ထိုးမြဲလက်မှတ် ..................................................

နေ့စွဲ ............................................................